
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



စာမူခွင့်ပြုချက်အမှတ် ၇၀၀/၂၀၀၂ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၆၆၆/၂၀၀၂ (၈)
ထုတ်ဝေသူ ဒေါ်မိုးကေနိုင် (ရှိုးတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲ (၃)၊
မင်္ဂလာဒုံမြို့နယ်။
ပုံနှိပ်သူ ဦးမောင်မောင်လှိုင်၊ ကဝိရတနာအော့ဖ်စက်
၂၀၄၊ လမ်း ၃၀၊ ရန်ကုန်။
ပုံနှိပ်ထုတ်ဝေခြင်း ပထမအကြိမ်၊ ၂၀၀၂။ စက်တင်ဘာလ။
အုပ်ရေ ၅၀၀
တန်ဖိုး ၃၀ ကျပ်

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ အေးကောင်းကျွာ
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းကမ်းကိုက်ညီ အေးကောင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
မဖြစ်မနေကျရောက်သောတာဝန် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် [၄] ရပ်

- ★ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် [၄] ရပ်

- ★ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် [၄] ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ★ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# မမုန်းမိုး ...မမေ့မိုး

မောင်ညိုအေး (ပန်းတော)

www.burmeseclassic.com

www.burmeseclassic.com

မြတ်မိုးနှင့် ပွင့်ဦးခင်တို့၏ စေ့စပ်ခြင်းအခမ်းအနားသည် တနင်္ဂနွေနေ့၌ အောင်မြင်စွာ ပြီးစီးသွားခဲ့၏။ ညှော်ခံပွဲတစ်လျှောက်လုံး မြတ်မိုး၏ မျက်စိများသည် တစ်စုံတစ်ယောက်အား ရှာဖွေနေဖြစ်ခဲ့သည်။ အခမ်းအနား ပြီးဆုံးသွားသောအခါမှ မြတ်မိုးတစ်ယောက် သက်ပြင်းချနိုင်ခဲ့၏။

ကြိုတင်စီစဉ်ထားခြင်းကြောင့်ပင် တနင်္လာနေ့ထုတ် သတင်းစာနှစ်စောင်စလုံးတွင် မြတ်မိုးနှင့်ပွင့်ဦးခင်တို့၏ စေ့စပ်ကြောင်းလမ်းခြင်း ပါလာ၏။ မြတ်မိုးတစ်ယောက် အိပ်ရာမှ နိုးထစ, မှာပင် သတင်းစာနှစ်စောင်ကိုင်ပြီး ပွင့်ဦးခင် ရောက်လာ၏။

"အစောကြီးပါလား သမီးလေး၊ သားတော့ မျက်နှာသစ်



www.burmeseclassic.com

www.burmeseclassic.com



တုန်း ထင်တယ်"

ပွင့်ဦးခင်ကိုကြည့်ပြီး မြတ်မိုး မိခင်က အံ့ဩစကား ဆို၏။ ပွင့်ဦးခင်၏ အသွင်အပြင်က တက်ကြွနေသည်။

"သတင်းစာကို ဦးဦးဖျားဖျား ဖတ်စေချင်လို့လေ"

ပွင့်ဦးခင် ပြောလိုက်စဉ်မှာပင် ဧည့်ခံအတွင်းသို့ မြတ်မိုး ဝင်ရောက်လာသည်။ မြတ်မိုးထံမှာတော့ တက်ကြွရွှင်လန်းမှုများ ပျောက်ဆုံးနေ၏။ မြတ်မိုးကို ကြည့်ရင်း ပွင့်ဦးခင် ပြောလိုက်သည်။

"ကိုကို့ အိပ်ရေး မဝဘူးလားဟင်"

မြတ်မိုးမိခင်ကတော့ အလိုက်တသိပင် ရှောင်ထွက်ပေးသွားသည်။

"အိပ်ရေးဝပါတယ် ပွင့်ဦးခင်"

"ကိုကို့မျက်နှာ မလန်းပါဘူး"

တကယ်တော့ ပွင့်ဦးခင်သည် မြတ်မိုးထက် တစ်နှစ်စွန်းစွန်းလောက်ပဲ ငယ်သည်။ ပွင့်ဦးခင်ကိုကြည့်ရင်း မကွယ်အဝှက်ဘဲ မြတ်မိုး ပြောသည်။

"တောင်တောင်မြောက်မြောက်တွေ လျှောက်တွေးဖြစ်လို့လား မသိဘူး ပွင့်ဦးခင်၊ မနက်လင်းခါနီးမှ မမငြိမ်းကို အိပ်မက်မက်တယ်"

မြတ်မိုးစကားကြောင့်ပင် အခြေအနေအားလုံးကို ပွင့်ဦးခင်





နားလည်လိုက်၏။

"ကိုကို အစိုးရိမ်လွန်တာပါ၊ စေ့စပ်ပွဲကို ကစ်လဲလောက်ကြီးပြီး သတင်းလွှင့်ထားတာပဲ၊ သူ ဘယ်ရောက်လို့ ဘယ်ပေါက်နေလဲမှ မသိတာ၊ သူတစ်ခုခု လုပ်ချင်တယ်ဆိုရင် မနေ့ကပွဲကို လာဖျက်မှာပေါ့ ကိုကို"

"ကိုကိုတို့ လုပ်ကြတာက စေ့စပ်ပွဲလေ၊ မင်္ဂလာပွဲမှ မဟုတ်သေးဘဲ၊ မင်္ဂလာပွဲလုပ်လို့ မမငြိမ်း ပေါ်လာခဲ့ရင် ဘယ်လိုလုပ်ကြမလဲ"

ပွင့်ဦးခင်မျက်နှာ ကွက်ခနဲ ပျက်သွား၏။ ချက်ချင်းပင် ပြုံးရိပ်သန်းပြီး ပွင့်ဦးခင် ပြောသည်။

"ဒီအကြောင်းတွေကို မေ့ထားလိုက်ရအောင်၊ သတင်းစာ ဖတ်ဦး ကိုကို၊ သူများထက်ဦးအောင် ဖတ်စေချင်လို့ တကူးတက သွားဝယ်ခဲ့တာ၊ အိမ်ကို လာပို့တဲ့သူက နောက်ကျတတ်တယ် မဟုတ်လား"

"သတင်းစာတွေကို သေသေချာချာ ဖတ်ကြည့်ရဲ့လား၊ တော်ကြာ မမငြိမ်းရဲ့ သဘောထားတုံ့ပြန်မှု တစ်ခုခု ပါနေဦးမယ်"

မြတ်မိုး၏စိုးရိမ်ခြင်းတွေက အတော်လေးကို ရုပ်ပျက်ဆင်းပျက်နိုင်လွန်းလှသည်။

"မပါ,ပါဘူး ကိုကိုရဲ့၊ ငြိမ်းအေးမေဆိုတဲ့ အမျိုးသမီးက



www.burmeseclassic.com

www.burmeseclassic.com



ဒီလောကမှာ သက်ရှိထင်ရှားရှိချင်မှ ရှိနေတော့မှာ၊ ပြီးခဲ့တဲ့ နှစ်နှစ်လောက်တုန်းက နယ်စပ်မှာ ကုန်ကူးနေတယ်ဆိုတဲ့ သတင်းကြားပြီးကတည်းက ဘာသတင်းမှ ထပ်မကြားရတော့ဘူးလေ"

ငြိမ်းအေးမေ၏ စိတ်သဘာဝကို လူတကာထက် မြတ်မိုးပိုသိသည်။ ပျောက်ဆုံးနေရာမှ ဘွားခနဲ ပြန်ပေါ်လာတတ်သည်ပဲ။

အခုဆိုရင် မြတ်မိုးနှင့်ပွင့်ဦးခင်တို့ စေ့စပ်ပြီးကြပြီ။ နောက်သုံးလကြာရင် မင်္ဂလာပွဲကျင်းပဖို့ ရက်သတ်မှတ်ပြီးကြပြီ။

"ကိုကိုတို့အနေနဲ့တော့ အခုရက်ပိုင်း သတင်းစာတွေကို မပြတ်စောင့်ကြည့်မှဖြစ်မယ်၊ ကိုကိုတို့သတင်းကို ကြားပြီး မမငြိမ်းဘက်က တစ်ခုခု တုံ့ပြန်လာနိုင်တယ်၊ ဒီမနက် မက်ရတဲ့ အိပ်မက်ကလည်း မကောင်းဘူးလေ"

"ကိုကိုရယ် ဒီလောက်ထိ ကိုကို့စိတ်ထဲမှ အထိတ်တလန့်ဖြစ်နေတတ်လို့ ဒီမိန်းမ ဒုက္ခပေးခဲ့တာ၊ ကိုကို့အနားမှာ ပွင့်ဦးခင်ရဲရဲ ရပ်ပေးနေပြီပဲ၊ သူ ဘယ်လိုပဲ တုံ့ပြန်တုံ့ပြန်၊ ဘာတွေပဲလုပ်လုပ် ပွင့်ဦးခင် ဘာမှ ဂရုမစိုက်ဘူး၊ ကြောက်လည်း မကြောက်ဘူး၊ ကိုကိုလည်း သတ္တိရှိနေရမယ်"

ပွင့်ဦးခင်ကတော့ ရဲဝံ့သော စကားကို ဆိုသည်။

ပွင့်ဦးခင်၏ပခုံးကို ညင်သာစွာ ဖက်တွယ်ရင်းက မြတ်မိုးပြောလိုက်သည်။





"အခု ကိုကို စိုးရိမ်နေတာက ကိုကို တစ်ယောက်တည်းအတွက် မဟုတ်ဘူး၊ ပွင့်ဦးခင်အတွက် တွေးပြီး ပူပန်နေရတာ၊ တကယ်လို့ နှောင့်ယှက်လာရင် ကိုကို့အနားမှာ ပွင့်ဦးခင် မရှိတော့မှာကို စိုးရိမ်မိတာ"

မြတ်မိုးစကားကြောင့်ပင် အရာရာကို သတ္တိတွေ ဖြစ်သွား၏။

"ကိုကို့အနားမှာ သေတပန်သက်တဆုံး နေခွင့်ရမယ်ဆိုရင် ဘာမဆို ပေးဆပ်ရဲတယ်၊ ဘယ်အရေးကိစ္စမဆို ရင်ဆိုင်ဝံ့တယ်၊ ကိုကို့ကို ချစ်မိပြီ ဆိုကတည်းက အဲဒီသတ္တိတွေ ပွင့်ဦးခင်မှာ ရှိနေခဲ့တာ"

စိုးရိမ်ကြောင့်ကြမှုများကြောင့်ပင် ချစ်သူနှစ်ဦးသည် ပို၍အနေနီးခဲ့ကြပြီ။ မှန်းဆမရနိုင်သေးသော ကံကြမ္မာအတွက် ရင်ချင်းအပ်ထားဖို့ လိုသည်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



မိသားစုချင်း ဆွေးနွေးတိုင်ပင်နေကြစဉ်မှာပင် ကားရပ်သံကြားလိုက်ရ၏။

ပွင့်ဦးခင် ရောက်လာပြီဆိုတာကို မြတ်မိုးတို့တစ်တွေ သိလိုက်ကြသည်။

"ပွင့်ဦးခင်တော့ ရောက်လာပြီ သား၊ သားတို့လူငယ်ချင်းပဲ အဆင်ပြေအောင် ကြည့်ပြောလိုက်ပါ၊ အခုလောလောဆယ်မှာတော့ ဖေဖေတို့လည်း ဘာလုပ်ရမှန်း မပြောတတ်သေးဘူး"

"ပွင့်ဦးခင်ကိုရော၊ သူ့မိဘအသိုင်းအဝိုင်းကိုပါ အရှမ်းအားနာဖို့ ကောင်းနေပြီ"

ပွင့်ဦးခင်၏ အရိပ်အယောင်ကို မြင်သည်နှင့် မြတ်မိုး၏ မိဘများက ရှောင်ထွက်သွားကြ၏။

မြတ်မိုးကတော့ ဖြစ်လာမည့်အရေးကိစ္စတွေအတွက် လည်စင်းခံဖို့ အသင့်ရှိနေသည်။

"ကိုကို . . ."

ပွင့်ဦးခင်၏ နှုတ်ဆက်ခေါ်ဆိုမှုကြောင့် မြတ်မိုး ရင်တစ်ခုလုံး မြည်ဟီးသွားသည်။ သတင်းစာကို ကိုင်ရင်း မြတ်မိုး ပြောလိုက်၏။

"မငြိမ်း တို့ပြန်တာကို ဖတ်ခဲ့ပြီးပြီ မဟုတ်လား ပွင့်ဦးခင်"

"ဟုတ်တယ် ကိုကို၊ ဒါကြောင့်ပဲ ကိုကို့ဆီ အမြန်လာခဲ့တာ"





"ဒေါ်ဒေါ်တို့ရော သိပြီးကြပြီလား"

"သိရုံတင် မဟုတ်ဘူး ကိုကို၊ ဖုန်းဆက်ပြီး မေးကြမြန်းကြတာတွေကို ဒိုင်ခံဖြေနေရတယ်"

"ဒီအခြေအနေအတိုင်းဆိုရင်တော့ မင်္ဂလာပွဲ ပျက်အောင် မငြိမ်း ဖျက်လိမ့်မယ် ထင်တယ်"

"မေမေတို့ကလည်း ဒီသဘောပဲ ပြောနေကြတယ် ကိုကို"

"ကိုကိုတို့ ဝေးကြရလိမ့်မယ် ထင်တယ် ပွင့်ဦးခင်"

ဝမ်းနည်းစွာပင် မြတ်မိုး ညည်းတွားမိသည်။

ပွင့်ဦးခင်ကတော့ အကြောက်တရား မဲ့နေလေ၏။

"ဘာကြောင့် ဝေးရမှာလဲ ကိုကိုရယ်"

"သွေးပူနေတုန်းမို့ပါ၊ သွေးအေးသွားတဲ့အခါ ရိုက်ခတ်လာတဲ့ စကားသံတွေကို ပွင့်ဦးခင်ရော၊ ပွင့်ဦးခင်ရဲ့ မိဘတွေပါ ခံနိုင်ရည်ရှိကြမှာ မဟုတ်ပါဘူး၊ ကိုကို သိနေတယ်"

"ကျန်တဲ့လူတွေအကြောင်းကို မစဉ်းစားနဲ့လေ၊ အဓိကကျတာ ပွင့်ဦးခင်ပဲ၊ ဘယ်သူ့ကြောင့်ပဲဖြစ်ဖြစ် ပွင့်ဦးခင်ကတော့ ကိုကိုနဲ့ ဝေးလို့ မဖြစ်ဘူး"

"ပွင့်ဦးခင်ရယ်"

တကယ့်အရေးမှာ မျက်မြင်တွေ့လိုက်ရသော ချစ်ခြင်းတရားတွေကြောင့်ပင် ပွင့်ဦးခင်အပေါ် မြတ်မိုး ကရုဏာ ဖြစ်မိပြန်



www.burmeseclassic.com

www.burmeseclassic.com

ချစ်တဲ့မောင် (မြတ်မိုး)

မမငြိမ်း နဲ့မောင်တို့ လက်ထပ်လေါင်း သင်းခဲ့တာ
ဒီနေ့ဆို ...ခုနှစ်နှစ်ပြည့်ပြီမောင်။
ဘယ်အခြေအနေရောက်ရောက်...
ဘယ်ဘဝရောက်ရောက်...
မောင်ဟာ ...မမငြိမ်း အတွက်ပဲလို
အမြဲ...အောက်မေ့တယ်။

မောင်ရဲ့
မမငြိမ်း (ငြိမ်းအေးမေ)





သတင်းစာမှာ ဧ့စပ်ကြောင်းလမ်းခြင်းပါပြီး ငါးရက်မြောက်သောနေ့တွင် ငြိမ်းအေးမေ ထည့်လိုက်သော ခုနှစ်နှစ်မြောက် မင်္ဂလာစကား ပါလာခဲ့၏။

ငြိမ်းအေးမေကြောင့်ပင် မြတ်မိုးတို့ တစ်မိသားစုလုံး ဆောက်တည်ရာမရ ဖြစ်သွားကြ၏။

"ဘယ်လိုလုပ်ကြမလဲ ဖေဖေ၊ မမငြိမ်းကတော့ အနုနည်းနဲ့ ထိုးစစ်ဆင်နေပြီ"

"ဒီမိန်းကလေးက ဖေဖေတို့ မိသားစုကို ဘဝတစ်လျှောက်လုံး ဒုက္ခပေးဖို့ စိတ်ကူးရှိပုံ ရတယ်"

"ကျွန်မတို့တွေ သူနဲ့တွေ့ပြီး ဥပဒေအရ ပြတ်ပြတ်စဲစဲဖြစ်အောင် လုပ်ရင် မရနိုင်ဘူးလား"

မိဘများ၏ ချောက်ချားမှုကို ကြည့်ပြီး မြတ်မိုး အနေခက်ရ၏။

မြတ်မိုးနှလုံးသားကို ဒဏ်ရာဗလပွရအောင် လုပ်ခဲ့ရုံမက မြတ်မိုးဘဝကိုပါ မမငြိမ်းတစ်ယောက် ရန်ရှာထိပါးလေပြီ။

"မမငြိမ်းက သားတို့ကို အတွေ့ခံမှာ မဟုတ်သလို ကွာရှင်းပေးဖို့ကိစ္စကိုလည်း လက်ခံမှာ မဟုတ်ဘူး၊ သားကို ဓားစာခံထားပြီး သားတို့မိသားစုအပေါ် အနိုင်ရအောင် လုပ်ချင်တဲ့သဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



၏။

ထင်ထားသည်ထက်ပင် ပွင့်ဦးခင်၏မေတ္တာတရားက လေးနက်နေပြန်သည်။

"ဒီအချိန်မှာ ပွင့်ဦးခင် ဆုံးဖြတ်ရမှ ဖြစ်မယ်၊ ဒီလိုမှ မဆုံးဖြတ်ရင် ကိုကိုနဲ့ ဝေးရမှာ"

"ဘာကို ဘယ်လို ဆုံးဖြတ်ထားလို့လဲ ပွင့်ဦးခင်"

"ငြိမ်းအေးမေဆိုတဲ့ အမျိုးသမီးဟာ ကိုကို့ကို တကယ်ချစ်မြတ်နိုးတဲ့စိတ်နဲ့ ဒီအချိန်အထိ တန်းတန်းစွဲ ဖြစ်နေတာ ဆိုရင်တော့ နောက်ဆုတ်ပေးရတာ, ကိုကိုနဲ့ ဝေးရတာ သဘာဝကျတယ်လေ၊ တကယ်တော့ အဲဒီမိန်းမက ခုနစ်နှစ်လုံးလုံး ကိုကို့ကို ချစ်ခဲ့တာ၊ စွဲလမ်းခဲ့တာ မဟုတ်ဘူး၊ တမင်နှိပ်စက်ခဲ့တာ အငြိုးအတေးနဲ့ ကိုကို့ကို နယ်ရုပ်လေးတစ်ခုလို အသုံးချခဲ့တာဆိုရင် ငြိမ်းအေးမေဆိုတဲ့ မိန်းမ ဘယ်လောက်ပဲ နှောင့်ယှက်နှောင့်ယှက်၊ လူတွေက ဘယ်လိုပဲပြောပြော၊ နောက်ဆုံး ကိုကိုရယ် . . . မေမေတို့ သဘောမတူဘူးဆိုရင်တောင်မှ ကိုကို့နောက်ကို လိုက်ခဲ့ဖို့ ပွင့်ဦးခင် ဆုံးဖြတ်ထားတယ်"

ပွင့်ဦးခင်၏ စကားတွေက မြတ်မိုးရင်ကို တုန်လှုပ်နိုင်စွမ်း၏။

မြတ်မိုးအတွက်တော့ ငြိမ်းအေးမေနှင့် ပတ်သက်ပြီး





မေ့ပျောက်မရသော အတိတ်တွေ ရှိခဲ့၏။

အဲဒီ . . . အတိတ်တုန်းကတော့ တစ်စုံတစ်ရာသော အခြေအနေကြောင့် မြတ်မိုးနှင့် ငြိမ်းအေးမေတို့သည် အကြင်လင်မယား ဖြစ်ခဲ့ဖူးသည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (တစ်)

www.burmeseclassic.com

www.burmeseclassic.com

၁။

ဖေဖေနှင့်မေမေတို့၏ ဆွေဂုဏ်မျိုးဂုဏ်များကြောင့်ပင် သူ့ငယ်ဘဝများသည် မကြောင့်ကြစွာဖြင့် တောင့်တသမျှ ပြည့်ဝခဲ့လေ၏။ မေမေတို့ထက်စာရင်တော့ ဖေဖေတို့ဘက်က ပိုပြီး အသိုင်းအဝိုင်း ကြီးကြသည်။

မေမေတို့၏ ဆွေစဉ်မျိုးဆက်များမှာလည်း ရွှေမရှား ငွေမရှား ပြည့်ဝကြသူများပင် ဖြစ်၏။

စည်းစံနစ်ကြီးပြီး မဟာမျိုး မဟာနွယ် ဆန်ချင်သေးသော ဖေဖေ့မိဘများကိုတော့ သူ ခပ်ငယ်ငယ်က မီလိုက်သေး၏။

အင်ပါယာ ဆမေ

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကိုကိုမြတ်ကတော့ အဘိုးအဘွား၏ သဘော အတိုင်း မေမေနှင့်လက်ထပ်ဖြစ်ခဲ့၏။ သူ့ဦးလေးဖြစ်သူ ညီညီမြတ် ကတော့ မိဘများစကားကို ဖယ်ရှားပြီး အငြိမ့်မင်းသမီးနှင့် အကြောင်းပါခဲ့လေ၏။

ဦးလေးညီညီမြတ်တို့ လင်မယား အိမ်ပေါ်ပြန်ရောက်တော့ မေမေ့ကိုယ်ဝန်မှာ မွေးခါနီး ဖွားခါနီး ဖြစ်နေသည် . . ဟု ဆိုသည်။

သူမှတ်မိသည့် အချိန်မှာတော့ ချမ်းမြငြိမ်းခေါ် အန်တီချမ်း မှာ အငြိမ့်မင်းသမီးဘဝမှ သူ့ဝေယျာဝစ္စနှင့် အိမ်မှုကိစ္စများကို လုပ် ရသော အိမ်ဖော်ဘဝကို ရောက်ခဲ့သလို ဦးလေးညီညီမြတ်မှာလည်း ကားအက်ဆီးဒင့်တစ်ခုကြောင့် အောက်တစ်ပိုင်းသေသော ဒုက္ခိတ ဘဝကို ရောက်နေရှာ၏။

"မောင်မြတ်မိုး ဘာတွေ စဉ်းစားနေတာလဲ သား"

မဝေးတော့သော သကြံန်အရိပ်အငွေ့များနှင့်အတူ နွေ၏ ပူပြင်းမှုကို ငေးမောရင်း တောင်တောင်မြောက်မြောက်တွေကို သူ ထိုင်တွေးနေဖြစ်သည်။ သူတို့မိသားစုဘဝကို စဉ်းစားရင်း ဦးလေး ညီညီမြတ်နှင့် အန်တီချမ်းတို့အကြောင်း ပါလာရသည်။

"သားတို့အကြောင်းရော၊ အန်တီချမ်းတို့အကြောင်းရော ရှေးဟောင်းနှောင်းဖြစ်တွေကို စဉ်းစားနေတာ အန်တီချမ်း"

ဖရိုဖရဲနိုင်နေသည့်ကြားမှပင် အန်တီချမ်း၏ ကျက်သရေ





ရှိသော မျက်နှာလေးက စိတ်ကို ငြိမ်းချမ်းစေပြန်၏။

"သားက ဒီနှစ် ဆယ်တန်းအောင်ပြီးရင် တက္ကသိုလ် တက် ရမှာနော်၊ မောင်မြတ်မိုးက အောင်မှာပါ"

"စာမေးပွဲကိစ္စကို ခဏထားဦး အန်တီချမ်း၊ ငယ်ငယ်တုန်း ကဆို အန်တီချမ်းက သားကို အမြဲ က,ပြတယ်၊ သီချင်းတွေ ဆိုပြခဲ့ တာ၊ ကိုးတန်းဆယ်တန်းရောက်လာတာနဲ့ အန်တို့အကတွေ သီချင်း တွေနဲ့ ဝေးသွားလိုက်တာ"

အန်တီချမ်း၏ တစ်ကိုယ်တော် ကပြမှု၊ သီဆိုမှုက သူ့တစ် ယောက်တည်းအတွက် ဖြစ်သလို၊ အိမ်မှာ လူသူကင်းသော အချိန် မျိုးမှ အန်တီချမ်း ပြုလေ့ရှိတတ်သည်။

အဝေးသို့ ငေးရင်းကပင် အန်တီချမ်း ပြောလိုက်သည်။

"ဟိုးအချိန်တွေတုန်းကတော့ သား အငိုတိတ်အောင်၊ သား မပျင်းရလေအောင် အန်တီချမ်း ဆိုခဲ့ ကခဲ့ရတာ၊ အခုဆိုရင် သားလည်း ဆယ်တန်းစာမေးပွဲဖြေပြီးလို့ အသက်မငယ်တော့သလို၊ အန်တီချမ်းလည်း ကချင်ဆိုချင်တဲ့ စိတ်တွေ အရင်လောက် မရှိ တော့ဘူးကွယ်"

အရင်ကတော့ အန်တီချမ်းနှင့် အနေများပြီး သံယောဇဉ် ရှိတာပဲ သူ သိခဲ့သည်။ ဒီဘက်နှစ်များမှာတော့ အန်တီချမ်းဘက်ကို တွေးတောပြီး စာနာတတ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်က စကားနှင့် ပြောရလျှင် သူတို့မိသားစု အားလုံးက အန်တီချမ်းကိုမှ တမင်နှိမ်ထားသည်ဟု ဆိုရပေမည်။

"အန်တီချမ်းစကားက သားတို့အိမ်မှာ နေရထိုင်ရတာ မပျော်တော့ဘူးဆိုတဲ့ သဘောလား"

"ဒီလိုပြောရင် ဟုတ်လည်းဟုတ်တယ်၊ ဟုတ်လည်း မဟုတ်ဘူးလို့ ဆိုရမှာပဲ၊ ဒီကနေ ထွက်သွားချင်တယ်၊ ဒုက္ခိတ ယောက်ျားရယ်၊ ပြီးတော့ မောင်မြတ်မိုးရဲ့ သံယောဇဉ်တွေကြောင့် တဝဲလည်လည် ဖြစ်နေရတာဆိုရင် ပိုမှန်မယ်"

"မေမေတို့ ဖေဖေတို့နဲ့ ဒီပြင်လူတွေရဲ့ အပြုအမူကြောင့်တော့ သားနဲ့ ဦးလေးတို့ မသိဘဲ အန်တီချမ်း ထွက်မသွားပါနဲ့၊ အန်တီချမ်း မရှိရင် သားက အောက်မေ့ရုံပဲ အောက်မေ့မှာ၊ ဦးလေးက အန်တီချမ်း အနားမှာမရှိရင် သေသွားနိုင်တယ်"

"သားကို ငယ်ငယ်တုန်းက ကပြခဲ့ဖူးတဲ့ ခုနှစ်ထွေအကထဲကလိုပေါ့ သားရယ်၊ မျောက်က ကရင် မျောက်သဏ္ဍာန်တူအောင် ဇော်အကကျတော့လည်း ဇော်အကနဲ့တူအောင် ကရတယ်၊ ဘီလူးအကကျပြန်တော့လည်း ဒီနှယ်ပဲ၊ ဘဝဆိုတာ ခုနှစ်ထွေအက, ကရသလိုပါပဲ"

အငြိမ့်မင်းသမီး အန်တီချမ်းကတော့ ကျင်လည်ကြုံတွေ့နေရသော ဘဝကို ခုနှစ်ထွေအကနှင့် ခိုင်းနှိုင်းပြောဆိုနေ၏။





အန်တီချမ်းတစ်ယောက် စိတ်သက်သာလို သက်သာငြား ားလမ်းကြောင်း ပြောင်းလိုက်မိသည်။ သူ ရေးရေးသိခဲ့ဖူးသော ကြောင်းကို စပ်စုကြည့်လိုက်သည်။

"ဒါနဲ့ အန်တီချမ်းမှာ ဦးလေးနဲ့ မရခင်က သမီးတစ် ာက် ရှိခဲ့ဖူးတယ်ဆို၊ သူ အခု ဘယ်မှာလဲ အန်တီချမ်း"

ကောက်ခါငင်ခါ မေးလိုက်သောကြောင့် သူ့ကို အန်တီ မ်း အကဲခတ်သလို ကြည့်၏။

"နေပါဦး သားရဲ့၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး သားတစ်ခါမှ မေးအမြန်း မလုပ်ခဲ့ဖူးပါဘူး၊ အခုကျမှ ဘာဖြစ်လို့လဲ သား"

အန်တီချမ်း မေးမည်ဆိုလည်း မေးလောက်၏။ အန်တီ မ်းမှာ သမီးတစ်ယောက် ရှိသည် ဆိုတာကို သူ နားစွန်နားဖျား ားဖူး၏။ ဒီနေ့ ဒီအချိန်ကျမှ ဒီအကြောင်းကို မေးချင်စိတ် ဖြစ်မိ ည်။

"ဒီလိုလေ အန်တီချမ်း၊ အန်တီချမ်းက သားကို တကယ် ဆိုက်ခဲ့တယ်၊ သားလိုပဲ အန်တီချမ်းရဲ့သမီးကို ချစ်မှာ ဂရုစိုက်မှာပဲ ို့ တွေးမိလို့ပါ၊ သားအမြင်မှာတော့ အဲဒီ အန်တီချမ်းရဲ့သမီး အကြောင်းကို အန်တီချမ်း နှုတ်က ပြောတာ တစ်ခါမှ မကြားဖူးခဲ့ ို့လေ"

"သမီးလေးက မောင်မြတ်မိုးထက် ခုနစ်နှစ်လောက် ကြီး



www.burmeseclassic.com

www.burmeseclassic.com



မယ်လေ၊ အခုဆိုရင် သူ့အသက်က နှစ်ဆယ့်သုံးနှစ်ပြည့်ခါနီးနေ

"သူ့နာမည်က ဘယ်သူလဲ၊ သူ အခုဘယ်မှာနေလဲ အန်
ချမ်း"

အန်တီချမ်း၏ သမီးဆိုသော အသိကြောင့်ပင် သူ့ရင်
သိချင်စိတ်နဲ့ လောကြီးသွားပုံရသည်။

"သမီးနာမည်က ငြိမ်းအေးမေတဲ့၊ သူ အခု ရန်ကုန်ရော
နေတယ်လို့ ပြောတယ်၊ ဒါကြောင့် စောစောက သားက သ
အကြောင်းကို မမေးစဖူး မေးတော့ သွားတိုက်ဆိုင်နေတာ၊ ဒီမန
ဈေးသွားတော့ အသိတစ်ယောက်နဲ့ တွေ့တယ်၊ ငြိမ်းအေး
ရန်ကုန် ရောက်နေတယ်ဆိုတာကို အဲဒီအသိပြောလို့ သိရတာ"

အန်တီချမ်း စကားကြောင့်ပင် ရင်ထဲမှာ ခံစားသွားရသည

"သူ့ကို အန်တီချမ်း သွားမတွေ့ဘူးလား၊ ဦးလေးနောက်
လိုက်လာပြီးတည်းက သူနဲ့ရော တွေ့ဖြစ်ကြသေးလား"

"နှစ်ခါလောက်ပဲ တွေ့ဖြစ်တယ်၊ ဒါကလည်း ဟိုးအ
ပိုင်းကပါ"

မိုးကောင်းကင်အောက်မှာ အတူနေထိုင်ကြသော်လည
သားအမိချင်း ရှင်ကွဲ ကွဲနေရခြင်းမှာ စိတ်မကောင်းစရာပင်။

"သူ့လိပ်စာကိုရော၊ အန်တီချမ်း သိလား၊ သိရင် အန်
ချမ်း သွားတွေ့လိုက်ပေါ့"





"နေတဲ့နေရာတော့ မသိဘူး၊ အလုပ်လုပ်တဲ့နေရာတော့ သိတယ်၊ သမီးက စိတ်နာရင် စိတ်နာနေမှာ၊ ပြီးတော့ မောင်မြတ်မိုးရဲ့ မိဘတွေက ကြိုက်ချင်မှ ကြိုက်မှာ၊ မောင်မြတ်မိုး ဦးလေးကိုလည်း အသိမပေးချင်ဘူး"

အန်တီချမ်းစကားတွေကိုတော့ သူ နားလည်ပေးလို့ရသည်။ အန်တီချမ်း သမီးကို အန်တီချမ်း တွေ့ချင်ပေလိမ့်မည်။

သူ့အပေါ် တယုတယ ရှိခဲ့သော ကျေးဇူးများကို သူ ပြန်ဆပ်ချင်သည်။ သားအမိနှစ်ယောက် မျက်နှာချင်းဆိုင်ရဖို့ သူ ကူညီချင်သည်။

"အန်တီချမ်း တွေ့ချင်နေမှာပါ၊ ဒီကိစ္စကို သားအနေနဲ့ လုံးဝ အကူအညီပေးမယ်၊ ဘယ်သူမှလည်း မသိစေရဘူး၊ သားကို ယုံတယ် မဟုတ်လား"

"သားဆီက ဒီစကား ကြားရတာ အန်တီချမ်း ဝမ်းသာတာ အမှန်ပဲ၊ သမီးနဲ့တွေ့ဖို့ သား ကူညီမှဖြစ်မှာ၊ သားက အရင်သွားတွေ့ပြီး သမီးအခြေအနေကို ကြည့်မှဖြစ်မယ်၊ အန်တီချမ်းအပေါ် ဘယ်လို သဘောထားလဲ ဆိုတာလည်း သိချင်တယ်"

ပြောပြောဆိုဆိုနှင့် နေရာမှ အန်တီချမ်း ထသွား၏။

ခဏကြာတော့ အန်တီချမ်း ပြန်ရောက်လာ၏။

"ဒီမှာ သမီးငြိမ်းအေးမေရဲ့ ဓာတ်ပုံ၊ အသိကပဲ ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဓာတ်ပုံနောက်မှာ လိပ်စာပါတယ် သား"

အန်တီချမ်း ပေးသော ဓာတ်ပုံကို သူ ယူကြည့်သည်။

အမေတူသမီးဟုတော့ ပြောလို့ရသည်။ အန်တီချမ်း၏ မျက်လုံးမျက်ခုံးအားလုံး ငြိမ်းအေးမေမှာ ရှိနေ၏။ လှပတင့်တယ်သော ကောင်းခြင်းများကိုလည်း အမွေဆက်ခံထားသူ ဖြစ်၏။

## ၂။

အန်တီချမ်း၏သမီးနှင့် သွားရောက်တွေ့ဆုံဖို့ကိစ္စမှာတော့ သူ့သူငယ်ချင်းများ ဖြစ်ကြသော စည်သူနှင့် မင်းမင်းအောင်တို့ကို အကူအညီတောင်းရတော့၏။ ကာရာအိုကေခန်းမတွေနှင့် ပတ်သက်ပြီး စည်သူတို့ ပြောပြောနေသံတွေကို သူ အမြဲကြားဖူးသည်။ တစ်ကြိမ်တစ်ခါမျှတော့ သူ ရောက်ဖူးခြင်း မရှိပေ။ အန်တီချမ်းနှင့် စကားပြောပြီး နောက်နေ့ညနေ လေးနာရီမှာပင် စည်သူတို့ရှိရာသို့ သူ ရောက်သွားခဲ့သည်။

"ဘယ်ကနေ ဘယ်လို မျက်စိလည်လာတာလဲ မြတ်နိုး"



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲပြီးကတည်းက စည်သူတို့နှင့် မတွေ့ဖြစ်ပေ၊ လမ်း ကြုံလို့ ဝင်လာတာပဲ . . . ဟု စည်သူတို့ ထင်ကြသည်။

"မင်းတို့နှစ်ယောက်စလုံးကို တစ်နေရာတည်းမှာ တွေ့မှ တွေ့ပါ့မလားလို့ စိတ်ပူလိုက်ရတာ"

သူ့စကားကို ဆုံးအောင် နားထောင်ပြီးမှ မင်းမင်းအောင် ပြောသည်။

"တို့နှစ်ယောက်က အမြဲမခွဲဘဲ ရှိနေတာ၊ တစ်ခါတလေ အတူတူတောင် အိပ်ကြတာ၊ မင်းကသာ အိမ်တွင်းပုန်းလုပ်နေပြီး ငါတို့နဲ့ အဆက်အသွယ် မလုပ်တာ"

"ငါ ဖုန်းဆက်ပါတယ် မင်းမင်းအောင်ရာ၊ မင်းတို့က အိမ် မှာ မရှိတာက များနေတာကိုး"

"အိမ်ဆိုတာက ငါတို့အတွက်တော့ ခဏတစ်ဖြုတ်ပဲ နေလို့ ကောင်းတဲ့နေရာ၊ ဆယ်တန်းပြီးပြီဆိုတော့ အိမ်က လူတွေကလည်း လွတ်လပ်ခွင့် ပေးထားတယ်"

ဆယ်တန်းမဖြေခင်ကတည်းက ဒီလိုပဲ နေလာထိုင်လာတာ ကို သူ သိထား၏။ ဆရာများကတော့ သူ့ကို ယုံသူငယ်လို ကြည့် နေကြ၏။

"ငါလည်း အိမ်မှာ အောင်းတာကြာတော့ ပျင်းလာတယ်ကွ မင်းတို့နဲ့ လည်ချင်ပတ်ချင်လို့"





"မဖြစ်ဘူး ထင်တယ်နော် မြတ်မိုး၊ မင်းက စာပဲ ကြိုးစားတဲ့ ကောင်၊ ငါတို့အကျင့်တွေအတိုင်း မင်း လိုက်လုပ်ရင် မင်း ပျက်မယ်၊ င်းအိမ်ကသိရင် ပြဿနာ ဖြစ်ဦးမယ်"

"ဖေဖေရော မေမေရော အိမ်မှာ မရှိကြဘူး၊ မိုးကုတ်ဘက် က်သွားကြတယ်၊ မင်းတို့စကားနဲ့ပြောရင် ဒီရက်တွေမှာ ငါ တ်လပ်ခွင့် ရနေတယ်ကွ"

တကယ်လည်း အိမ်မှာ ဖေဖေတို့ ရှိမနေ။ စည်သူတို့နှင့် ကြောင်းသင့်အောင်တော့ ပေါင်းရသင်းရသည်။

"ဒီနေ့အဖို့ ငါတို့လည်တာ နားသွားပြီ၊ အခုအချိန် အပုပ် န်ရောက်နေပြီ၊ လာလည်း ဖုန်းကြိုဆက်ပြီး စောစောလာခဲ့ပေါ့ကွာ"

"အပုပ်ချိန်မှာ မင်းတို့ သွားမယ့်နေရာ ရှိပါတယ်ကွာ၊ အဲဒီ ငါ လိုက်ခဲ့ချင်တယ်"

သူ ပြောလိုက်သော စကားကြောင့်ပင် စည်သူနှင့်မင်းမင်း အောင်တို့ မျက်လုံးပြူးသွားကြသည်။

"ဟော့ကောင် မြတ်မိုး . . . မင်း နောက်ပြီး လာပြောနေတာ တော့ မဟုတ်ပါဘူးနော်"

"အတည်ပြောတာပါကွ၊ ငါ သိချင်းလေး ဘာလေးဆိုကြည့် ချင်လို့၊ သောက်တော့ မသောက်ဘူး၊ သောက်တာ စားတာ မင်းတို့ င်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



စည်သူတို့ ပြောပြထားသော စကားများကြောင့် သီချင်းဆိုခန်းနှင့် ပတ်သက်ပြီး သူ နားရည်ဝထားသည်။

"ကဲ . . . ဘယ်လိုလုပ်ကြမလဲ မင်းမင်းအောင်"

သူ့စကားကို အတည်ယူပြီးသော်လည်း စည်သူတို့နှစ်ယောက် တွေဝေနေဆဲပင် ရှိနေသေး၏။

"အေးကွာ . . . မင်းကတော့ သေမယ့်နှစ်မှ စစ်ထဲ လိုက်သလို ဖြစ်နေပြီ၊ ငါတို့လက်ထဲမှာ ပိုက်ဆံပြတ်နေလို့ ဘားကိုပဲ သွားဖို့ စီစဉ်နေကြတာ၊ အေးလေ မင်းသွားချင်မှတော့ ပါရမီ ဖြည့်ရမှာပေါ့၊ ဒီလိုလုပ် စည်သူ . . . မင်းနဲ့ မြတ်မိုး ဒီမှာ ခဏစောင့် ငါ အိမ်ပြန်ပြီး ပိုက်ဆံရအောင် တောင်းကြည့်ဦးမယ်"

သူသွားချင်သည့် နေရာသို့ သွားဖို့အတွက် မင်းမင်းအောင်တို့ ခြေတွန့်နေမှုကို ချက်ချင်းရိပ်စားမိလိုက်သည်။

နာရီကို ကြည့်ရင်းကပင် သူ ပြောလိုက်၏။

"အခု လေးနာရီ ခွဲပြီးပြီ၊ ဟိုရောက်ရင်တော့ ငါးနာရီထိုးမှာပဲ၊ မင်းအိမ်ပြန်ပြီး ပိုက်ဆံ မတောင်းနဲ့ မင်းမင်းအောင်၊ ဒီနေ့ ကုန်ကျစရိတ်ကို ငါကပဲ ဒကာခံမယ်၊ တကယ်လို့ စောနေသေးတယ်ဆိုရင်တော့ တစ်နေရာရာမှာ ထိုင်ကြတာပေါ့"

"စောတယ်လို့တော့ မဟုတ်ဘူး၊ ဒါပေမယ့် ခြောက်နာရီလောက်မှာ လူစုံကြမှာ၊ စောစောသွားတော့ စောစောပြန်ရတာပေါ့"





မင်း အရမ်းအပြန်နောက်ကျမှာကိုလည်း ထည့်တွက်ရဦးမယ်"

"ဘယ်အချိန်လောက်မှ ဆိုင်ပိတ်တာလဲ မင်းမင်းအောင်"

"ညဆယ့်နှစ်နာရီ"

ဆိုင်ပိတ်ချိန်အထိ သူနေမည်ဆိုသော စကားကိုတော့ မပြောဖြစ်လိုက်ပေ။

မင်းမင်းအောင်နှင့် စည်သူတို့အဖို့တော့ သူနှင့်ပတ်သက်ပြီး အံ့ဩစရာတွေ တစ်ခုပြီးတစ်ခု ဆက်တိုက်ကြုံရမှာ သေချာနေ၏။

"ကာရာအိုကေ သွားဖို့အတွက် မင် ပြင်ပြင်ဆင်ဆင် လုပ်လာခဲ့တာပေါ့ ဟုတ်လား မြတ်မိုး"

"ဒီလို ပြောရမလိုပဲ၊ မင်းတို့ကားတွေ ထားရင်ထားခဲ့၊ ငါ့ကားနဲ့ပဲ သွားတာပေါ့၊ ဒီည ငါတို့အားလုံး ပါလာတဲ့ငွေကို ရေလို သုံးမယ်"

သူ့စကားတွေကို နားထောင်ရင်း စည်သူတို့ စိတ်ထဲမှာတော့ ဘုရားပွဲလှည့်နေမှာ သေချာ၏။

"ဘယ်ဆိုင်ကို ခေါ် သွားရင် ကောင်းမလဲ စည်သူ"

ကားမမောင်းခင်မှာပင် မင်းမင်းအောင်က မေး၏။

မင်းမင်းအောင် အဖြေမပေးခင်မှာပင် ငြိမ်းအေးမေ ရှိနေသော ဆိုင်နာမည်ကို သူ ပြောလိုက်သည်။

"မင်းတို့ နာမည်ကြီးတယ်လို့ ပြောပြောနေတဲ့ မှတ်သမီး



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ကျက်စားတဲ့ ဗီးနပ် (စ်) ကိုပဲ သွားမယ်"

သူ့စကားကို ချက်ချင်းဆိုသလို မင်းမင်းအောင်က ထောက်ခံလိုက်၏။

"အေးကွ . . . ဗီးနပ် (စ်) က အကုန်အတူ များတယ် ဆိုပေမယ့် မင်းကိုတော့ စိတ်ကျေနပ်စေမှာ အမှန်ပဲ"

တစ်ခါမှ မလုပ်ဖူးသော အလုပ်ကို လုပ်ရမည်ဆိုသော အသိနှင့် ငြိမ်းအေးမေနှင့် တွေ့ရမည်ဆိုသော အသိတွေကြောင့် သူ့ခြေဖျား လက်ဖျားတွေ အေးစက်နေလေ၏။

* * * * *

၃။

မင်းမင်းအောင် လမ်းညွှန်သည့်အတိုင်း ကမ္ဘာအေးဘုရားလမ်းပေါ်မှနေပြီး မြေပဒေသာကျွန်းဘက်ကို ချိုးကွေ့ဝင်လိုက်၏။

အဆောက်အအုံရှေ့ ကုက္ကိုပင်ရိပ်မှာ ကားထိုးရပ်လိုက်တော့ ညနေငါးနာရီထိုးလု ဖြစ်နေပြီ။ ဆိုင်မှ ဝန်ထမ်းကောင်လေးများက ကားကို အကဲခပ်သလို စူးစမ်းကြည့်နေကြ၏။ မင်းမင်းအောင်တို့ကို မြင်သည်နှင့် ကားနားသို့ လျှောက်လာကြသည်။

"ကိုမင်းမင်းအောင်တို့၊ ကိုစည်သူတို့ ပျောက်ချက်သားကောင်းနေလိုက်ကြတာ၊ စောစောကတင် သက်သက်တို့ မမငြိမ်းတို့



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကိုစည်သူတို့အကြောင်း ပြောဖြစ်ကြသေးတယ်"

မင်းမင်းအောင်တို့ကတော့ ဒီနေရာကို အကြိမ်ဘယ် လောက်ရောက်ပြီး ဘယ်လောက်အကုန်ကျတွေ များခဲ့သည် မသိ။ လူတော်တော်များများနှင့် ရင်းနှီးနေကြ၏။

"ဒီလိုပါပဲဗျာ . . . စားကျက်အသစ် ရလို့ရငြား ရှာရဖွေရ တာပေါ့၊ ကဲဗျာ . . . ကျွန်တော်တို့ ရောက်နေတာကို သက်သက်တို့ သိအောင် အကြောင်းကြားပါဦး၊ ယူနေကျအခန်းက လွတ်နေတယ် မဟုတ်လား"

"အကြောင်းကြားဖို့ မလိုတော့ဘူး၊ ဟိုမှာ ကိုစည်သူ့အချစ် တော် သက်သက် လာနေပြီ"

သက်သက်ဆိုသော အမျိုးသမီးကတော့ အပြုံးများ ဆင်ယင်ပြီး သူတို့ရှိရာသို့ လှမ်းလာ၏။ စောစောတုန်းက မမငြိမ်း ဆိုသော အမည်ကို ကြားလိုက်ရသည်။ ထိုမငြိမ်းမှာ သူ တွေ့ဆုံရ မည့် ငြိမ်းအေးမေပဲ ဖြစ်ရမည် . . . ဟု တွေးထင်လိုက်မိ၏။

"ကိုစည်သူကို လှမ်းနေတုန်းမှာ ကိုစည်သူတို့ ရောက်လာ တော့ သက်သက် အရမ်းပျော်သွားတာပဲ"

"ယုံအောင် ခွဲပြမှတော့ အယုံလွယ်တဲ့နားနဲ့ပဲ နားထောင် ပေးပါ့မယ် သက်သက်ရာ"

သက်သက်နှင့် စည်သူတို့ စကားနာထိုးကြသည်ကို ကြား





င်ပြီး မင်းမင်းအောင်က မိတ်ဆက်ပေးလေ၏။

"သက်သက်ရေ . . . ဒါ ကျွန်တော်တို့ရဲ့ သူငယ်ချင်း ဘြတ်မိုးတဲ့၊ ဒီနေရာ ဒီဒေသကို ဒီနေ့မှ ပထမဆုံး အလည်ရောက်လာ ဘဲ့ အထူးဧည့်သည်တော်ပဲ၊ သက်သက်တို့ တာဝန်ကျေအောင် ည့်ခံမှ ဖြစ်မှာနော်"

သက်သက်ဆိုသော အမျိုးသမီးကတော့ သူတို့နှင့်အသက် တိမ်းမယိမ်းလောက်ပဲ ရှိဦးမည် ထင်၏။ မင်းမင်းအောင်က အလေးပေးမိတ်ဖွဲ့နေသော်လည်း သက်သက်ကတော့ ဝတ်ကျေရုံ ာ အခေါ်အပြောလုပ်၏။ စည်သူကို အပျောက်မခံဘဲ ဂရုစိုက်နေ နသည်။

သက်သက်နှင့်အတူတူ သူတို့သုံးယောက် အခန်းငယ်ထဲသို့ င်ရောက်လာကြသည်။ မျက်နှာချင်းဆိုင်နှင့် ဘေးကပ်လျက်တွင် ည်း အခန်းတွေကို အစီအရီ ဖွဲ့ထား၏။

အခန်းထဲမှာတော့ မှုန်ပျပျသာရှိသော မီးပွင့်များ မလင်း လင်း ရှိနေသည်။

သူ့အဖို့ကတော့ နေရာစိမ်းမို့ မဝံ့မရဲ ဖြစ်နေသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



စည်သူနှင့် မင်းမင်းအောင်တို့ကတော့ မှာစရာရှိသည်များကို မှာပြီး သီချင်းဆိုဖို့ ပြင်ဆင်တော့၏။

ဖန်သားပြင်ပေါ်မှာ အရုပ်ထင်လာသည်နှင့် တီးလုံးသံမှာလည်း မြိုင်ထွက်လာသည်။

မင်းမင်းအောင်ဆီမှ မိုက်ခရိုဖုန်းကို လှမ်းယူပြီး သက်သက် သီချင်းလိုက်ဆိုသည်။ မင်းမင်းအောင်တို့က သက်သက်ဆိုပုံကို ဝိုင်းပြီး အားပေးကြသော်လည်း သူ့အဖို့မှာတော့ အတော်လေးသည်းခံပြီး နားထောင်နေခဲ့ရသည်။

သီချင်းဆုံးတော့ အခန်းအတွင်းသို့ အမျိုးသမီးတစ်ဦး ထပ်ဝင်လာ၏။ ထိုအမျိုးသမီးသည်လည်း သူတို့နှင့် အသက်မတိမ်းမယိမ်းပင်။

"ကိုစည်သူတို့ ရောက်နေတယ်ကြားလို့ တခြားအခန်းတွေဆီ မသွားဘဲ တန်းလာခဲ့တာ၊ ညည်းသည်တစ်ယောက်လည်း ပါလာသေးတယ်ဆို"

မှုန်ပျပျအလင်းအောက်မှာပင် မြူဆွယ်မှုတွေ ထုံလွှမ်းနေသောအကြည့်က သူ့ထံမှာ ရှိနေပြန်၏။

"ဟုတ်တယ် ဝါဝါ၊ သူက ကျွန်တော့်သူငယ်ချင်း မြတ်မိုးတဲ့"

"ဟုတ်လား . . . ကိုစည်သူတို့အကြောင်းကိုတော့ ဝါဝါတို့က သိပြီးသား၊ ကိုမြတ်မိုးကလည်း ကိုစည်သူတို့လို သဘောကောင်း





ပြီး ဝါဝါတို့အလိုကို လိုက်မယ်ပုံပါပဲ"

သူ့အနားမှာ တိုးဝှေ့ထိုင်ပြီး ဝါဝါ ပြော၏။ ဒီလောက်ထိ အညာလွယ်ပြီး မာယာထုံလွှမ်းသောသူနှင့် သိပ်ပြီး မနီးစပ်ချင်ပေ။ သူ့ကိုယ်ကို သိသိသာသာ ရွှေ့ပြီး နေရာပြောင်းထိုင်လိုက်၏။

သူနှင့် ဝါဝါတို့ အခြေအနေကို မင်းမင်းအောင်က ရိပ်စားမိပုံရသည်။ သူ့စိတ်ထဲမှာ အလိုရှိနေသော အမည်နာမကို မင်းမင်းအောင် ထုတ်ပြောလာသည်။

"ဝါဝါရော၊ သက်သက်ပါ ကျွန်တော့်သူငယ်ချင်းရဲ့စိတ်ကို ဖမ်းစားနိုင်ကြမှာ မဟုတ်ဘူး၊ မြတ်မိုးက သီချင်းတွေ ဘာတွေကို ကျကျနန ဆိုတတ်တဲ့သူ၊ ပြီးတော့ ဣန္ဒြေဆန်တဲ့အလှတွေနဲ့ ပြည့်စုံတဲ့သူမှ ဖြစ်မှာ၊ ဒီတော့ ဒီဆိုင်မှာ အဆိုရော၊ ရုပ်ရော နာမည်ကြီးတဲ့ မမငြိမ်းနဲ့ တွေ့ပေးဖို့တော့ လိုပြီ ထင်တယ်"

မင်းမင်းအောင် စကားကြောင့်ပင် ဝါဝါ မကျေမချမ်း ဖြစ်သွားပုံရသည်။

"ဘာလဲ ညည်းသည်ကို အကြောင်းပြပြီး ကိုမင်းမင်းအောင်က မမငြိမ်းကို ဒီအခန်းထဲ လာစေချင်တာ မဟုတ်လား၊ အားလုံးက တငြိမ်းတည်း ငြိမ်းနေကြတာပဲ"

ဝါဝါတစ်ယောက် ဘယ်လိုပဲ စကားနာထိုးထိုး စည်သူကလည်း မင်းမင်းအောင်စကားကို အပြည့်အဝ ထောက်ခံနေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းမင်းအောင် ပြောတာ ဟုတ်တယ်၊ ဝါဝါရော သက်သက်ပါ မြတ်မိုး လှုပ်ရှားလာအောင် ပြုနိုင်ကြမယ် မထင်ဘူး ဒီတော့ ဝါဝါကပဲ မမငြိမ်းကို ဒီအခန်းထဲ ရောက်အောင် သွားခေါ် ပေးပါ"

"လာရင်လည်း မမငြိမ်းက ခဏပဲ ရမှာနော်၊ မမငြိမ်းဆီမှာ က ဧည့်သည်တွေ အများကြီး"

"ခဏဖြစ်ဖြစ် ရအောင်သာ ခေါ်ခဲ့စမ်းပါ ဝါဝါရာ၊ မြတ်မိုး တစ်ယောက် နောက်နေ့တွေ ဆက်လာချင်အောင် မမငြိမ်းကပဲ စွမ်း ဆောင်နိုင်မှာ"

မင်းမင်းအောင်ရော စည်သူပါ ဝိုင်းပြောကြတော့ သူ့ကို မျက်စောင်းချိတ်ပြီး ဝါဝါ ပြန်ထွက်သွား၏။

မကြာခင် အချိန်အတောအတွင်း သူရှိနေရာ အခန်း အတွင်းသို့ မမငြိမ်းတစ်ယောက် ရောက်လာမှာ သေချာနေပြီပဲ။ ဒီနေ့အဖို့ ဒီနေရာကို ရောက်လာခြင်း ရည်ရွယ်ချက်ကလည်း မမငြိမ်းနှင့် တွေ့ဖို့ပေပဲ။

* * *

သီချင်းတစ်ပုဒ် မဆုံးခင်မှာပင် မှန်တံခါးပွင့်လာ၏။ ဝါဝါ့





နောက်ဆီမှာ မမငြိမ်း ကပ်လာ၏။ အံမှောင်မကင်းသော အခန်း အတွင်းမှာပင် မမငြိမ်း၏အလှအပများကို အထင်းသား တွေ့နေရ သည်ပဲ။

စည်သူ့နံဘေးမှာ သက်သက် ထိုင်နေသည်။ ဝါဝါကတော့ အလိုက်တသိပင် မင်းမင်းအောင်နားမှာ ထိုင်လိုက်သည်။

မမငြိမ်းကတော့ မျက်တောင်ကော့များဖြင့် အခြေအနေကို အကဲခတ်ကြည့်နေ၏။ သူ့အကြောင်းကိုတော့ အရိပ်အမြွက် လောက် ဝါဝါ ပြောပြထားလိမ့်မည် ထင်သည်။

အားလုံး ငြိမ်သက်နေစဉ်မှာပင် မည်သူမျှ မစေ့ဆော် မမငြိမ်းကို သူကိုယ်တိုင် ဖိတ်ခေါ်လိုက်၏။

"မတ်တတ်ကြီးရပ်နေတာ ညောင်းမှာပေါ့၊ ထိုင်လေ . . . မမငြိမ်း"

သူ့ဖိတ်ခေါ်မှုကြောင့်ပင် ရှည်လျားသော ဆံစများကို သိမ်း ရင်း သူ့နံဘေးမှာ မမငြိမ်း ဝင်ထိုင်လိုက်သည်။

"မမငြိမ်းကတော့ ဘာစကားမှ မပြောရသေးဘဲနဲ့ ဝေဘိ မင်းသားလေးကို အစွမ်းပြသွားပြီ၊ ဒီအခန်းထဲကို သက်သက်က အရင်ရောက်တာ၊ ပြီးမှ ဝါဝါရောက်လာတယ်၊ ဒီအခန်းထဲရောက် ကတည်းက ဒါပထမဆုံးအကြိမ်ကို ကိုမြတ်မိုး စကားပြောခြင်းပဲ မမငြိမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ မမငြိမ်းတော့ နားငြီးတော့မှာ သေချာနေပြီ မဟုတ်လား"

ရင်းနှီးကျွမ်းဝင်ဟန်သည် ဣန္ဒြေရှိသည် . . . ဟု သူ ထင်သည်။ ဇေ့ဝိုက်ကြည့်လိုက်သောအကြည့်အောက်မှာပင် သူ့လှုပ်ရှားသွားရ၏။ သက်သက် ပြောသလိုပင် မမငြိမ်းနှင့်မှ သူ အစပ်အဟပ်တည့်နေပြန်၏။

"ကျွန်တော်က စကားသိပ်မပြောတတ်ပါဘူး မမငြိမ်းရဲ့ ဒီကိုရောက်ကတည်းက အားလုံးနီးပါး လူတွေက မမငြိမ်းဌိကာကိုပဲ ပြောနေကြတာ၊ မမငြိမ်းက သီချင်းအဆိုကောင်းဆို"

သူများတွေ ဒီစကား မပြောခင်ကတည်းက အနံ့တို့ချမ်း၏ အမွှေတွေ မမငြိမ်းဆီမှာ ရှိနေမှာကို သူသိထားသည်ပဲ။

"ကဲ . . မမှန်ဘူးလား၊ ဒီအတိုင်းဆိုရင်တော့ ကျွန်တော်တို့ အခန်းကနေပြီး မမငြိမ်း တစ်ဖဝါးမှ ခွာလို့ မဖြစ်တော့ဘူး၊ ဒီနေ့ ညအဖို့တော့ နာရီပိုင်းလောက် မြတ်မိုး အနားမှာ မမငြိမ်း အဖေါ် လုပ်ပေးမှာ၊ မြတ်မိုးကလည်း ညဥ့်နက်အောင် နေမှာ မဟုတ်ဘူး"

စည်သူက သူ့ကိုယ်စား မမငြိမ်းအား တောင်းဆိုနေပြန်၏။ မမငြိမ်းကတော့ နှုတ်စကား မဆို။ ခေါင်းညိတ်ခေါင်းခါ မပြုပေ။

သီချင်းတစ်ပုဒ်အပြောင်းမှာတော့ မိုက်ကရိုဖုန်းကို မမငြိမ်းဆီသို့ သက်သက် ကမ်းပေးလိုက်၏။

**အင်ဖါယာထစပ**



သီချင်းခေါင်းစဉ်ကို မှတ်တမဲ့ သူ ဖတ်လိုက်သည်။

မိဘမေတ္တာဘွဲ့သီချင်း။ "ဘယ်ပန်းချီရေးလို့ မမီ . . . တဲ့"

ဒီသီချင်းကို ကြားဖူးနားဝ ရှိသလို။ ဒီသီချင်းသံနာမည်နှင့် ဦးဒီယိုကား။ သူတို့ မမီလိုက်ခင်က ရုပ်ရှင်ကားကြီး ရိုက်ခဲ့ဖူးသလို။ ဝတ္ထုလည်း ထုတ်ဖူးခဲ့သည် . . . ဟု မေမေတို့ထံမှ သူသိထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၅။

သူတို့ မမီလိုက်ခင်ခေတ်က "ဘယ်ပန်းချီရေးလို့ . . မမီ" တိုရိုက်သော ဒါရိုက်တာမှာ ရှမဝ ဦးကျော်၊ ပါဝင်သော မင်းသားတွေမှာ ဦးကျောက်လုံး၊ လင်းထင် . . . ဟု မေမေတို့ ပြောပြဖူးသည်။ သူတို့ခေတ်မှာ ပြန်ရိုက်သော သရုပ်ဆောင်တွေနှင့်ယှဉ်ပြီး မေမေ ဝေဖန်ဖူးသည်။ ဗွီဒီယိုကြည့်နေရင်းကပင် ဖေဖေ ထ,သွားပြီး ဆယ်မိနစ်ခန့်လောက် အကြာမှာ ဝတ္ထုစာအုပ် ခပ်နွမ်းနွမ်းလေးကို ကိုင်ပြီး ပြန်ရောက်လာ၏။

ဝတ္ထုကို သူ့အား ကမ်းပေးခဲ့၏။ သူ ဖတ်ကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုရေးသူမှာ သိန်းသန်းထွန်းဆိုတာ သိရ၏။ ဗွီဒီယိုပြီးသည်နှင့် ဆရာသိန်းသန်းထွန်းရေးသော ဝတ္ထုကို မအိပ်ဘဲ သူ ထိုင်ဖတ်ဖြစ်သည်။

ထိုဝတ္ထုထဲမှ ဇာတ်ကောင်များသည် မမငြိမ်းဆိုပုံဆိုပေါက်ကြောင့် အတွေးမှာ မြင်ယောင်လှုပ်ရှားလာသည်ပဲ။ "ဘယ်မှန်းချိရေးလို့ မမီ" သီချင်းကို နားထောင်ရင်း အားလုံး ငြိမ်နေကြ၏။

သူ့အာရုံထဲမှာ အတိတ်က အသိတွေ ဖြစ်ခဲ့တာတွေကို မြင်ယောင်သလို၊ သီချင်းဆိုနေရင်းက မမငြိမ်းတစ်ယောက်လည်း အန်တီချမ်းကို မြင်ယောင်တမ်းတနေမှာ သေချာနေ၏။ သီချင်းထဲမှာ အာရုံအပြည့် ဝင်စားပြီး ခံစားမှုရှာန်အပြည့် . . . ရင်ဖြင့် မမငြိမ်း ဆိုနေသည် . . . ဟု သူ တွေးလိုက်သည်။

သီချင်းသံဆုံးသွားတော့ သူကိုယ်တိုင်ပင် ဝမ်းသာအားရ လက်ခုပ်တီးဖြစ်ပြီး မမငြိမ်းအား ချီးမွမ်းစကားဆိုကာ လက်ဆွဲနှုတ်ဆက်မိသည်။

"ဒီသီချင်းကို မမငြိမ်းဆိုသွားတာ ကျွန်တော့်ရင်ကို တကယ် ထိခိုက်သွားစေတယ်၊ ဒီစကားကို ပြောရတာ တကယ် ကျွန်တော် ခံစားပြီး မမငြိမ်းကို ချီးမွမ်းလိုက်တာပဲ"

အငမ်းမရသော သူ့စကားတွေ၊ သူ့လုပ်ရပ်တွေကြောင့် မမငြိမ်းတစ်ယောက် မှင်တက်မိနေ၏။





သက်သက် ပြောလိုက်သော စကားကြောင့် နည်းနည်းရှက်သွားမိပြန်သည်။

"သက်သက်တို့ ဆိုပြတုန်းက ဒီလောက် အငမ်းမရ မဖြစ်ဘူး မမငြိမ်း၊ ကိုမြတ်မိုးကိုတော့ မမငြိမ်းက ရာခိုင်နှုန်းပြည့် စွဲဆောင်သွားပြီ"

"ကဲပါ . . . ဒီလောက်မြှောက်ပင့်နေမှတော့ ငါမောင့်ကို မမငြိမ်းက အလိုက်သိရမှာပေ့ါ၊ ငါ့မောင် ဘီယာခွက်ကို မမငြိမ်း ကိုယ်တိုင် ငှဲ့ပေးမယ်၊ ဝါဝါတို့ကို မယုံရင် မေးကြည့်၊ ညီ့သည်တွေရဲ့ ဘီယာခွက်ကို ဘယ်တုန်းကမှ မမငြိမ်း ငှဲ့မထည့်ပေးတတ်ဘူး"

ပြောပြောဆိုဆိုပင် ခွက်ထဲသို့ ဘီယာတွေ မမငြိမ်း ငှဲ့ထည့်ပေး၏။

တကယ်တော့ သူလည်း တစ်ကြိမ်တစ်ခါမျှ ဘီယာသောက်ကျင့် မရှိခဲ့ပေ။ ခွက်တစ်ဝက် မပြည့်ခင်မှာပင် မမငြိမ်းကို သူ တားလိုက်၏။

"ထပ်မထည့်နဲ့တော့ မမငြိမ်း"

သူ့စကားကြောင့်ပင် မမငြိမ်း ရပ်တန့်ထားလိုက်၏။

"ဘာဖြစ်လို့လဲ"

"ကျွန်တော် ဘီယာ မသောက်တတ်ဘူးဆိုတာ စည်သူတို့သိတယ်၊ ဒါပေမယ့် မမငြိမ်း ပထမဆုံး ထည့်ပေးတဲ့ ဘီယာကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကွန်တော် စမ်းသောက်ကြည့်မယ်၊ မမငြိမ်းကို ဂုဏ်ပြုတဲ့ အနေနဲ့ပါ"

သူ့စကား၊ သူ့အပြုအမူတွေကို စည်သူတို့ အံ့သြကြမှာ သေချာ၏။ ခွက်ထဲမှ ဘီယာကို သူမော့ချမိသည်။ ခါးသက်ပြင်းရှ သော အတွေ့သည် လည်ချောင်းမှတစ်ဆင့် ရင်ထဲထိတိုင် ပူဆင်း သွားခဲ့သည်ပဲ. . ။

* * *

"တော်တော့ ငါ့မောင်"

ဖန်ခွက်ကို ကိုင်ပြီး နောက်တစ်ကြော့ မော့ဖို့ ကြိုးစားဆဲမှာ ပင် မမငြိမ်း တားမြစ်လိုက်၏။ မမငြိမ်း ထည့်ပေးထားသော ဘီယာ လက်ကျန်ကို ဒီအတိုင်း သူ မထားချင်။

"ဘာဖြစ်လို့လဲ မံမငြိမ်း"

"ဘာဖြစ်ရမှာလဲ မင်းမသောက်တတ်ဘူးဆိုတာ အရမ်း သိသာတာပဲ၊ ဘီယာ ဝမ်းထဲဝင်တာ နည်းနည်းလေးရှယ်၊ မင်း မျက်နှာကြီးက ချက်ချင်း ရဲတက်လာတယ်၊ ပြီးတော့ မင်း ဘီယာ သောက်ပုံကြီးက တကယ့်ကို မဖြစ်မနေ သောက်နေရတာဆိုတော့ မြင်ရတဲ့သူ စိတ်မချမ်းမမြေ့ချင်ဘူး"

ပါးစပ်ကလည်း ပြောရင်း လက်ကျန်ဘီယာများကို မမငြိမ်း





ဆသွန်ပစ်လိုက်၏။

သူနှင့်မမငြိမ်းတို့၏ အနေအထားကို စည်သူတို့က ပိုင်းဝန်း ဆဖန်တော့သည်။

"ဒီနေ့အဖို့ အားလုံးက အထူးအဆန်းတွေချည်းပဲ ဖြစ်နေ တယ်"

"ဟုတ်တယ် . . . ကိုမြတ်မိုးနဲ့ မမငြိမ်းတို့က မထင်မှတ်ဘဲ ရင်းနှီးလွန်းကြတော့ အံ့သြတာ အမှန်ပဲ"

"အပွဲပွဲမှာ ရှောင်လာခဲ့တဲ့ မြတ်မိုးတော့ မမငြိမ်းနဲ့ တွေ့မှ ကျန်လျှောတော့တာပဲ"

"မမငြိမ်းကရော ဘာများထူးလို့လဲ၊ ယောက်ျားတစ်ယောက် နဲ့ အချိန်တိုတိုအတွင်းမှာ ဒီလို အရောတဝင်ဖြစ်တာ ပထမဆုံး မြင်ရတွေ့ရတာပဲ"

"ကဲပါဟယ် . . . အချိန်ရတုန်း သူတို့ဘာသာ လွတ်လွတ် လပ်လပ် စကားပြောပါစေ၊ တော်ကြာ ဧည့်သည်တွေ ကျလာရင် မငြိမ်း ကို တစာစာ လာခေါ်နေကြတော့မှာ"

မမငြိမ်းသီချင်းဆိုတာကို သူ နားထောင်ချင်သေးသော် သည်း နှစ်ယောက်စကားပြောခွင့်တွေကိုတော့ ရတုန်းအခိုက်မှာ လက်လွှတ်မခံချင်ပြန်။ စည်သူတို့ မင်းမင်းအောင်တို့ စုံတွဲတွေက တော့ သီချင်းဆိုလိုက် စကားတွတ်ထိုးလိုက် လုပ်နေကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"လူတွေကတော့ ကျွန်တော်တို့ရဲ့ တွေ့ဆုံမှုကို ကအံ့တသြ အသိအမှတ်ပြုနေကြပြီ၊ မမငြိမ်းကိုယ်တိုင်က ကျွန်တော်နဲ့ တွေ့ဆုံရတာကို ပိုပြီးတအံ့တသြ ဖြစ်ရလိမ့်ဦးမယ်"

"ငါ့မောင်စကားက တစ်ခုခုအတွက် ကြံပြီး လျှို့ဝှက်ထားပုံရတယ်၊ မမငြိမ်းနဲ့ ပတ်သက်ပြီး စည်သူတို့က ဘာတွေများ လိမ်ညာပြီး စည်းရုံးပြောဆိုထားလဲ၊ မမငြိမ်းကို မှန်မှန်ပြောစမ်း"

"စည်သူတို့က ဘာမှမပြောထားပါဘူး"

"ဒါဆို . . . ငါ့မောင်နဲ့ ဆုံရတာကို မမငြိမ်းကိုယ်တိုင်က ဘာများ တအံ့တသြ ဖြစ်စရာ လိုမှာလဲ၊ ညီသည်တွေနဲ့ တွေ့ရတာ မမငြိမ်းအဖို့ အထူးအဆန်း ဖြစ်စရာမှ မလိုတာ၊ ငါ့မောင် . . . ဘာများ လျှို့ဝှက်ထားလဲ"

မမငြိမ်းကတော့ ရှုတ်ကြီး အမေးအမြန်း ထူနေပြီ။

စည်သူတို့တွေ ရှေ့မှာတော့ ပြောပြဖို့ သင့်လျော်မည် မထင်။

"နှစ်ယောက်တည်းကျမှ . . . ပြောပြချင်တယ် မမငြိမ်း ကျွန်တော်ပြောမယ့်စကား ကြားရရင် မမငြိမ်း အံ့သြသွားမယ် မမငြိမ်းဘဝမှာ အဝမ်းသာရဆုံးစကားလည်း ဖြစ်နေလိမ့်မယ်"

"မင်းက မမငြိမ်း ထင်ထားတာထက် စကားပြောကောင်းနေပြန်ပြီ၊ ပြောမှာသာ ပြောစမ်းပါကွာ"





"နှစ်ယောက်တည်းကျမှ ပြောပြမယ်"

"ဘာလဲ အခုမှတွေ့ပြီး မင်းက နှစ်ယောက်တည်းတွေ့ဖို့ အခွင့်အရေးကို တောင်းဆိုနေတာ မလွန်ဘူးလား၊ မမငြိမ်းက အဲဒီလောက် လွယ်တယ်လို့ စည်သူတို့ ပြောထားလို့လား"

"တလွဲမတွေးပါနဲ့ မမငြိမ်းရာ၊ ကျွန်တော် ဒီနေရာကို ရောက်လာရတာက မမငြိမ်းအတွက်ပဲ၊ မနက်ဖြန် ခပ်စောစော ဒီအခန်းမှာပဲ မမငြိမ်းနဲ့ နှစ်ယောက်တည်း တွေ့ချင်တယ်၊ စည်သူတို့ သိစေနဲ့လေ၊ ညနေ သုံးနာရီလောက် ဆုံရင် ဖြစ်မလား"

ချက်ချင်း အဖြေမပေးသေးဘဲ မမငြိမ်း စဉ်းစားနေသေး၏။ ခဏနေကြာမှ မမငြိမ်း ပြောသည်။

"ဒီနေရာမှာဆိုရင်တော့ မဆိုးပါဘူး၊ မင်းက မမငြိမ်းကို စိတ်ဝင်စားအောင် လုပ်လာမှတော့ ဆုံကြတာပေါ့၊ တစ်ခုတော့ မှတ်ထားဦးနော်၊ မမငြိမ်းက ဒီကို ငါးနာရီ အစောဆုံးလာတတ်တာ၊ သုံးနာရီ လာရမှာက မင်းရဲ့ချိန်းဆိုမှုကြောင့်နော်"

"အဲဒီအတွက် မမငြိမ်း ပြန်ရမယ့် ဝမ်းသာမှုက အဆတစ်ရာ ကချင်မှ ကမှာ မမငြိမ်း"

မမငြိမ်းတစ်ယောက် ဘယ်လိုရှုထောင့်ကပဲ တွေးတွေး၊ သူ့အတွက်ကတော့ အတော်လေး ကျေနပ်မိသည်။ ပြောစရာ ရှိသည်ကို လက်ဦးမှုရအောင် ပြောထားလိုက်တာ တော်သေးသည်ဟု ဆိုရ



www.burmeseclassic.com

www.burmeseclassic.com



မည်။ ရှစ်နာရီထိုးသည်နှင့် မမငြိမ်းက တခြားစည့်သည်များဆီ ထွက်သွားလေ၏။

ညကိုးနာရီခွဲတော့ သူတို့ ထပြန်ခဲ့သည်။ သူတို့ပြန်ခါနီးမှာ ခဏလေးတော့ မမငြိမ်းလာ ကိုယ်ရောင်ပြသည်။ တိုးတိုးလေးကပ်ပြီး မနက်ဖြန် ဆုံမည့်ကိစ္စကို မမငြိမ်း ပြောသွားသေး၏။

၅

နေ့ခင်းနှစ်နာရီ ထိုးသံနှင့်အတူ အပြင်သွားဖို့ သူ အဆင်သင့် ဖြစ်နေ၏။ မနက်ဖြန်ဆို မေမေတို့ ပြန်ရောက်လာတော့မည်။ နောက်ရက်တွေဆို သူ မိုးချုပ်လို့ရမည် မထင်တော့ပေ။

တယ်လီဖုန်းရှိရာသို့ အသွားမှာပင် အန်တီချမ်းနှင့် မျက်နှာချင်းဆိုင်မိသည်။

"သမီးနဲ့ တွေ့ဖို့ သွားတော့မလို့လား"

မနေ့ညက အဖြစ်အပျက်များကိုတော့ သိသင့်သလောက် ... ပြောပြထားပြီးပြီ။ အန်တီချမ်းကလည်း မမငြိမ်းနှင့် အရမ်းတွေ့



www.burmeseclassic.com

www.burmeseclassic.com



ချင်နေပုံရသည်။

"ဟုတ်တယ် အန်တီချမ်း၊ ဒီနေ့တော့ မမငြိမ်းကို အကုန်ပြောဖြစ်မှာပါ။ တစ်ရက်နှစ်ရက်အတွင်းမှာပဲ အန်တီချမ်းတို့ သားအမိချင်း ဆုံနိုင်အောင် သား ကူညီပေးမယ်"

"ဒီကိစ္စ ဘယ်သူမှ အသိခံလို့တော့ မဖြစ်ဘူးနော်၊ သားသူငယ်ချင်းတွေတောင် သိလို့ မဖြစ်ဘူးဆိုတာကို သမီးသိအောင် ပြောပြထားဦး"

"စိတ်ချပါ အန်တီချမ်း"

အန်တီချမ်းကတော့ အတော်လေး ပျော်ရွှင်နေပုံရသည်။ နှစ်များစွာ ကွဲကွာနေသော သမီးဖြစ်သူနှင့် တွေ့ရတော့မည်ဆိုသော အသိကြောင့်ပင် ဣန္ဒြေပျက်လွန်းနေ၏။

အန်တီချမ်းကို ကျောခိုင်းပြီး တယ်လီဖုန်းရှိရာသို့ သူထွက်လာခဲ့သည်။ စည်သူ့အိမ်ကို ဖုန်းဆက်တော့ နှစ်နာရီ ဆယ့်ငါးမိနစ် ရှိနေပြီ ဖြစ်၏။

တယ်လီဖုန်းလိုင်းက တစ်ချက်ကောက်နှိပ်လိုက်ရုံဖြင့် တန်းဝင်သွားသည်။ ဒီအချိန်လောက်ဆို စည်သူရှိတန်ကောင်းမည်ထင်၏။

"ဟဲလို . . . စည်သူနဲ့ စကားပြောချင်လို့ပါ"

"အစ်ကိုလေး အိပ်နေပါတယ်၊ အခုဆက်တာ ဘယ်သူပါ





လဲ ရှင်"

စည်သူတို့အိမ်မှ အိမ်မှုကိစ္စလုပ်သော အလုပ်သမလေး ဖြစ်ဟန်တူသည်။

"အိပ်နေလည်း နိုးပေးပါ"

"အစ်ကိုလေးက သူ အိပ်နေတုန်း နိုးရင် မကြိုက်ဘူးရှင့်"

"သွားနိုးလိုက်ပါ၊ မြတ်မိုးဆက်တာလို့သာ ပြောလိုက်၊ ညည်းကို သူ ဆူတော့မှာ မဟုတ်ဘူး"

"ဒါဆို ခဏလေး ကိုင်ထားနော်"

မနေ့ညကတည်းကပင် စည်သူတို့ မင်းမင်းအောင်တို့မှာ အြိုတင်ကြဲစည်ထားတာ ရှိ၏။

စောပြန်မည်ဖြစ်သော်လည်း စည်သူတို့ကတော့ ဆိုင်ပိတ်ချိန်အထိ ကဲကြဖို့ ဝါဝါတို့နှင့် အချိန်းအဆက်လုပ်ထား၏။ ဒီကိစ္စကြောင့်ပင် စည်သူ ကောင်းကောင်းအိပ်နေတာ ဖြစ်ရမည်။

သိပ်အကြာကြီး မစောင့်ရဘဲ စည်သူ ဖုန်းလာကိုင်သည်။

"ဘာဖြစ်တာလဲ မြတ်မိုး၊ ဘာကိစ္စလဲ"

အိပ်ရာထစမို့ စည်သူ့လေသံက မာကြောချင်နေ၏။ အိုကောင်မလေး ပြောတာ ဖြစ်နိုင်သည်။ ဒိုပြင်လူသာဆိုရင်တော့ ဒီထက်မက စည်သူ ပြောရင်ပြောမှာ သေချာသည်။

"ဒေါသတွေလျှော့ပါ ကိုယ်တော်လေးရယ်၊ အစီအစဉ်အစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို သတင်းပို့တာပါ"

"ဘာအစီအစဉ်လဲ . . . ညနေငါးနာရီမှာ ဗီးနပ်(စ)မှာ ဆုံဖို့ ချိန်းထားပြီးသား မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ မင်းတို့ ငါ့ကို လာခေါ်နေမှာ စိုးလို့ပါ၊ မင်းနဲ့ ဖုန်းပြောပြီးတာနဲ့ ငါ ဗီးနပ် (စ်) ကို သွားတော့မလို့ စည်သူ"

"နေစမ်းပါဦး . . . အခုမှ နှစ်နာရီတောင် မခွဲသေးဘူး မင်းက ဘာသွားလုပ်မှာတုန်း"

"သုံးနာရီမှာ မမငြိမ်းနဲ့ ငါ ချိန်းထားတယ် စည်သူ"

"မဖြစ်နိုင်တာကွာ၊ သုံးနာရီကို မမငြိမ်း ရောက်မှာ မဟုတ်သေးဘူး၊ မင်း ရူးနေလား မြတ်မိုး"

"ငါနဲ့ မမငြိမ်း အသေအချာ ချိန်းထားတာ စည်သူ ဒါပေမယ့် မင်းတို့က ငါးနာရီထိုးမှ ရောက်လာနော်၊ ငါနဲ့ မမငြိမ်း အေးအေးဆေးဆေး စကားပြောချင်လို့"

သူ့ထံမှ စကားတွေကြောင့်ပင် စည်သူ့ အိပ်ချင်ပြေသွားသည် ထင်၏။

မယုံကြည်နိုင်သော စကားသံများဖြင့် မနားတမ်း စည်သူ ပြောသည်။

"သေချာရဲ့လား မြတ်မိုးရယ်၊ မင်းသိထားရမှာက အဲ





မမငြိမ်းလို မိန်းမမျိုးတွေဟာ မင်းနဲ့တွေ့ရင် မင်းကိုပဲ တန်းတန်းစွဲ ဖြစ်တယ်လို့ ပြောမယ်၊ တခြားသူတွေကိုလည်း ဒီစကားမျိုး ပြောမှာ ပဲ၊ မင်းမို့လို့ ပြောတာ မဟုတ်ဘူး၊ မင်းက အလေးအနက်ကြီး လုပ်ပြ နေရင် မင်း ခံရလိမ့်မယ် မြတ်မိုး"

"သူလာမယ်ဆိုတာ ငါယုံကြည်တယ် စည်သူ၊ မမငြိမ်း ရောက်လာမှာ သေချာတယ်"

"မဟုတ်သေးဘူး၊ မင်းတစ်ယောက်တည်း ကြောင်နေမှာ စိုးလို့ ငါ ပြောနေတာ"

"ဟုတ်၊ မဟုတ်ဆိုတာ ညနေငါးနာရီ ထိုးရင် မင်းတို့ မျက်မြင်တွေ့ရမှာပဲကွာ"

သူ့စကားများကို ငြိမ်သက်စွာဖြင့် စည်သူ စဉ်းစားနေပုံရသည်။ စည်သူ့သက်ပြင်းချသံကို သူ အတိုင်းသား ကြားနေရ၏။

"မင်းပြောတာတွေက အရမ်းသေချာနေရင်တော့ တစ်ခုခု လွဲချော်နေတာ အမှန်ပဲ၊ မမငြိမ်းက ဗီးနပ် (စ်) မှာ တကယ့်ကျားပဲ မြတ်မိုး၊ မင်း သတိထားဖို့တော့ လိုမယ်၊ မင်းအခြေအနေကို မမငြိမ်း မက်မောနေပုံရတယ်၊ မင်းကို အပိုင်ကိုင်မယ့်သဘောပဲ မြတ်မိုး၊ နောက်ဆိုရင် ဘာပဲလုပ်လုပ် မင်း ငါတို့ကို ဖွင့်တိုင်ပင်မှ ဖြစ်မယ် မြတ်မိုး၊ ပြဿနာတစ်ခုခုဖြစ်ရင် ငါတို့က တရားခံဖြစ်မှာ၊ ငါပြော တာကို မင်းနားလည်ရဲ့လား မြတ်မိုး"



www.burmeseclassic.com

www.burmeseclassic.com



စည်သူကတော့ မမငြိမ်းနှင့် ပတ်သက်ပြီး တစ်ဆုံး မတွေးလိုက်၏။ ဒီအခြေအနေများကိုတော့ သူ့ခေါင်းထဲမှာ ထည့်မထားမိ။ မမငြိမ်းနှင့် အန်တီချမ်းတို့ မြန်မြန်တွေ့ဆုံဖို့သာ သူ့ခေါင်းထဲမှာ ရှိနေ၏။

"အေးပါကွာ . . . အဲဒီလောက်ထိ မင်းတို့ တွေးမထားပါနဲ့၊ မင်းတို့ တွေးတာနဲ့ ငါနဲ့မမငြိမ်းတို့ အနေအထားက တလွဲတွေဖြစ်နေမှာပဲ၊ ကဲကွာ . . . ငါးနာရီထိုးမှ မင်းတို့ လာခဲ့ကြ၊ ငါ ဖုန်းချလိုက်ပြီ"

စကားလက်စသတ်ပြီး ဖုန်းကို ဦးငင်အောင် ချလိုက်၏။ စည်သူတို့ကတော့ သူ့ကို စိုးရိမ်နေကြမှာ သေချာ၏။ ဒါတွေကို ဂရုမထားနိုင်အား။ သုံးနာရီမထိုးခင် ဗီးနပ် (စ်) ကို ရောက်သွားဖို့က အရေးကြီး၏။ မမငြိမ်း မရောက်မီ သူ ရောက်သွားဖို့က အရေးကြီးသည်ပဲ။

သုံးနာရီထိုးဖို့ ငါးမိနစ်အလိုလောက်တွင် ဗီးနပ် (စ်) သို့ သူ ရောက်သွားသည်။ သူ့ကိုတွေ့တော့ ဆိုင်ဝန်ထမ်းကောင်လေးများက တအံ့တသြ ဖြစ်နေကြ၏။

"ကိုမြတ်မိုး တစ်ယောက်တည်းလား"





"ဟုတ်တယ်ဗျ . . . မနေ့ကအခန်းမှာ လူရှိနေလား"

မမငြိမ်း ရောက်, မရောက်ကို သွေးတိုးစမ်းသည့်အနေဖြင့် သူ မေးကြည့်လိုက်သည်။ ဝန်ထမ်းကောင်လေးကတော့ ရိုးရိုးသားသားပင် ပြန်ဖြေ၏။ ဒါဆိုရင်တော့ သူ့အရင် မမငြိမ်း ရောက်မနေတာတော့ သေချာသွားပြီ။

"အခန်းတွေ အားပါတယ်၊ ဘယ်သူမှ မရောက်ကြသေးဘူး၊ အရမ်းစောနေသေးတယ်"

"ဒါဆိုရင် အဲဒီအခန်းကို ကျွန်တော် ယူမယ်ဗျာ၊ အအေး နှစ်ဘူးရယ် အာလူးကြော်ရယ် လာချပေးဗျာ"

"ကိုမြတ်မိုးတစ်ယောက်တည်းဆို ပျင်းစရာကြီး ဖြစ်နေမှာပေါ့"

"ရပါတယ် . . . အခန်းသော့ မခတ်ထားဘူး မဟုတ်လား"

"ခတ်မထားပါဘူး ကိုမြတ်မိုး"

အခန်းထဲကို သူ ရောက်သွားတော့ သုံးနာရီထိုးပြီးလို့ သုံးမိနစ်ခန့် စွန်းနေ၏။

ကာရာအိုကေစက်ကို ဖွင့်ပြီး သီချင်းနားထောင်နေလိုက်သည်။

သုံးနာရီဆယ်မိနစ်ခန့်မှာ မှန်တံခါး ပွင့်လာ၏။ မမငြိမ်းဟာ တစ်ထစ်ချ ထင်ထားခြင်းမှာ မှားယွင်းသွားခဲ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ဝန်ထမ်းကောင်လေးက အအေးဘူးနှင့် စားစရာများ လာချပေးပြီး ပြန်ထွက်သွားသည်။ ထိုင်စောင့်နေရင်းကပင် စည်သူ ပြောခဲ့သော စကားများကို ကြားယောင်မိပြန်၏။

မမငြိမ်းတစ်ယောက် အလေးမထားဘဲ ပြီးစလွယ် ပြောဆိုခဲ့ခြင်းလား . . . ဟု နောင်တ ရချင်နေသလို ခံစားနေရ၏။

* * * * *

## ၆။

သောကများဖြင့် စောင့်စားနေရင်းက သူ မှေးခနဲ အိပ်ပျော်သွားပုံရသည်။ မှန်တံခါးတွန်းဖွင့်သံကြောင့် အိပ်မက်မှ လန့်နိုးသွားသလို ခံစားလိုက်ရ၏။ ငံမှုံမှိုန်သော အလင်းရောင်အောက်မှာပင် နှံ့သာနံ့များနှင့်အတူ မမငြိမ်းကို မြင်တွေ့ရလေ၏။

"သုံးဆယ့်ငါးမိနစ်တိတိ တို့ နောက်ကျသွားတယ်၊ မလာတော့ဘူးလို့ မင်း တွေးနေတယ် မဟုတ်လား"

သူ့ခံစားမှုကို မမငြိမ်း ကြိုသိနေသည်ပဲ။ မကွယ်မဝှက်ဘဲ အရှိအတိုင်းပင် သူ ပြန်ပြောလိုက်၏။



www.burmeseclassic.com

"ဟုတ်တယ် မမငြိမ်း၊ မိန်းမတစ်ယောက်ရဲ့ ချိန်းဆိုမှုကို သုံးဆယ့်ငါးမိနစ်တိတိ စောင့်ဆိုင်းနေရတာဟာ ပထမဆုံးအကြိမ် ငရဲကျနေသလို ခံစားရတာ အမှန်ပဲ"

"မင်း ဒေါသထွက်နေတာလား"

"မမငြိမ်း ရောက်မလာခင်အထိတော့ ဟုတ်တယ်၊ အခု တော့ မဟုတ်တော့ဘူး၊ ချိန်းဆိုထားမှုတစ်ခုမှာ နာရီဝက်လောက် အထိတော့ အတိမ်းအစောင်း ဖြစ်တတ်တာ သဘာဝပဲလေ"

"ဟုတ်တယ်ကွာ . . နောက်ဆိုရင် မမငြိမ်း ကွက်တိရောက် မှာ၊ တစ်နာရီလောက်က အရမ်းအိပ်ချင်တာနဲ့ အိပ်ပျော်သွားလိုက် တာ သုံးနာရီတိတိမှာ နိုးတော့တယ်၊ ဒီအကြောင်းပြချက်ကို မမငြိမ်း ညာပြီးပြောတာ မဟုတ်ဘူး၊ မင်းအနေနဲ့ ယုံချင်မှတော့ ယုံပေါ့"

သူ့အနားမှာ ဝင်ထိုင်ရင်း အအေးဘူးကို ဖွင့်ဖောက်ကာ မော့ချလိုက်၏။ သူရှိရာသို့ အပြေးအလွှား ရောက်လာရခြင်းကြောင့် မမငြိမ်း သဏ္ဌာန်မှာ မောပန်းမှုတွေ ကပ်ငြိနေသည်ပဲ။

"မမငြိမ်း ညာပြောတာ မဟုတ်မှန်း ကျွန်တော် ယုံသွားပြီ"

"ဘာကြောင့် မင်းပြောနိုင်တာလဲ"

"ဖန်ခွက်ရှိနေသားနဲ့ အမောပြေအောင် အငမ်းမရ မမငြိမ်း မော့ချနေလို့လေ၊ သူများတွေ ပြောသလို မဟုတ်ဘဲ မမငြိမ်း အလေး ထားတဲ့အတွက် ကျေးဇူးပါပဲ"





"နေပါဦးကွာ . . . ဘယ်သူတွေက ဘာပြောကြလို့လဲ"

"ဒီကို မလာခင် မမငြိမ်းနဲ့ တွေ့မယ်ဆိုတာကို ပြောပြလိုက် မိတယ်၊ သူတို့က ကျွန်တော့်ကို အရူးတဲ့၊ မမငြိမ်းစကားကို ယုံလို့တဲ့ လေ"

"မမငြိမ်း လာတွေ့ချင်စိတ်ဖြစ်အောင် မင်းပြောတဲ့စကား တွေကိုရော မပြောပြလိုက်ဘူးလား"

"ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး သူတို့ကို အသိမပေးချင်လို့ ကျွန်တော် တမင် ထိန်ချန်ထားလိုက်တာ"

ဖန်သားပြင်မှာ အရုပ်တွေ လှုပ်ရှားနေသလို၊ သီချင်းသံ ဘလည်း အခန်းအတွင်းမှာ မြည်ဟီးနေ၏။

မမငြိမ်းကတော့ အမောဖြေသည့်အနေဖြင့် နောက်မှီကာ နေသည်။

ဘယ်ကနေ ဘယ်လိုစပြီးပြောရင် ကောင်းပါ့လိမ့်။ မမငြိမ်း ၏ မျက်နှာပြင်ကို ငေးမောရင်းက သူ အကြံထုတ်နေ၏။

"ဒီအခန်းလေးတွေထဲမှာပဲ ယောကျ်ားတော်တော်များများ ပြောလေ့ပြောထရှိတဲ့ စကားတွေကို မမငြိမ်း နားထောင်ခဲ့တာ စိတ်

www.burmeseclassic.com



ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ ဆိုင်ကိုလာတဲ့ ဧည့်သည်တွေ တစ်ခဏ စိတ်ပျော်ပါးစေဖို့ ပြန်ပြောခဲ့ရတာတွေ အကြိမ်ပေါင်း မရေတွက်နိုင်တော့ဘူး၊ ဒီနံရံတွေသာ သက်ရှိတွေဆိုရင် နားငြီးလို့ ထွက်ပြေးကြမှာ သေချာတယ်၊ မင်းလည်း မမငြိမ်းနဲ့နှစ်ယောက်တည်း တွေးပြီး ဒီစကားတွေပဲ ပြောဦးမှာ မဟုတ်လား"

အမောပြေလောက်သောအခါ မမငြိမ်းနှုတ်မှ တီးတိုး ရေရွတ်နေပြန်၏။ မမငြိမ်းစကားတွေကြောင့် သူ ပြုံးလိုက်မိသည်။

"ဒီနေ့ မမငြိမ်း ကြားရမယ့်စကားက အဲဒါတွေနဲ့ လုံးဝ မပတ်သက်ဘူး"

"ဘာအကြောင်းလဲ . . . မမငြိမ်းပတ်ဝန်းကျင်က လူတွေ မသိထားတဲ့အကြောင်းတွေ မင်းက သိထားနေလို့လား"

မမငြိမ်း၏ အတွေးအခေါ်က အတော်လေး တာသွားနေသည်ပဲ။ ဒီလောကမှာ ကျင်လည်ပြီး ဘုရင်မတစ်ဆူလို နာမည်ကြီးနေမှတော့ ဒါတွေက အဆန်းမဟုတ်တော့ပြန်။

"ဒီက လူတွေအားလုံးက မမငြိမ်းကို မမငြိမ်းလို့ပဲ ခေါ်ကြတာလား"

"ဒါပေါ့ . . . ငယ်တဲ့လူတွေက မမငြိမ်းလို့ခေါ်တယ်၊ တချို့ ကျတော့လည်း ငြိမ်းလို့ ခေါ်တယ်လေ"

သူ့အတွက်တော့ စကားလမ်းကြောင်းစဖို့ အခွင့်အရေး





ရသွားသည်။ လျှပ်တစ်ပြက် ပေါ်လာသောစိတ်ကူးကို မဆိုင်းဘဲ ပြောချလိုက်၏။

"ဒါဆို ကျွန်တော်က ငြိမ်းအေးမေလို့ ခေါ်လိုက်ရင် မမငြိမ်း အရမ်း အံ့ဩသွားမှာ မဟုတ်လား"

"ကြည့်စမ်း . . . ဒီနာမည့်ကို မင်း ဘယ်လိုလုပ်ပြီး သိထားတာလဲ၊ မှန်မှန်ပြောစမ်း . . . မင်း ဘယ်သူနဲ့ ပတ်သက်နေလဲ"

တကယ်တမ်းမှာတော့ အံ့ဩခြင်းမှ လွတ်မြောက်ပြီး မငြိမ်း တုန်လှုပ်သွားတာ သိသာလွန်းသည်။

"ပြောမှာပါ မမငြိမ်း၊ ပြောချင်လွန်းလို့ နှစ်ယောက်တည်း တွေ့ဖို့ ဖန်တီးခဲ့တာပေါ့၊ ဟိုးလွန်မြောက်ပြီးစီးခဲ့တဲ့ နှစ်တွေတုန်းက အငြိမ့်မင်းသမီး ချမ်းမြငြိမ်းဆိုတာကို မမငြိမ်း သိမှာပေါ့နော်"

"မင်း ဘယ်သူလဲဟင် . . . မမငြိမ်းနာမည်ကို သိတဲ့အထိ သိပ်ပြီး ကိစ္စမရှိသေးဘူး၊ အခုဟာက မေမေ့နာမည်ကိုပါ သိနေတာဆိုတော့ . . ."

မမငြိမ်းတစ်ယောက် ဘယ်အထိ တစ်ဆုံးတွေးသည် မသိ ဘူး။

"ကျွန်တော်မြတ်မိုးပါ မမငြိမ်း၊ အန်တီချမ်းခေါ် ဒေါ်ချမ်းမြငြိမ်းရဲ့ အနုပညာအောက်မှာ ကြီးပြင်းခဲ့ရတဲ့ သူပါ၊ ကျွန်တော်ဟာ ညီညီမြတ်ရဲ့ တူအရင်းပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မေမေ ဘယ်မှာလဲ၊ ဒီလောကမှာရော မေမေတင် ယောက် ရှိသေးရဲ့လားဟင်"

မာယာကင်းသော လက်များဖြင့် သူ့လက်မောင်းကို ဆုပ်တွယ်လာ၏။ အားကိုးတကြီး ပြောရှာသော မမငြိမ်း၏ အမူအရာများက ယုန်သူငယ်လေးလို ဖြစ်နေပြန်သည်။ ရင်ထဲမှာ သံယောဇဉ် အရိပ်အငွေ့တို့ ကြီးစိုးစွာဖြင့် မမငြိမ်းအား ပြောလိုက်မိသည်။

"ရှိပါသေးတယ် မမငြိမ်း၊ အန်တီချမ်းဟာ ဒုက္ခိတ ယောက်ျားကို အနီးကပ်ပြုစုရင်းနဲ့ ကျွန်တော်တို့မိသားစုနဲ့အတူတူ ရှိနေပါတယ်"

"မေမေ့ကို တွေ့ချင်လိုက်တာ၊ မေမေ့မျက်နှာကို မမြင်ရတာ နှစ်တွေအများကြီး ကြာခဲ့ပြီ"

အန်တီချမ်း စိုးရိမ်သလို မမငြိမ်းဘက်က ခါးခါးသီးသီး ဖြစ်မနေပေ။ မိခင်တစ်ယောက်ကို တမ်းတနေရှာသော မမငြိမ်း၏ အမူအရာတွေကြောင့်ပင် ရင်မှာ ထိခိုက်ရပြန်၏။

"တွေ့ရမှာပါ မမငြိမ်း၊ မမငြိမ်းကိုလည်း အန်တီချမ်းက တွေ့ချင်နေပါတယ်၊ ဒီရက်ပိုင်းကျမှ အန်တီချမ်းမှာ မမငြိမ်းဆိုတဲ့ သမီးတစ်ယောက် ရှိနေသေးတာကို ကျွန်တော်က အမှတ်ရပြီး စကားစပ်ကြည့်ရင်းက ဒီအစီအစဉ် ဖြစ်သွားခဲ့တာ၊ မမငြိမ်း ဒီမှာ ရှိနေတယ်ဆိုတာကို အန်တီချမ်း သိတာလည်း ရက်ပိုင်းလောက်ပဲ





ရှိသေးတာ၊ ကျွန်တော် ဒီကို ရောက်လာရတာက အန်တီချမ်းနဲ့ မငြိမ်းတို့ တွေ့ပေးဖို့ သက်သက်ပါပဲ"

"ကျေးဇူးတင်လိုက်တာ မောင်ရယ်၊ မမငြိမ်းမှာ မိမဲ့ဘမဲ့ ဆွေမျိုးမဲ့နဲ့ ဘဝကို ကြုံသလို ရုန်းကန်ခဲ့ရတဲ့ ရက်ပေါင်းတွေက နည်းတော့ဘူး၊ မင်းကို မောင်တစ်ယောက်လို သဘောထားပြီး အရင်းတနှီးနဲ့ မောင်လို့ပဲ ခေါ်တော့မယ်၊ မေမေကို အခုချက်ချင်း သွားတွေ့ရအောင် မောင်"

မမငြိမ်းကတော့ သူ့ကို မောင် . . . ဟု ခေါ်ဝေါ်နေပြီ။ သူ့လက်ကို ဆွဲပြီး အားချင်းသွားဖို့ မမငြိမ်း ချက်ချင်း ကြိုးစား၏။

"မလောပါနဲ့ မမငြိမ်း၊ အန်တီချမ်းနဲ့တွေ့ဖို့ ဒီလောက် သွယ်ကူရင် မောင့်အနေနဲ့ ဘာမှ ကြိုးစားပေးစရာ မလိုဘူး၊ မကြာခင်မှာ စည်သူတို့ ရောက်လာကြလိမ့်မယ်၊ ကျေးဇူးပြုပြီး ဒီကိစ္စတွေကို မမငြိမ်းနဲ့ မောင်ကလွဲပြီး ဘယ်သူမှ မသိပါစေနဲ့၊ မောင် ရှင်းပြချင်တယ်၊ စည်သူတို့က မောင့်အကြောင်းကို ပြောပြထားရင် ပြောပြထားလိမ့်မယ်၊ မောင့်မိဘတွေက စည်သူ့မိဘတွေလို မဟုတ်ဘူး၊ ညည်းကမ်းကြီးကြတယ်၊ သူတို့အိမ်မှာ မရှိတုန်းအချိန်မို့ အန်တီချမ်းတို့ မောင် အကူအညီပေးနိုင်တာ၊ မေမေတို့ ဖေဖေတို့က မနက်ဖြန်ဆို ပြန်ရောက်လာကြလိမ့်မယ်၊ မမငြိမ်းသဘောနဲ့ မမငြိမ်း အန်တီချမ်းကို ဆက်သွယ်ရင် ဒုက္ခများကုန်လိမ့်မယ်၊ မမငြိမ်းလည်း



www.burmeseclassic.com

www.burmeseclassic.com



သိထားပြီး ဖြစ်မှာပါ။ မောင့်ကို တစ်ရက်လောက် အချိန်ပေးပါဦး။ သန်ဘက်ခါကျရင် မနက်ကိုးနာရီတိတိ ရွှေတိဂုံဘုရားက စဥ့်ကူးမင်း ခေါင်းလောင်းနားမှာ မမငြိမ်း စောင့်နေ၊ မောင်နဲ့အန်တီချမ်းတို့ အရောက်လာခဲ့မယ်၊ ပြီးမှ တစ်နေရာရာကို သွားချင်ရင်လည်း သွားကြတာပေါ့ မမငြိမ်း"

မမငြိမ်းနှင့် သဘောတူညီမှုရပြီး မကြာသော အချိန်ပိုင်း မှာပင် သက်သက်နှင့် ဝါဝါတို့ အခန်းအတွင်းသို့ ဝင်ရောက်လာကြ ၏။ သူနှင့်မမငြိမ်းတို့၏ အခေါ်အပြောတွေကြောင့် သက်သက်တို့ အံ့သြနေကြသည်။

စည်သူနှင့် မင်းမင်းအောင်တို့ ရောက်လာကြပြန်တော့ လည်း ထိုနည်းတူပင် ဖြစ်၏။

စည်သူတို့၏မျက်လုံးများကတော့ မမငြိမ်း၏ပိုက်ကွန်ထဲမှာ သူကျရောက်နေပြီ . . . ဟု အပြစ်ပြောနေကြသည်လေ။ အချိန်တန် ရင်တော့ ဒီပြဿနာ၊ ဒီကိစ္စတွေက သူ့အလိုလို ရှင်းလင်းသွားမှာ သေချာသည်ပဲ။

* * * * *

လပြည့်နေ့၌ အန်တီချမ်း ဘုရားသွားမည့်ကိစ္စမှာ မေမေ ဒို့က အသာတကြည်ပင် ခွင့်ပြုလေ၏။ အန်တီချမ်းကို ဘုရားလိုက် ပို့ပေးဖို့ပင် ဖေဖေက ဝင်ပြောသည်။

"ဒေါ်ချမ်း ဘုရားသွားရင် သွားပေါ့၊ သားက မင်းအန်တီ ချမ်းကို ဘုရားလိုက်ပို့ပေး၊ သူ ပြန်ချင်တဲ့အချိန်လောက်ကျရင် သွား ခေါ်ပေးလိုက်ပေါ့"

အန်တီချမ်းနှင့်အတူတူ တစ်နေ့လုံး အပြင်ထွက်ခွင့်ရ အောင် ကြံဖန်ပြီး သူ တောင်းဆိုရသေး၏။

**[illegible]**

www.burmeseclassic.com

www.burmeseclassic.com



"အန်တီချမ်းကို ဘုရားပို့ပေးပြီး သားလည်း သူငယ်ချင်းတွေနဲ့ လျှောက်လည်ချင်တယ် ဖေဖေ"

"သွားလေ . . . တစ်ခုတော့ ရှိတယ်နော် သား၊ သားအလည်လွန်ပြီး အန်တီချမ်းကို ဝင်ခေါ်ဖို့ မေ့နေဦးမယ်"

"စိတ်ချပါ ဖေဖေ၊ အန်တီချမ်း ပြန်ချင်တဲ့အချိန်ကို ဝင်ခေါ်ပေးမှာပါ"

ဖေဖေနှင့်စကားပြောဆိုပြီး အဆင်ပြေနေစဉ်မှာပင် မေမေက စကားဝင်ထောက်လိုက်၏။ မေမေ အသိပေးလိုက်မှ ဦးလေးညီညီမြတ်ကို သွားသတိရမိသည်။

"ရှင်က လွှတ်တာတော့ ဟုတ်ပါပြီ၊ ရှင့်ညီက သူ့မိန်းမကိုအပျောက်ခံတာ မဟုတ်ဘူး၊ ဖြစ်ရော ဖြစ်ပါ့မလား၊ တော်ကြာတစ်ခုခုဖြစ်ရင် အိမ်ကလူတွေ နေမရ ထိုင်မရ ဖြစ်နေဦးမယ်"

အန်တီချမ်းကတော့ မေမေ့စကားကို ဘာမှ ပြန်မပြောပေဖေဖေကသာ ကြည့်ကောင်းအောင် ပြောလိုက်၏။

"ဒေါ်ချမ်းက အမြဲတမ်း သွားတာမှ မဟုတ်တာဘဲ၊ တစ်ခါတလေမှ သွားတာ၊ ဒေါ်ချမ်းလည်း ပြောပြပြီးမှ သွားမှာပေါ့"

ဖေဖေ ပြောသလိုပင် သူလည်း ဖော့ပြီး တွေးခဲ့၏။

ဖေဖေတို့နှင့် လူချင်းခွဲပြီးမှ ဦးလေးညီညီမြတ်ကိုစွဲဒေါ်ချမ်း ပြောလာသည်။





"သားမေမေ ပြောတာ ဟုတ်တယ်၊ မင်းဦးလေးက တစ်နေ့ဆုံးပျောက်တာကို စိတ်ကောင်းမယ် မထင်ဘူး၊ မင်းဦးလေးကသူခေါ်ရင် အနားရောက်လာမှ ကျေနပ်တာကွဲ့"

"ဦးလေးကို ကြည့်ပြောတာပေါ့၊ မမငြိမ်းနဲ့က ချိန်းပြီးသားဖြစ်နေပြီလေ၊ သားပါလိုက်ပြီး ပြောပေးမယ်"

ဒုက္ခိတဖြစ်နေသော ဦးလေးက ဒေါ်ချမ်း ပျောက်ဆုံးသွားမှာကို နေ့နေ့ညညဆိုသလို စိတ္တဇ ဖြစ်နေတတ်၏။ အခက်အခဲတွေကြားမှ ဒေါ်ချမ်းကို ဦးလေးရအောင် ယူခဲ့သည်။ ဒုက္ခမျိုးစုံခံပြီးအိမ်ပေါ်ပြန်တက်တော့ မိဘတွေက ဒေါ်ချမ်းကို လက်မခံချင်ပေ။ ကြားထဲ ဒုက္ခိတဘဝ ရောက်သွားတော့ ဒေါ်ချမ်း ထွက်သွားလေမလားဆိုသောစိတ်က ရောဂါတစ်ခုလို စွဲကပ်နေခဲ့၏။

လူတစ်ယောက်၏ကံကြမ္မာသည် မှန်းဆဖို့ အတော်ခက်၏။

ဆွေကြီးမျိုးကြီးမှ ဆင်းသက်ပြီး အငယ်ဆုံးသောသားသည် သာမန်တစ်ခုလပ် အငြိမ့်မင်းသမီးတစ်ယောက်နှင့် ညားလိမ့်မည်။ ဒုက္ခိတဘဝရောက်ပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်လိမ့်မည် . . .ဟု



www.burmeseclassic.com

ဘယ်တော့မှ ကြုံပြီး တွေးကြမည် မထင်။

တစ်နေရာမှ တစ်နေရာသို့ ဖင်ကို တရွတ်တိုက်ရွှေ့နေ သော ဦးလေးညီညီမြတ်၏ ဒုက္ခမှာ ဝဋ်တစ်ခုကို ခံစားနေရတာ ဆိုရင် မှားမည် မထင်ပေ။

"မင်း ဆယ်တန်းအောင်ပြီလား"

ဒေါ်ချမ်းနှင့်အတူပါလာသော သူ့ကို ဦးလေးက နှုတ်ဆက် မေး, မေးလိုက်၏။ စိတ်ကောင်းဝင်သောအချိန်မို့ အခေါ်အပြော လုပ်တာ ဖြစ်သည်။ တစ်ခါတလေများ တကူးတကတွေ့လျှင် စကား ပြောချင်မှ ပြန်ပြောတတ်၏။

"ဖြေတော့ ပြီးပြီ၊ အောင်မှာပါ ဦးလေး"

"ငါတို့မျိုးဆက်မှာ မင်းတစ်ယောက်ကိုပဲ အားကိုးရမှာ ငါ့ဆီကတော့ ဘာမျိုးဆက်မှ ကျန်ခဲ့တော့မှာ မဟုတ်ဘူး၊ မင်းကို မင်းအဖေနဲ့ အမေကသာ မမွေးဖွားနိုင်ခဲ့ရင်တော့ ငါတို့ မျိုးဆက် တုန်းပြီ၊ မင်း လိမ္မာနော်"

"ဟုတ်ကဲ့ပါ ဦးလေး၊ ကျွန်တော့်ကိုချည်းပဲ ဆုံးမနေတာပဲ ဦးလေးလည်း ဒေါ်ချမ်းကို အနိုင်မကျင့်နဲ့ဦး၊ တော်ကြာ ဒေါ်ချမ်း စိတ်ညစ်နေရဦးမယ်"

ဒေါ်ချမ်းက မပြောရန်ဟန့်သော်လည်း သူ ပြောဖြစ်အောင် ပြောလိုက်သည်။





"ငါ့အနံ့တာကို ခံတာ ဒီမိန်းမပဲ ရှိတာ၊ သူ့ကိုပဲ ဆိုးလို့ရ နေတာ၊ ဟောက်လို့ရနေတာ၊ သူ့ကိုမှ မဟောက်ရင် ငါ သေသွားနိုင် တယ်"

"ဆိုးပါ၊ ဟောက်ပါ ကိုညီရယ်၊ တစ်ခါတလေ ကလေးလာ ရင် ဒီလိုပဲ ကောင်းကောင်းမွန်မွန် ဆက်ဆံစမ်းပါဦး"

"ငါက ဆက်ဆံချင်ပါတယ်၊ သူ့အဖေက ငါ့ကို ဒီတိုင်းပစ် ထားလွန်းတယ်၊ မင်းသာ ငါ့အနားမှာ ရှိမနေရင် ငါ သေတာ ကြာပြီ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ ကိုညီအတွက်လိုလေသေး မရှိအောင် ဆေးဝါးကုသမှုတွေ ပေးနေတာပဲ၊ ကျွန်မလိုတော့ ဘယ်မှာ လာပြီး ကိုယ်ဖိရင်ဖိ ပြုစုပေးနိုင်မှာလဲ၊ ဒါကို နားလည်ပေး ရမယ်လေ"

ဦးလေးညီညီမြတ်က ဒေါ်ချမ်း ပြောသောစကားကို ခေါင်း ညိတ် ခေါင်းခါခြင်း မပြုပေ။

"မင်းကို ကြည့်ရတာ ငါ့မျက်စိထဲမှာ တစ်နေ့တခြား အိုစာ သာသလိုပဲ မိန်းမရာ၊ မင်းမှာက ငါ့ကို ပြုစုရ၊ ဒီအိမ်က အလုပ်တွေ လုပ်ရနဲ့ ပြောင်ပြောင်ယောင်ယောင်နေရတယ်ကို မရှိဘူး၊ ဒါကိုရော မင်း ဘာပြောချင်လဲ"

ဒုက္ခိတကြီး ဦးလေးပြောသောစကားမှာ မှန်နေပြန်၏။ ဒေါ်ချမ်းကိုတော့ အားလုံးက သိပ်ပြီး အရာမသွင်းချင်ကြပေ။

www.burmeseclassic.com



"ကလေးရှေ့မှာ ဘာတွေလျှောက်ပြောနေတာလဲရှင်"

"အေး ဒါဆိုလည်း ငါ မပြောတော့ဘူး၊ ငါ့ကို ဆေးလိပ်တိုက်"

ဒေါ်ချမ်းက ဦးလေးကို ပွေ့ထူပေးပြီး ဆေးလိပ်သောက်ဖို့ အကူအညီပေးရပြန်သည်။ တစ်နေ့ . . . တစ်နေ့ ဦးလေး ဝေယျာဝစ္စတွေကြားမှာ ဒေါ်ချမ်း ပင်ပန်းရှာမည်။ ဒါကို တစ်ချက်လေးမျှ ဒေါ်ချမ်း မညည်းညူရှာပေ။

"ဦးလေး"

ဦးလေး ဆေးလိပ်သောက်ခြင်း ပြီးသွားသည်နှင့် ဘုရားသွားဖို့ကိစ္စကို ပြောဖို့ သူ ကြိုးစားလိုက်သည်။

"ဘာလဲ မြတ်မိုး"

"မနက်ဖြန် လပြည့်နေ့လေ၊ အဲဒါ ဒေါ်ချမ်း ဘုရားသွားဖူးချင်လို့တဲ့"

"ဟုတ်လား မိန်းမ"

ဒေါ်ချမ်းကတော့ နှုတ်စကားမဆိုဘဲ ခေါင်းညိတ်ပြ၏။ ဦးလေးက စကားပိတ်ပြောလိုက်သည်။

"အိမ်မှာလည်း ဘုရားရှိနေတာပဲ၊ တကူးတက သွားဖူးရတယ်လို့ကွာ"

"မဟုတ်ဘူးလေ ဦးလေး၊ ဒေါ်ချမ်းက ရွှေတိဂုံကို သွားချင်





တာ၊ ဘုရားမှာ သီလယူပြီး အေးအေးဆေးဆေးနေရအောင်လေ"

"ဒါဆို အချိန်အကြာကြီးပဲပေါ့၊ သွားလို့ မဖြစ်ပါဘူး၊ တော်ကြာ ငါ့ကို ကြည့်မယ့်သူ မရှိဘဲ ဖြစ်နေဦးမယ်"

"စိတ်ချပါ ဦးလေးရဲ့၊ အိမ်က ကျန်တဲ့လူတွေကို ကျွန်တော် သေသေချာချာ မှာခဲ့မှာပါ၊ ကျွန်တော်ကိုယ်တိုင် ကားနဲ့ ဒေါ်ချမ်းကို လိုက်ပို့ပေးမှာပါ၊ ပြီးတော့ အပြန်ကိုလည်း ကားနဲ့ သွားကြိုပေးမှာပါ၊ ဒီအိမ်ကြီးနဲ့ ဦးလေးအနားမှာပဲ အမြဲနေရတော့ ဒေါ်ချမ်းလည်း ငြီးငွေ့ရှာမယ်လေ"

"နေပါဦးကွ . . . မင်းတို့ မိသားစုက ငါ့မိန်းမကို အနုနည်းသုံးပြီး အိမ်က နှင်ကြမလို့လား"

"ဦးလေကလည်း ကြံကြီးစည်ရာ၊ ဒီလို ဘယ်လုပ်ရက်ပါ့မလဲ၊ ဦးလေးအနားမှာ ဒေါ်ချမ်းမရှိရင် မဖြစ်ဘူးဆိုတာ အားလုံးသိနေကြတာပဲဥစ္စာ၊ ဖေဖေတို့ မေမေတို့ကို ဦးလေး မယုံဘဲနေရင် နေနိုင်ပါတယ်၊ ကျွန်တော့်စကားကိုတော့ ယုံပါ ဦးလေးရာ"

သူ့အသံက တကယ့်ကို ကွဲအက်သွားခဲ့၍လား မပြောတတ်။

ဦးလေးညှိုညှိမြတ်မျက်နှာ အရောင်ပြောင်းသွားသည်ကို သတိထားမိလိုက်သည်။

နောက်ဆုံးမှာတော့ ဒေါ်ချမ်း ဘုရားသွားဖို့ကိစ္စကို ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်လိုက်ရလေ၏။

၅။

သူ မနက်အိပ်ရာနိုးတော့ မိုးစင်စင် လင်းနေပြီ။ မျက်နှာသစ်ဖို့ အသွား မီးဖိုချောင်ဆီကို လှမ်းကြည့်မိ၏။ အန်တီချမ်းတစ်ယောက် အပြင်သွားဖို့ ပြင်ဆင်ထားပြီး ဖြစ်နေ၏။ ယောဂီရောင် သမီနှင့်အင်္ကျီအဖြူတို့သည့် အနည်းငယ်သစ်လွင်နေသေးသော်သည်း သူ ငယ်ငယ်က တွေ့ဖူးမြင်ဖူးခဲ့သော အလှအပများကတော့ ရေးရေးမျှပင် ကျန်နေတော့၏။

"ရှစ်နာရီထိုးခါနီးပြီး မောင်မြတ်မိုး"

သတိပေးသလိုဖြင့် သူ့ကို အန်တီချမ်း ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



အန်တီချမ်းမျက်နှာရိပ်တို့တွင် ဝမ်းသာခြင်း အရိပ်အယောင်တွေ ပြည့်နှက်နေသည်။

အန်တီချမ်း စိတ်ကျေနပ်အောင် သူ ပြန်ဖြေလိုက်၏။

"အဝတ်အစားလဲပြီးတာနဲ့ သွားလို့ ရပါပြီ အန်တီချမ်း"

အန်တီချမ်းကတော့ အိမ်ဝေယျာဝစ္စများနှင့် ဦးလေးအတွက် အားလုံးအဆင်သင့်ဖြစ်စေရန် တတ်နိုင်သမျှ ဆက်လုပ်နေ၏။

မျက်နှာသစ်ရင်းကပင် မမငြိမ်းကို မြင်ယောင်မိသည်။ မမငြိမ်းတစ်ယောက် ဘာလိုလိုနှင့် သူ့ဘဝထဲသို့ မသိမသာ တိုးဝင်လာနေသည်ပဲ။ ရင်ခုန်ခြင်းကိုလည်း သူ့ဘာသာ ဆန်းစစ်နေမိပြန်၏။

အဝတ်အစားလဲပြီး အန်တီချမ်း ပြင်ပေးထားသော ကော်ဖီနှင့် မုန့်ကို ကမန်းကတန်း စားလိုက်သေး၏။ စောစောက တွေ့ရသော အန်တီချမ်းသည် အရိပ်အယောင်မျှပင် မမြင်ရတော့ပေ။

စားသောက်ခြင်းကို လက်စသတ်လိုက်ပြီး ဦးလေးနှင့် အန်တီချမ်းတို့ နေထိုင်ကြသော အိမ်လေးဆီသို့ ထွက်လာခဲ့သည်။

သူ ထင်ထားသည့်အတိုင်းပင် အပြင်သွားခါနီးအချိန်အထိ ဦးလေးအနားမှာ ဝတ်ကြီးဝတ်ငယ် အန်တီချမ်း ပြုပေးနေ၏။

သူ့ကိုမြင်တော့ ဦးလေးက အန်တီချမ်းကို ပြောလိုက်၏။





"မင်းတူ လာနေပြီ"

သူ့အနားသို့ ရောက်လာခိုက်မှာပင် အန်တီချမ်းက ခွင့်ပန်၏။

"ကျွန်မ သွားတော့မယ် ကိုညီ"

"သွားပေါ့လေ . . . အချိန်အကြာကြီးတော့ လုပ်မနေနဲ့ဦး၊ အနားမှာ မင်းရှိမှ ငါ့အတွက် အဆင်ပြေမှာ၊ မရွေ့မရှားနိုင်တဲ့ ဘဝမို့ ငါ၊ ဘုရားသွားကျောင်းတက်ကို အတူတူပြုချင်ပေမယ့် ဝဋ်ကြွေးကြောင့်ပဲ ကျန်နေခဲ့ရတာ"

ဦးလေး ညီညီမြတ်၏ စကားသံတွေကြောင့် အန်တီချမ်း ပျော်နေ၏။ သွားရမည့် သူ့ခြေလှမ်းတွေပင် နောက်ဆံတင်းရလေ၏။

အန်တီချမ်းကို မျက်ရိပ်ပြပြီး သူ ထွက်လာခဲ့သည်။ သူ့နောက်ပါးဆီမှနေပြီး အန်တီချမ်း လိုက်ပါလာ၏။ နောက်ကြောင်းကို လှည့်မကြည့်ဖြစ်အောင် စိတ်တင်းပြီး ကားဆီသို့ ထွက်လာခဲ့သည်။

ဦးလေးညီညီမြတ်ကတော့ မြင်နိုင်သရွေ့ မျက်စိတစ်ဆုံး လိုက်ကြည့်ပြီး ကျန်ရစ်နေမှာ သေချာသည်ပဲ။

မနက်ကိုးနာရီကွက်တိ ဘုရားရင်ပြင်တော်ပေါ်မှာ သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် ရောက်လာခဲ့သည်။ အရှေ့ဘက်မုခ်မှ တတ်လှေခါးဖြင့် တက်ဖြစ်သည်။ မမငြိမ်း စောင့်နေမည့် ခေါင်းလောင်းရှိရာသို့ အသွားမှာ အန်တီချမ်း မေးလာသည်။

"ဒီနေ့ ချိန်းထားတာတော့ သေချာပါတယ်နော်"

"သေချာပါတယ် အန်တီချမ်း၊ မမငြိမ်းကတောင် ကြို ရောက်ရင် ရောက်နေဦးမှာ"

စဉ့်ကူးမင်းခေါင်းလောင်းရှိရာ ဇရပ်နှင့် တဖြည်းဖြည်း နီးကပ်လာ၏။ လှမ်းအကြည့်မှာပင် မမငြိမ်း၏ ကိုယ်ဟန်ကို ဖျတ်ခနဲ တွေ့လိုက်ရ၏။ သူ့လိုပင် အန်တီချမ်းလည်း မြင်လိုက်သည်ပဲ။

"ဆံပင်ရှည်ရှည်နဲ့ တိုင်မှီပြီး ရပ်နေတာ သမီးလေး မဟုတ်လား"

"ဟုတ်တယ် အန်တီချမ်း။ အဲဒါ အန်တီချမ်းသမီး မမငြိမ်းပဲ၊ သူ ကျွန်တော့်တို့ကို တွေ့လို့ ပြေးဆင်းလာပြီ"

စဉ့်ကူးမင်းခေါင်းလောင်းနှင့် မလှမ်းမကမ်းနေရာမှာပင် သူတို့တတွေ တွေ့ဆုံဖြစ်ကြ၏။

သူတို့အားလုံး၏ ရင်ခုန်သံတွေ၊ ခြေလှမ်းတွေ တွေ့ဆုံချိန်မှာတော့ သားအမိနှစ်ယောက်၏ ကြေကွဲခြင်းတွေက ရင်ပွင့် ထွက်လာကြသည်။

"မေမေရယ် တကယ့်ကို အဘွားကြီးအိုရုပ် ပေါက်သွား





တော့တာပဲ၊ အမှတ်တမဲ့ ဆုံဖြစ်ကြရင် ဘယ်သူဘယ်ဝါဆိုတာ ဝေခွဲ ခက်မယ့် အနေအထားမျိုးပဲ"

မမငြိမ်း၏ ဆို့နင့်သံအဆုံးမှာ အန်တီချမ်း မျက်ရည်တွေ ကျလာ၏။ အန်တီချမ်းကို ဖက်တွယ်ပြီးသောအခါမှာလည်း မမငြိမ်း မျက်ရည်ကျသည်။

"သမီးလေးကို မတွေ့ရတာ နှစ်တွေ ကြာခဲ့ပြီပဲ၊ သမီးလေး အဆင်ပြေရဲ့လားလို့ မမေးရက်တဲ့၊ မေးမထွက်တဲ့ အနေအထားပါ ကွယ်"

သူကတော့ သားအမိနှစ်ယောက်၏ ကြေကွဲခြင်းတွေကို ...တ်ခံစားရုံမှအပ ဘာမှ ဝင်ရောက်ပြီး ပြောဆိုနိုင်ခြင်း မရှိခဲ့ပေ။

"မေမေ ဘုရားဝတ်ပြုလိုက်ဦးလေ၊ ပြီးမှ စကားပြောကြတာ ..."

အန်တီချမ်းကို ဖေးမကူရင်း မမငြိမ်း ပြော၏။

အန်တီချမ်းနှင့်အတူ ရောယောင်ပြီး သူလည်း ဘုရားဝတ် ...သည်။

စဉ့်ကူးခေါင်းလောင်း၏ အရိပ်ကွယ်တစ်နေရာမှာ သူတို့ ...း ထိုင်ဖြစ်ကြသည်။

ခံစားမှုတွေ ပေါ့ပါးစေရန် သူ တတ်နိုင်သရွေ့ စကား ...ကြောင်း ပြောင်းကြည့်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီချမ်းလို့ပဲ မမငြိမ်းက အဆိုကောင်းတယ်၊ မမငြိမ်း ဆိုတာကို ကျွန်တော် နားထောင်ခဲ့ဖူးတယ် အန်တီချမ်း"

"မောင်မြတ်မိုးလေးကြောင့် သမီးနဲ့မေမေ့တို့ ပြန်ဆုံဖြစ်ကြ တာ၊ သားလေးက မေမေ့အပေါ်မှာ သံယောဇဉ်ရှိသလို မေမေက လည်း သူ့ကို ပြုစုစောင့်ရှောက်ခဲ့ရတာ သမီး"

"သမီးဘဝကတော့ မေမေ့အကြင်နာတွေနဲ့ နှစ်ပေါင်းများ စွာ ဝေးကွာနေခဲ့ရတယ်၊ သံယောဇဉ်ဆိုတာ သမီးအသိမှာ ရှားပါးပစ္စည်း တစ်ခုလို ဖြစ်ခဲ့တယ်"

"သမီးလေး အိမ်ထောင်တွေ ဘာတွေကျပြီလား"

"သံယောဇဉ်ဆိုတာကို အလေးမမူတတ်တဲ့ နှလုံးသား အတွက် အိမ်ထောင်ဆိုတာ ပျက်လုံးတစ်ခုပဲ ဖြစ်နေမှာပေါ့ မေမေ ရာ၊ သမီး မေမေ့ကိုသတိရတိုင်း အိပ်မက်ထဲမှာပဲ တွေ့ရတာ၊ အခု ပြန်တွေ့ရတော့ မေမေ့ရုပ်က အရမ်းကျသွားတာပဲ၊ သမီးတို့ သား အမိတွေ ပြန်ဆုံကြပြီပဲ၊ မေမေ သမီးနဲ့အတူ လိုက်နေပါလား မေမေ့ကို တင့်တောင့်တင့်တယ် သမီးထားနိုင်ပါပြီ မေမေ"

မမငြိမ်းကတော့ အန်တီချမ်းကို ဆွဲထုတ်ဖို့ ကြိုးစားနေပြီ မမငြိမ်း၏ တောင်းဆိုမှုမှာ အရာမရောက်ခဲ့။

ညင်သာစွာပင် အန်တီချမ်း ငြင်းပယ်လိုက်၏။





"ဒါတော့ မဖြစ်ဘူး သမီး၊ ဒုက္ခိတဖြစ်နေရှာတဲ့ လင် ယောက်ျားကို ဒီအတိုင်းထားခဲ့ပြီး ဘဝနောက်ကို မေမေ လိုက်နိုင်မှာ မဟုတ်ဘူး"

"မေမေရယ် . . . မေမေဒုက္ခက ကြီးလွန်းပါတယ်၊ သူတို့ တွေရဲ့မျက်နှာကြားမှာ မေမေ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းတွေ နှစ်ပေါင်းများစွာ ခံခဲ့ရတာ မဟုတ်လား၊ မေမေ မငြင်းချင်ပါနဲ့၊ မေမေ့ ပုံသဏ္ဌာန်ကို ကြည့်ရင် အထင်အရှား ဖြစ်နေတာပဲ"

သူ့ကို အနားမှာထားပြီး မမငြိမ်း တွယ်ပြီဆိုတာကို သူ သိလိုက်၏။ ဒီပြဿနာကို သူ မဖန်တီးသော်လည်း သူနှင့်ပတ်သက် နေတာကိုတော့ ရှောင်လွှဲ၍ မရပေ။

"ဝဋ်ကြွေးတစ်ခုပဲပေါ့ သမီးရယ်၊ ဒီဘဝမှာတော့ ကျေ အောင် မေမေ ဆပ်ချင်တယ်၊ သမီးနဲ့တွေ့ရတာကိုပဲ မေမေ ကျေနပ် အားရလှပါတယ်၊ သမီးခေါ်ရာနောက်ကိုတော့ မေမေ လိုက်နိုင်မှာ မဟုတ်ဘူး"

"သမီး ဘာပြောရမှန်းတောင် မသိတော့ဘူး၊ နည်းလမ်း တစ်ခုခုကိုတော့ သမီး ထပ်စဉ်းစားပါဦးမယ်"

ဒီနေရာမှာတော့ သူ ကြားဝင်ဖို့ ဆုံးဖြတ်လိုက်သည်။

သူ့စကားကိုတော့ မမငြိမ်း နားမလည်နိုင်ခဲ့ရင်တောင်မှ



www.burmeseclassic.com

www.burmeseclassic.com



အန်တီချမ်းကတော့ အပြည့်အဝ နားလည်မည်ပဲလေ။

"ကျွန်တော် နည်းနည်းဝင်ပြောပါရစေ မမ္ဗြိမ်း"

"ပြောလေ မောင်"

"ဒီလိုပါ . . . အန်တီချမ်းရဲ့ ခင်ပွန်းဟာ ကျွန်တော့်ဦးလေး ဆိုတာ မမငြိမ်း သိပြီးသားပါ။ အန်တီချမ်းကလည်း ကျွန်တော်တို့ အရိပ်အာဝါသအောက်မှာ နေ့နေရတဲ့သူ၊ ထားလိုက်ပါလေ . . . တကယ်လို့များ အန်တီချမ်း မမငြိမ်းနောက်ကို လိုက်သွားခဲ့ရင် ဦးလေးရဲ့အသက်ရှင်မှုဟာ ရေရှည် မဖြစ်နိုင်တော့ဘူး၊ အခုမှ မဟုတ်ဘူး၊ နှစ်ပေါင်းများစွာ ရက်ပေါင်းများစွာလိုလိုပဲ ဦးလေး မျက်စိအောက်ကနေ အန်တီချမ်းကို အပျောက်ခံခဲ့တာ မဟုတ်ဘူး၊ ဒီနေ့ မမငြိမ်းနဲ့ တွေ့ဖို့ကိစ္စကိုတောင် ကျွန်တော်ပါ ဝိုင်းပြောပေးခဲ့ရတာ၊ ဦးလေးက ဘဝသုဉ်းနေတဲ့ ဒုက္ခိတတစ်ယောက်ပါ၊ ဒီလို ဖြစ်တာ မနေ့တစ်နေ့ကမှ မဟုတ်ပါဘူး မမငြိမ်း"

"မောင်ကတော့ မောင့်ဘက်ကနေ မောင်ပြောတာပဲ၊ မမငြိမ်း ဒီအချက်ကို ထည့်မစဉ်းစားချင်ဘူး၊ မမငြိမ်း စဉ်းစားနေတာက စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေတဲ့ မမငြိမ်းမေမေကို ရအောင် ခေါ်ထုတ်ဖို့ပဲ မောင်"

မမငြိမ်းကတော့ ပြတ်သားနေ၏။

နောက်ဆုံးမှာတော့ အခြေအနေက မလျော့သာ မတင်း





သာဖြင့် ပြီးဆုံးသွားခဲ့၏။

"သမီးရယ် . . . မေမေတို့ချင်း တွေ့ချင်ရင် မောင်မြတ်မိုး တစ်ယောက်လုံး ရှိနေတာပဲဥစ္စာ၊ အရင်လို မတွေ့ရ မမြင်ရတဲ့ ဘဝ မျိုးမှ မဟုတ်တော့တာ"

"မေမေရှိတဲ့ နေရာကို သမီး လာတွေ့မယ်ဆိုရင်ရော"

မမငြိမ်းမေးခွန်းက တစ်စုံတစ်ခုကို လှုပ်နှိုးလိုက်တာ ထင်ရှားနေ၏။ သူ ဖြေရကျပ်နေစဉ်မှာပင် အန်တီချမ်း ဖြေလိုက်၏။

"သမီး မေမေ့ဆီကို လာတွေ့လို့တော့ မဖြစ်နိုင်ဘူး၊ ဒါတော့ မေမေ ခွင့်မပြုနိုင်ဘူး၊ မောင်မြတ်မိုးတို့ မိဘတွေက စည်းနေစ် အရမ်းကြီးတယ်၊ သမီးလာရင် ထိပ်တိုက်တွေ့ကြ ပြောကြဆိုရင် အားလုံး စိတ်မကောင်းစရာတွေ ဖြစ်ကုန်မယ်၊ မေမေ အဖြစ်ခံနိုင်ဘူး သမီး"

"မေမေရယ် ယောကျ်ားတွေကြောင့် မေမေ ဒုက္ခရောက်ရတာကို ထည့်မတွက်တော့ဘူးလားဟင်၊ သမီးရဲ့ အဖေအရင်းကလည်း မေမေ့ကို ပစ်ထားခဲ့တယ်၊ ဒီနေ့အထိ သတင်းအစအန မရဘူး၊ နောက်တစ်ယောက်ကျပြန်တော့လည်း ဘာထူးသေးလို့လဲ မေမေ၊ သူဌေးသား နန်းဆန်ချင်တဲ့သူကို စုံမက်မိတယ်၊ မေမေနဲ့ သမီး အဲဒီအသိုင်းအဝိုင်းကြောင့် ရှင်ကွဲကွဲခဲ့ရတယ်၊ မေမေက စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ ဘဝကိုဖြတ်သန်းခဲ့ရရင် သမီး ဖြေတာသေး

www.burmeseclassic.com



တယ်၊ အခုတော့ ဒီလို မဟုတ်ဘူး၊ ဒီအသိုင်းအဝိုင်းက မေမေနဲ့သမီးကို ရှင်ကွဲခွဲတုန်းပဲ မေမေရယ်"

"တော်ပါတော့ သမီး၊ မောင်မြတ်မိုးလေးကို အားနာဖို့ကောင်းပါတယ်၊ လူ့ဘဝဆိုတာက ကိုယ်ဖြစ်ချင်သလိုမှ မဖြစ်ရတဲ့ သမီးရယ်၊ သမီးဘဝအတွက် မေမေ တာဝန် မကျေနိုင်တာကိုတော့ ခွင့်လွှတ်ပါကွယ်"

မမငြိမ်းကတော့ ဘဝအတွေ့အကြုံတွေကြောင့် အတော်လေး အသည်းမာနေပုံရ၏။

မမငြိမ်းဘက်ကကြည့်လျှင် မှန်နေသလို၊ အန်တီချမ်းဘက်က ကြည့်ရင်လည်း မှန်နေပြန်၏။ သူ့အနေနှင့် ဘယ်ဘက်ကို အလေးသာပေးရမှန်း မသိသလောက် ဖြစ်ခဲ့ရသည်။

❧ ❧ ❧ ❧ ❧

၃။

မမငြိမ်းနှင့် အန်တီချမ်းတို့ ပြန်လည်တွေ့ဆုံရသလို၊ သူနှင့် မငြိမ်းတို့လည်း ရင်းနှီးကျွမ်းဝင်ခဲ့ကြ၏။

သူတို့တွေ အောင်စာရင်း ထွက်ခါနီးပြီမို့ စည်သူနှင့် ခင်းမင်းအောင်တို့က စာမေးပွဲအောင်ဖို့အရေးကို စိတ်မအေးနိုင်ကြသေး၊ သူ့အတွက်ကတော့ အောင်ပြီးသား . . . ဟု စိတ်က မှတ်ယူပြီး ထူးအနည်းအများကိုသာ မျှော်နေရ၏။

"မင်းကတော့ အောင်စာရင်းနဲ့ ပတ်သက်ပြီး လုံးဝ အေးအေးဆေးဆေးပဲနော် မြတ်မိုး၊ ငါတို့ မအောင်ရင်တော့ အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာဖြစ်မှာ သေချာတယ်"

"မင်းတို့လည်း အောင်ရင် အောင်မှာပါကွာ"

မိုးရာသီ၏ အရိပ်အယောင်တို့သည် တစ်စုံတစ်ယော[…]
အား လွှမ်းဆွတ်စေသလိုပင် . . ။

လွှမ်းစေသောမိုး၏ စေ့ဆော်မှုကြောင့်ပင် သူ့အာရုံထဲ[…]
မမငြိမ်း အလိုလို ဝင်လာ၏။

မိုးတွေက ရက်ဆက်သည်းနေတော့ စည်သူနှင့် မင်းမ[…]
အောင်တို့ သွားစရာလာစရာမရှိဘဲ သူ့အိမ်သို့ လာလည်ကြ၏[…]

"ဒါနဲ့ မင်း စက်ာပူ အလည်သွားမယ်ဆိုတာ ဘယ်တေ[…]
လောက်လဲ မြတ်မိုး"

သူတို့အောင်စာရင်း ထွက်ပြီးပါက စက်ာပူကို ဖေဖေ[…]
အလည်လိုက်သွားပြီး သူ့ကို စက်ာပူမှာ ကျောင်းတက်ဖို့ကိစ္စ[…]
အလည်အပတ်သွားရင်း လက်စနှင့်လုပ်ခဲ့မည် . . . ဟု ဖေဖေ[…]
ပြောသည်။ ဒီအစီအစဉ်ကို မင်းမင်းအောင်တို့ သိထားကြ၏။

"တစ်လလောက်တော့ လိုဦးမယ် ထင်တာပဲ၊ ဖေဖေတေ[…]
စီစဉ်နေတာပဲ"

"မင်းက စာတော်တဲ့ကောင်ပဲ၊ ဟိုမှာ မင်း အဆင်ပြေမှာ[…]
တစ်ခါတည်း မင်း နေခဲ့မှာ မဟုတ်လား"

"ဒီကိုတော့ ပြန်လာဦးမှာပါ စည်သူရာ"





မိုးက ကောင်း၊ သူတို့စကားဝိုင်းကလည်း ကောင်းနေစဉ်မှာ
ပင် ခြံထဲသို့ ကားတစ်စီး ဝင်လာ၏။

"မင်းအဖေ ပြန်လာတာ ထင်တယ်"

ဖေဖေ့စီးနေကျကား မဟုတ်ဘူးဆိုတာကို သူ သိနေ၏။
မိုးရေကြားထဲမှာ သဲသဲကွဲကွဲ မြင်လိုက်ရမှ မိုးကုတ်မှ ဖေဖေ့စီးပွား
ဖက် ဦးနိုင်ဦး၏ကား ဖြစ်နေ၏။

"မိုးကုတ်က ဧည့်သည်တွေပဲ၊ ဖေဖေလည်း ပါလာတယ်၊
မင်းတို့ ဒီမှာ ခဏထိုင်နေကြဦး၊ ငါ မေမေ့ကို သွားပြောလိုက်ဦးမယ်"

စည်သူတို့ကို ထားခဲ့ပြီး မေမေ့ထံသို့ အပြေးသွားခဲ့၏။ သူ့
အကြောင်းကြားချက်ကို စိတ်အေးလက်အေးဖြင့် မေမေ တုံ့ပြန်ခဲ့၏။
သူ မသိသေးသော အကြောင်းအရာများကိုလည်း မေမေ ပြောသေး
သည်။

"ဦးနိုင်ဦးတို့ ရောက်လာကြပြီလား၊ သမီးလေး ပွင့်ဦးခင်
ရော ပါလာတယ် မဟုတ်လား"

ဦးနိုင်ဦး၏သမီး ပွင့်ဦးခင်ကို မိုးကုတ်သို့ တစ်ခါနှစ်ခါ
အသွားမှာ မြင်ဖူးတွေ့ဖူးထားသည်။

"သား သေသေချာချာ မကြည့်ဖြစ်ခဲ့ဘူး မေမေ၊ ကားကို
မြင်လိုက်တာနဲ့ မေမေ့ဆီ အသိလာပေးတာ"

"သားကို ပြောပြထားဖို့ မေ့နေခဲ့ကာ၊ ပွင့်ဦးခင်က မေမေတို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာနေပြီး ဆယ်တန်းဖြေမှာလေ"

သားအမိနှစ်ယောက် စကားပြောရင်း အိမ်ရှေ့ထွက်လာကြသည်။ စည်သွေ့နှင့် မင်းမင်းအောင်ကတော့ ပွင့်ဦးခင်ကို မြင်သည်နှင့် ပစ္စည်းများကိုပင် ဝိုင်းသယ်ပေးပြီးနေပြီ။

သချာတာကတော့ ပွင့်ဦးခင်နှင့်ပတ်သက်ပြီး စည်သူတို့သူ့ကို ဝိုင်းကြပ်ကြတော့မှာ ကျိန်းသေ၏။

ဦးနိုင်ဦးနှင့်အတူ ဖေဖေလည်း တစ်ခါတည်း ပါလာသည်။ သူ့ကိုတွေ့သည်နှင့် နှုတ်သွက်စွာဖြင့် ပွင့်ဦးခင် ပြောလိုက်သည်။

"ကိုကိုတို့ အောင်စာရင်းတွေ ရှေ့အပတ်ထဲ ထွက်မှာဆို၊ ကိုကိုက ဂုဏ်ထူးတွေ အများကြီးနဲ့ အောင်မယ့်သူဆိုတော့ ပွင့်ဦးခင်ကို မုန့်အဝကျွေးရမှာနော်"

လူကြီးများက သူတို့နှစ်ဦးကိုကြည့်ပြီး ပြုံးရယ်နေကြသော်လည်း စည်သူတို့ကတော့ မိတ်ဆက်ပေးဖို့ မျက်ရိပ်ပြနေကြ၏။

ပွင့်ဦးခင်ကို စကားပြန်ရောရင်းကပင် စည်သူတို့နှင့် တစ်ပါတည်း မိတ်ဆက်ပေးလိုက်သည်။

"ကျွေးရမှာပေါ့ ပွင့်ဦးခင်၊ ပစ္စည်းတွေ ကူသယ်ပေးခဲ့တဲ့ ဒီနှစ်ယောက်က ကိုကို့သူငယ်ချင်းတွေလေ၊ သူက စည်သူ၊ နောက်တစ်ယောက်က မင်းမင်းအောင်တဲ့၊ သူတို့လည်း အောင်စာရင်းကို စောင့်နေကြတာ"





သူ့စကားဆုံးသည်နှင့် ပွင့်ဦးခင်ကို ဝိုင်းရောကြတော့၏။

"မြတ်မိုးလိုပဲ ကျွန်တော်တို့ကို ခင်နိုင်ပါတယ် ပွင့်ဦးခင်"

"မြတ်မိုးကတော့ စာတစ်ခုထဲမှာပဲ အာရုံထားနိုင်လွန်းတဲ့သူပဲ၊ တခြားသွားစရာ လာစရာ ရှိတာတို့၊ ပစ္စည်းတွေ ဘာတွေဝယ်ချင်ရင် ကျွန်တော်တို့ အများကြီး အကူအညီ ပေးနိုင်ပါတယ် ပွင့်ဦးခင်"

"ကျေးဇူးတင်ပါတယ်ရှင်"

လျှာသွက်သော ပွင့်ဦးခင်တစ်ယောက် စည်သူတို့အကြောင်းကို သိမှာမဟုတ်ပေ။ လူကြီးတွေရှေ့မှာထားပြီး တရင်းတနှီး မိတ်ဖွဲ့နေကြ၏။

ကြားထဲမှနေပြီး မေမေ ဝင်လိုက်တော့မှ စကားဆက်ဖို့အခွင့်အရေးတွေ နည်းပါးသွားခဲ့သည်။

"သမီးလေးလည်း ပင်ပန်းလာတယ်၊ သမီးနေရမယ့် အခန်းကို အားလုံးပြင်ထားတယ်၊ အန်တီ လိုက်ပြပေးမယ်"

မေမေနှင့်ပွင့်ဦးခင်တို့ နေရာမှ ဦးစွာထွက်သွားကြသည်။ ဖေဖေနှင့်ဦးနိုင်ဦးတို့လည်း လိုက်ပါသွားကြ၏။

သူနှင့် မင်းမင်းအောင်တို့သာ နေရာမှာ ကျန်နေရစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်မိုးတို့ စန်းပွင့်ပုံကတော့ တကယ့်ကို အလုံးအရင်
ဝင်လာတာပဲ၊ ပွင့်ဦးခင်ကလည်း အချောလေးပဲ၊ သူက အလည်
တာလား"

တစ်နယ်တစ်ကျေးမှဆိုတာကိုတော့ စည်သူတို့ သိသည်
လက်စနှင့်မို့ သူ ပြောလိုက်သည်။

"ပွင့်ဦးခင်က မိုးကုတ်က၊ သူ့အဖေနှင့် ဖေဖေတို့က စီး
ဖက်တွေပဲ၊ ဒီနှစ် ငါတို့အိမ်မှာနေပြီး ပွင့်ဦးခင် ဆယ်တန်းဖြေ

"အခုမှ မင်း ဖွင့်ပြောရသလားကွာ"

"ငါလည်း ဒီအကြောင်းတွေကို သိပ်မကြာခင်ကမှ သိရ
ပါကွာ"

ပွင့်ဦးခင်ကို သူနှင့် ပတ်သက်ဆက်စပ်ရမည် . . .
စည်သူတို့ တွက်ထားပုံရသည်။

"ပွင့်ဦးခင် ရောက်လာတာ မင်းအတွက် တစ်မျိုး
ကောင်းသွားတယ်၊ မမငြိမ်းနဲ့စာရင် ပွင့်ဦးခင်နဲ့ဆို မင်း အလိုက်
ဆုံးပဲ"

"ဟုတ်တယ် မြတ်မိုး၊ မမငြိမ်းဆိုတဲ့ မိန်းမမျိုးက လူ
လောက် ကြောက်စရာကောင်းတယ်၊ ခဏတာအတွက် စိတ်အ
ဖြေရုံသက်သက်ပဲ ကောင်းတယ်၊ ပွင့်ဦးခင်ကတော့ မင်းတစ်ဘ





အတွက် အနားမှာ ရှိနေသင့်တဲ့ မိန်းကလေးပဲ မြတ်မိုး"

မမငြိမ်းအကြောင်းပြောမှ သူနှင့်မမငြိမ်းတို့ ချိန်းဆိုထားသည်ကို သတိရသွားသည်။

မမငြိမ်းနှင့် ပတ်သက်ပြီး သူ့ကို စည်သူတို့က နည်းမျိုးစုံ စွပ်စွဲနေကြသည်။

"ဒီနေ့ နှစ်နာရီ ငါနဲ့မမငြိမ်း အပြင်မှာ ဆုံဖို့ ချိန်းထားတယ်"

"ဘာလဲ မြတ်မိုး . . . ငါတို့မသိတဲ့ အကြိမ်တွေအတွက်ပါ ရောယောင်ပြီး မင်း ပြောလိုက်တာလား၊ မင်းနဲ့ မမငြိမ်းတို့ အပြင်မှာ တွေ့တာ ဒီတစ်ကြိမ်မှ မကဘဲကွာ"

သူနှင့် မမငြိမ်းက စည်သူတို့ ထင်နေကြသလို မဟုတ်ပေ။ အန်တီချမ်းနှင့် ပတ်သက်ပြီး သူနှင့် မမငြိမ်းတို့ တွေ့ဖြစ်နေကြသည် . . . ဟု သူ့မှာ ဖွင့်ပြောနိုင်စွမ်း မရှိပေ။

ဒီနေ့လည်း မမငြိမ်းက ပြောစရာစကား ရှိသည် . . . ဟု ဆက်သွယ်လာသောကြောင့် သူ သွားတွေ့ရဦးမည်လေ။

www.burmeseclassic.com

www.burmeseclassic.com

သ၀။

တစ်နာရီမိနစ်နှစ်ဆယ်မှာတော့ အပြင်ထွက်ဖို့ အဆင်သင့် စ်နေပြီ။ တစ်မနက်လုံး ရွှာချထားသော မိုးကြောင့်ပင် ကောင်းကင် ာ နေပွင့်လာခဲ့၏။

ကားသော့ယူပြီး ဧည့်ခန်းထဲမှအထွက်တွင် ပွင့်ဦးခင်နှင့် တ်နှာချင်းဆိုင် ဆုံတော့သည်။

"ကိုကို အပြင်သွားမလို့လား"

ရေမိုးချိုးပြီး အလှပြင်ပြီးစ ပွင့်ဦးခင်၏ အလှအပများသည် င့်မောဖွယ်ရာ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ရွှေ့လိုက်ပြီးမှ သူ ပြန်ပြောလိုက်သည်။

"ဟုတ်တယ် ပွင့်ဦးခင်"

"ဒါဆို ပွင့်ဦးခင်လည်း လိုက်မယ် ကိုကို"

ပြောပြောဆိုဆိုပင် ပွင့်ဦးခင်က သူနှင့်လိုက်ဖို့ အသင့်လို ဖြစ်နေ၏။

သူ သွားမည့်ခရီးက မမငြိမ်းရှိသောနေရာ။ ပွင့်ဦးခင် လိုက်လို့ ဖြစ်မည် မထင်ပေ။

"ဒီနေ့တော့ မလိုက်နဲ့ ပွင့်ဦးခင်ရဲ့၊ ကိစ္စတစ်ခုရှိလို့ သူငယ်ချင်းတွေဆီ သွားမှာ၊ ယောက်ျားလေးတွေဆိုတော့ ပွင့်ဦးခင် အနေကျပ်မယ်လေ၊ နောက်နေ့တွေမှာ ပွင့်ဦးခင် သွားချင်တဲ့ နေရာကို ကိုကို လိုက်ပို့ပေးမယ်"

ပွင့်ဦးခင် နှုတ်ခမ်းလေး စူချင်ချင် ဖြစ်သွား၏။

အလိုမကျချင်သော လေသံဖြင့် တစ်စုံတစ်ခုကို ထပ်မံ တောင်းဆိုပြန်၏။

"ဒါဆိုလည်း ပြီးရော၊ ပွင့်ဦးခင် မှာတာကိုတော့ ကိုကို ဝယ်လာပေး"

"ဘာများလဲ ပွင့်ဦးခင်"

"ကြေးအိုးကောင်းကောင်း သောက်ချင်တယ် ကိုကို၊ အပြင် သွားတာ မိုးချုပ်ဦးမှာလား"





"မချုပ်ပါဘူး ပွင့်ဦးခင်ရဲ့၊ ကိုကို ပြန်လာရင် ကြေးအိုးပ် ...ောင် ယူလာခဲ့မယ်နော်"

ပွင့်ဦးခင် မျက်နှာလေး ချက်ချင်း ပြန်ပြုံးသွားသည်။

နေရာမှ ထွက်ခွာခါနီးမှာ အရယ်စွက်ပြီး ပွင့်ဦးခင် နောက် ...ိတ်သေး၏။

"ကိုကို့ရည်းစားနဲ့ ချိန်းထားလို့ ပွင့်ဦးခင်ကို မခေါ်တာ ...ော့ မဟုတ်ပါဘူးနော်"

ရည်းစားမဟုတ်သော်လည်း ပွင့်ဦးခင် အပြောင်အနောက် ...ကြောင့် လိပ်ပြာမလုံချင် ဖြစ်မိသည်။

"မဟုတ်ပါဘူး ပွင့်ဦးခင်ရယ်"

ပွင့်ဦးခင်နှင့် စကားဖြတ်ပြီး သူ ထွက်ခဲ့ရသည်။

သူနှင့် ပထမဆုံး ချိန်းဆိုခဲ့သည့်အကြိမ်ကလွဲပြီး ဘယ်အခါ ...ဖြစ် မမငြိမ်းတစ်ယောက် ချိန်းဆိုရာနေရာမှာ စောစီးစွာ ...တ်နေတတ်သည်ပဲ။ ဒီတစ်ကြိမ်မှာလည်း သူ့အနေနှင့် ကွက်တိ ...ခဲ့သော်လည်း ပွင့်ဦးခင်ကြောင့်ပင် မမငြိမ်းထက် နောက်ကျမှ ...တ်ရဦးမည်လေ။



www.burmeseclassic.com

www.burmeseclassic.com



မမငြိမ်း ချိန်းဆိုထားသော အင်လျားလမ်းပေါ်ရှိ ဆိုင်ဖေ
ရှေ့သို့ သူရောက်သွားချိန်မှာ သုံးနာရီအတိ ဖြစ်နေ၏။

ဆိုင်အတွင်းသို့ မျက်စိကစားကြည့်သောအခါ အနော
ဘက်ထိုင်ခုံမှာ တစ်ယောက်တည်း ထိုင်နေသော မမငြိမ်းကို တွေ
ရသည်။

ဆိုင်မှန်တံခါးကို တွန်းဖွင့်ဝင်လိုက်သည်နှင့် လေအေးစ
၏ အငွေ့အသက်က မျက်နှာကို လာဟပ်၏။

ထိုင်ခုံတွင် မထိုင်မီ မမငြိမ်းက စကားနာထိုး၏။

"ကိုယ်ပိုင်ကားနဲ့လာရတဲ့သူကတော့ အချိန်ကို တစ်မိ
မစွန်းဘဲ ကွက်တိရောက်တယ်"

"မောင် . . . စောရောက်ချင်ပေမယ့် ကိစ္စတစ်ခုကြော
မရောက်ဖြစ်တာပါ မမငြိမ်း"

ဆိုင်အတွင်းမှာ သူတို့လိုစုံတွဲ လေး,ငါးတွဲ ထိုင်နေကြ
တခြားစုံတွဲများကတော့ ပြုံးရယ်ချိုသာစွာဖြင့် ချစ်တင်းနှောနေ
၏။ အပြင်က ကြည့်လိုက်တော့ သူနှင့် မမငြိမ်းတို့ကို စုံတွဲတွေ
ထင်ကြမှာ သေချာသည်။

သူနှင့် မမငြိမ်းတို့၏ ရင်ထဲမှာတော့ အချစ်နှင့်မပတ်သ
သောကိစ္စများသာ ရှိကြသည်ပဲ။

လာချပေးသော အအေးကို တစ်ငုံသောက်နေဆဲမှာ





ငြိမ်း စကားစ,ပြောသည်။

"အရမ်း အရေးကြီးတဲ့ကိစ္စတော့ မဟုတ်ပါဘူး၊ ဒါပေမယ့်
မေနဲ့ ပတ်သက်တဲ့ ခံစားမှုကို ပြောပြစရာလူဆိုလို့ မောင်တစ်
ယောက်ပဲရှိတာ မဟုတ်လား၊ ဒါကြောင့် ဗီးနပ် (စ်) ကို မသွားခင်
ားပြောရအောင် ချိန်းလိုက်တာ"

"အန်တီချမ်းနဲ့ ပတ်သက်ပြီး ဘာများ အထွေအထူးကိစ္စ
ဲလဲ မမငြိမ်း"

"မေမေနဲ့ပတ်သက်ပြီး တို့ဆုံးဖြတ်ချက်တစ်ခုကို ပြောပြချင်

စကားကို ခဏဖြတ်ထားပြီး သူ့အရိပ်အကဲကို မမငြိမ်း
ကြည့်သည်။ စူးရှဖမ်းစားနိုင်သော မျက်ဝန်းနက်များကြောင့်ပင်
ာင်လိုက်ဖို့ရပြန်သည်။

မမငြိမ်း ပြောမည့် အကြောင်းအရာကို ငြိမ်သက်စွာ သူ
ားင့်မိသည်။ သူ့ထံမှ စကားပြန် မရသည့်အတွက် မမငြိမ်းကပင်
ဆက်ပြောသည်။

"တို့ဘဝမှာ သိတတ်စအရွယ်မှာ ဖခင်ဆိုတာကို မမြင်တွေ့
ာက်ရဘူး၊ မိခင်တစ်ယောက်ရဲ့ ရင်ခွင်မှာ ခိုပြီး ပျော်ရွှင်စရာ
ဝမ်းနည်းစရာတွေကို ခံစားခဲ့ရတယ်၊ သိပ်မကြာပါဘူးလေ၊ မေမေက
မောင်တို့ ဦးလေးနဲ့ ဇာတ်လမ်း ဖြစ်သွားတယ်၊ မောင်တို့ဦးလေးက



www.burmeseclassic.com

www.burmeseclassic.com



မမငြိမ်းတို့ဘဝထဲကို ရောက်လာတယ်၊ ဖခင်တစ်ယောက် မဟုတ်ပေမယ့် ဖခင်တစ်ယောက်လို တို့ သဘောထားခဲ့တယ်၊ ဒါပေမယ့် နှစ်ပိုင်းတောင် မခံပါဘူး။ လေးငါးခြောက်လလောက်ပဲ ကြာမယ်ထင်တယ်၊ မေမေ့ကို မောင့်ဦးလေးက ဆွဲထုတ်သွားခဲ့တယ်၊ အဲဒီအချိန်ကစပြီး တို့ဟာ ရင်ခွင်ပျောက်တဲ့ ကလေးတစ်ယောက် ဖြစ်ခဲ့ရတယ်၊ မေမေကတော့ တို့ကို လာတွေ့မယ် ပြောတာပါပဲ၊ လက်တွေ့မှာ တို့ဆီ မလာခဲ့ပါဘူး၊ တို့က တွေ့ဖို့ ကြိုးစားပေမယ့် လုံးဝ တွေ့ခွင့် မရခဲ့ဘူး၊ ဒီနောက်ပိုင်းမှာ မောင်တို့မိသားစုလိုက် ရန်ကုန်ကို ပြောင်းရွှေ့သွားကြတယ်၊ အဲဒီကတည်းက ကွဲသွားကြတာ နှစ်တွေ နည်းရောလား၊ အခုမှ သားအမိချင်း ပြန်တွေ့ဖြစ်ကြတယ်"

မမငြိမ်းစကားများက အန်တီချမ်းအပေါ် တာဝန်ပုံချသလို ဖြစ်နေ၏။ မမငြိမ်း မသိသေးသော ကိစ္စများကို သူ ရှင်းပြလိုက်ရမြ် သည်။

"မမငြိမ်းဘက်က ကြည့်ရင်တော့ မှန်နေပါတယ်၊ မိခင်တစ်ယောက်ဖြစ်ပြီး လူမမယ်သမီးလေးကို ဒီတိုင်းထားခဲ့တယ် ယောကျ်ားနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားခဲ့တယ် လူတွေကလည်း ဒီလိုပဲ ထင်ကြ ပြောကြလိမ့်မယ် မမငြိမ်း၊ မောင်သိသလောက်ကတော့ အန်တီချမ်းတို့ အိမ်ပေါ်ပြန်ရောက်လာပြီး





ကြာခင်မှာပဲ ဦးလေးတစ်ယောက် ကြမ္မာငင်ပြီး ဒုက္ခိတဘဝကို ရောက်သွားခဲ့တာ ဒီနေ့အထိပဲ ဆိုပါတော့"

စကားခဏဖြတ်ပြီး မမငြိမ်း စိတ်ဝင်စားမှု ရှိ၊မရှိကို သူ တဲခတ်ရသေး၏။ မျက်လွှာချပြီး နားထောင်နေသောကြောင့်ပင် ဆက်ပြောဖို့ အားတက်သွားမိသည်။

"အန်တီချမ်းကို အဘိုးအဘွားတွေကရော၊ အားလုံးက ကြတယ်ဆိုတာကို ဝန်ခံပါတယ်၊ ဦးလေးဒုက္ခိတ မဖြစ်ခင်တည်းက ဘာစွဲနေသလဲဆိုတော့ သူ့အသိုင်းအဝိုင်းက တစ်ဖက် ည့်နဲ့ အန်တီချမ်းကို အဝေးထွက်သွားခိုင်းမယ့်ကိစ္စပဲ၊ ဒုက္ခိတဘဝ ာက်တော့ ပိုဆိုးသွားတယ်၊ အန်တီချမ်းကို မျက်စိအောက်က ပျောက်မခံတော့ဘူး၊ သူ့ဘဝဟာ အန်တီချမ်းပဲလို့ သူထင်နေတာ၊ ဖြစ်လို့လဲဆိုတော့ အန်တီချမ်းက ဦးလေးကို ချစ်တယ်၊ အနွံတာ ယ်လေ၊ ဦးလေးဘဝက ဆုံးနေပြီပဲ၊ ဒီအနေအထားတွေကြောင့် မမငြိမ်းနဲ့ အန်တီထားတို့ ဝေးသထက် ဝေးခဲ့ကြတာ၊ ဦးလေးရဲ့ ်ရယ်၊ မမငြိမ်းကို လစ်လျူရှုထားမိတဲ့စိတ်တွေကြောင့်ပဲ . . . န်တီချမ်း လှုပ်ရှားနေထိုင်မှုတွေက တဖြည်းဖြည်း အိုစာလာတာ "

သူ့အကျိုးအကြောင်းပြချက်တွေက ခိုင်လုံလောက်ပြီ . . . ထင်မှတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားတွေဆုံးတော့ သက်ပြင်းရှည် မမငြိမ်းချသည်၊

"ထားလိုက်ပါတော့လေ . . . မေမေ့ကို ပြန်တွေ့တော့ မမငြိမ်းဘဝထဲကို ပြန်ခေါ်ဖို့ အရမ်းတောင့်တမိတယ်၊ ဒါပေမယ့် မေမေ့ကို မမငြိမ်း ပြန်မခေါ်တော့ပါဘူး၊ မေမေ ရှိသေးတယ်ဆိုတဲ့ အသိနဲ့ပဲ မမငြိမ်း ကျေနပ်နေပါတော့မယ်"

ဟိုအချိန်တွေတုန်းကတော့ အန်တီချမ်းက မမငြိမ်းကို လစ်လျူရှုခဲ့၏။ ဒီအချိန်မှာတော့ အန်တီချမ်းကို မမငြိမ်းက လစ်လျူရှုခဲ့ပြန်ပြီပဲ။

"အန်တီချမ်းကို မမငြိမ်း စိတ်နာနေလား"

"မနာပါဘူး မောင်၊ သံယောဇဉ်ဝင်ရိုးကြွေးတစ်ခုပဲလို့ အောက်မေ့ထားပါတယ်၊ ဟိုတုန်းကတည်းက မေမေ့အပေါ် စိတ်မနာခဲ့ပါဘူး၊ ငါ့မေမေကို တစ်နေ့ပြန်တွေ့ရမယ်ဆိုတဲ့ အသိတစ်ခုတည်းနဲ့ မမငြိမ်းဘဝကို ရင်ဆိုင်ရုန်းကန်ခဲ့ရတဲ့သူ မောင်ရယ်"

လှပပြုံးချိုသောမျက်နှာပေါ်တွင် ကြေကွဲခြင်း အရိပ်တွေက ဖုံးလွှမ်းနေ၏။

မမငြိမ်း၏အမှုအရာတွေကြောင့်ပင် ကရုဏာတရားတို့ ရင်မှာ ကြီးစိုးရပြန်သည်။

အပြင်ဘက်မှာလည်း မိုးသားတို့ ပြန်ပြီး အုံ့မှိုင်းစပြုလာ၏၊

မကြာခင်မှာ မိုးရွာတော့မည်ပဲ . . . ဗီးနပ် (စ်) သို့





ရောက်အောင် မမငြိမ်းအား လိုက်ပို့ပေးဖို့ သူ တွေးလိုက်၏။

မမငြိမ်းကို လိုက်ပို့ပြီးမှ ပွင့်ဦးခင်အတွက် ကြေးအိုး ဝယ်တော့မည် . . . ဟု တွေးလိုက်မိသည်။

သူ့အတွေးတွေထဲမှာ ပွင့်ဦးခင်တစ်ယောက်ကလည်း အဆစ်ပါလာပြန်သည်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

၁၁။

အောင်စာရင်းထွက်တော့ ဂုဏ်ထူးလေးခုဖြင့် သူ စာမေးပွဲအောင်သည်။ စည်သူနှင့် မင်းမင်းအောင်တို့လည်း အတူအောင်သည့်အတွက် သူ ပိုဝမ်းသာမိသည်။ ပွင့်ဦးခင်ကတော့ သူ့အောင်မြင်မှုအတွက် ဂုဏ်ယူမဆုံး ဖြစ်နေရှာသည်။

ဖေဖေ့ကတိအတိုင်းပင် စင်္ကာပူကို သွားရောက်လည်ပတ်ခွင့် သူ အခွင့်အရေးရသည်။

"ကိုကို စင်္ကာပူ သွားရင်တော့ ပွင့်ဦးခင်တော့ ပျင်းကျန်နေတော့မှာပဲ"

အင်ပါယာဆာစ

www.burmeseclassic.com

www.burmeseclassic.com



ချစ်စဖွယ် မျက်နှာထားလေးကို အိုမင်းအောင် လုပ်ရင် ပွင့်ဦးခင် ပြောသည်။ ပွင့်ဦးခင်နှင့် အနေများတော့ သံယော မကင်းဖြစ်သည်ကို ဝန်ခံချင်သည်။ ပွင့်ဦးခင်ရော သူပါ မောင်နှ အရင်းအချာ မရှိသည်မို့ . . . ကာလတိုလေးအတွင်းမှာ သံယော ပိုခဲ့ကြတာလည်း ဖြစ်နိုင်ကောင်း၏။

"ကိုကို သွားတာ ခဏပါ။ အလွန်ဆုံး ဆယ့်ငါးရက်, ရ နှစ်ဆယ်လောက်ပဲ ကြာမှာပါကွာ"

"အဲဒီက ပြန်လာပြီးရင် ဟိုမှာ ကျောင်းတက်ဖို့ ကို ထပ်သွားရဦးမှာ မဟုတ်လား"

"အဲဒါကလည်း ပွင့်ဦးခင်တို့ စာမေးပွဲဖြေပြီးလောက်မှ သ ဖြစ်မှာပါ"

"ဒီတစ်ခါက ကိုကိုနဲ့ ခဏပဲ ခွဲရမှာ၊ နောက်တစ်ခါဆို အကြာကြီး ခွဲနေရမှာ"

"ပွင့်ဦးခင်ရယ် . . . ကိုကို စင်္ကာပူ မသွားရင်လ ပွင့်ဦးခင်က အချိန်တန်ရင် မိုးကုတ်ပြန်မှာပဲ မဟုတ်လား"

တွေ့ဆုံကြုံကွဲသဘာဝတရားကို သူ နားလည်သရွေ့ ရှ မိသည်။ သူ ရှင်းပြလိုက်သည်ကပဲ မပြည့်စုံလို့လား မပြောတ စကားတတ်သော ပွင့်ဦးခင်က ချက်ချင်း ပြန်ပြော၏။

"မိုးကုတ်နဲ့ရန်ကုန်က ဝေးတယ် ဆိုပေမယ့် ရေခြားမြေ





မှ မဟုတ်ဘဲ၊ ကိုကို့ကို တွေ့ချင်ရင် လာနိုင်သွားနိုင်သေးတယ်လေ၊ စင်္ကာပူဆိုတာက အလွယ်တကူ လိုက်တွေ့လို့ ဖြစ်တဲ့ကိစ္စမှ မဟုတ်ဘဲ"

ရှိုးရိုးလေး တွေးလိုက်သော ပွင့်ဦးခင် စကားများက မှန်နေပြန်၏။

"နောက်ဖြစ်လာမယ့်ကိစ္စကို ခဏထားလိုက် ပွင့်ဦးခင်၊ ကိုကို မရှိတဲ့ ဆယ့်ငါးရက်, အရက်နှစ်ဆယ်အတွင်းမှာ ပွင့်ဦးခင်မှာ အဖော်ရှိနေတာပဲ"

"ဘာလဲ အန်တီချမ်းကို ပြောတာလား"

ဒီလိုကျပြန်တော့လည်း ပွင့်ဦးခင်က ချက်ချင်းသိ၏။ အချိန်တိုကာလလေးအတွင်းမှာပင် ပွင့်ဦးခင်နှင့် အန်တီချမ်းတို့ လည်း ရင်းနှီးနေကြ၏။

"ဟုတ်တယ်လေ . . . ကိုကိုဆိုရင် ဖေဖေတို့ မေမေတို့ ထက်၊ သူငယ်ချင်းအပေါင်းအသင်းတွေထက် အန်တီချမ်းကို ပို ခင်တွယ်မိတာ အမှန်ပဲ၊ ဟိုးငယ်ငယ်လေးကတည်းက အန်တီချမ်း က အရမ်းကို ဂရုစိုက်ခဲ့တာ၊ အခုမှ ရောက်လာတဲ့ ပွင့်ဦးခင်ကိုလည်း အန်တီချမ်းက ဂရုစိုက်တာပဲ့ မဟုတ်လား"

တောင်စတောင်မြောက်မြောက်တွေ လျှောက်ပြောရင်းက အန်တီချမ်းအကြောင်းကို ရောက်သွားတော့၏။

www.burmeseclassic.com



ပွင့်ဦးခင်တစ်ယောက်လည်း အန်တီချမ်းနှင့် ဦးလေး ညီညီဖြတ်တို့ ဘဝအကြောင်းကို အတော်လေး စိတ်ဝင်စားပုံရသည်။ ပွင့်ဦးခင်၏ နုနယ်သော နှလုံးသားအသိမှာတော့ အန်တီချမ်းတို့၏ အဖြစ်သနစ်တွေက ကြီးစိုးမင်းမူနေတာ အထူးအဆန်းတော့ မဟုတ် ပေ။

❧ ❧ ❧

"အန်တီချမ်းရဲ့ ချစ်ခြင်းမေတ္တာကတော့ တကယ့်ကို ကြီးမားတယ်နော်.ကိုကို၊ ဟိုတုန်းက အန်တီချမ်းက အငြိမ့်မင်းသမီး ဆို"

"ဟုတ်တယ် ပွင့်ဦးခင်၊ အငြိမ့်မင်းသမီး ဖြစ်ခဲ့တင် မကဘူး ကလေးတစ်ယောက်အမေလေ၊ မိဘတွေ လုံးဝ သဘောမတူတဲ့ ကြားက ဦးလေး ရအောင်ယူခဲ့တာ"

"သူတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် တော် ခတော် ချစ်ကြတာပဲနော်၊ အန်တီချမ်းက အပြင်ဘက်က ကြည့်ရ ဦးလေးကို ပိုက်ဆံရှိလို့၊ အသိုင်းအဝိုင်းကြီးလို့ ရအောင် ယူခဲ့တာ ထင်ရတယ်၊ တကယ့်လက်တွေ့ကျတော့ သူများ အနိမ့်ခံပြီးတော့ ဒုက္ခိတ ဖြစ်နေရှာတဲ့ ဦးလေးကို မညည်းမညူ ပြုစုရှာတယ်"





မေမေတို့ ဖေဖေတို့တင်မက တော်တော်များများကလည်း အန်တီချမ်းအပေါ် အမြင်မကြည်ကြပေ။

"အိမ်ကလူကြီးတွေကတော့ အန်တီချမ်းကို စရောက် ကတည်းက ဒီကနေ ထွက်သွားစေချင်တာ၊ ဦးလေးက ကောက်ခါ ငင်ခါနဲ့ ကြမ္မာငင်တော့ ဦးလေးအတွက် အဖော်ရတယ်ဆိုပြီး မထား ချင်ထားချင်နဲ့ ထားကြတာလေ"

"ဒါကို ဦးလေးကလည်း သိနေတယ်နော် ကိုကို၊ အန်တီ ချမ်း ပျောက်သွားမှာကို နေ့နေ့ညည စိုးရိမ်နေပုံရတယ်၊ ပြီးတော့ ရောဂါဝေဒနာကြောင့် စိတ်ကျတာလည်း ပါတယ်၊ အန်တီချမ်းရဲ့ ပြုစုမှုအောက်မှာ တကယ့်ကို ကလေး,လေးအတိုင်းပဲ နေထိုင် နေတာ၊ ညအိပ်ရာဝင်လည်း အန်တီချမ်း သီချင်းဆိုသိပ်မှ၊ မနက် အိပ်ရာအထကိုလည်း အန်တီချမ်း နှိုးမှ ထတတ်တာတဲ့၊ အစား အသောက် စားတာရော၊ ရေမိုးချိုးတာရော အန်တီချမ်းရှိမှတဲ့ ကိုကို"

"ပွင့်ဦးခင်ကတောင် ရက်တိုတိုနဲ့ အန်တီချမ်းတို့အကြောင်း ကို အတော်စုံအောင် သိနေတာပဲ"

"သူတို့နှစ်ယောက်ရဲ့ ဘဝဖြစ်တည်မှုက သနားစရာ ကောင်းပေမယ့် တကယ့်မေတ္တာစစ် မေတ္တာမှန်ရဲ့ ပြယုဂ်တစ်ခုပဲ နော် ကိုကို"

ပွင့်ဦးခင်၏ နှလုံးသားကတော့ အန်တီချမ်းတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တို စံထားလေပြီ။

"ဘာလဲ ပွင့်ဦးခင် . . . မိုးကုတ်မှာ ကျန်ခဲ့တဲ့ တစ်ယောက်သောသူကို သတိရပြီး ချစ်ခြင်းမေတ္တာတွေ ဘာတွေ အလွမ်းပြေ ပြောပြနေတာလား"

"မိုးကုတ်မှာ ပွင့်ဦးခင်အတွက် သတိရစရာ မရှိပါဘူးနော် စကားမစပ် မေးရဦးမယ်၊ ကိုကို့မှာရော ရည်းစားတွေ ဘာတွေများ ရှိလားဟင်"

"မူးလဲရင်တောင် ရှူစရာ မရှိပါဘူး ပွင့်ဦးခင်ရာ"

"တကယ်လား"

"ချစ်သူရည်းစားရှိတဲ့လူတစ်ယောက်က ဘယ်လောက် လျှို့ဝှက်၊ လျှို့ဝှက် ပေါ်တတ်တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ အတွေးတွေကို ချစ်သူက အမြဲစိုးမိုးထားနိုင်လို့လေ"

"ဒါဆို . . . ကိုကို့စိတ်ကို စိုးမိုးနိုင်တဲ့သူ မရှိသေးတဲ့ သဘောပေါ့ ဟုတ်လား"

ပွင့်ဦးခင်အမေးကို မဖြေဘဲ ခေါင်းညိတ်ပြလိုက်မိသည်

"ပွင့်ဦးခင်မှာလည်း မရှိပါဘူး ကိုကို၊ တစ်နေ့နေ့ ရှိလာရင် ရှိလာမှာပေါ့၊ အဲဒီအခါကျရင် အန်တီချမ်းလိုပဲ ကိုယ့်ချစ်သူအပေါ် ဘယ်ဘာ့ရောက်ရောက် အမြဲယုယကြင်နာမှာ . . . သိလား"

ဒါကတော့ ပွင့်ဦးခင်၏ကိုယ်ရေးကိုယ်တာကိစ္စပင် ဖြစ်၏

အင်းပါမောဏဇပ



သူနှင့် မဆိုင်သည်မို့ နောက်ပြောင်ပြီးတော့ပင် ဝေဖန်မှု ပေးဖြစ်ခဲ့ပေ။

စည်သူတို့ မင်းမင်းအောင်တို့ကတော့ သူနှင့် ပွင့်ဦးခင်ကို နီးစပ်စေချင်ကြ၏။

ဖေဖေတို့ မေမေတို့ကရော ဘာများထူးသေးလို့လဲလေ . . .။

သူ့အဖို့မှာတော့ သံယောဇဉ်ရှိမိရုံကလွဲလို့ ထူးခြားသော ခံစားခုန်မှုမျိုး မဖြစ်ခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com

## ၁၂

စက်ဘပူသွားခါနီးလေ သူ့အဖို့ အလုပ်တွေ ရှုပ်လေ ဖြစ်၏။ ...ေင်းမင်းအောင်တို့နှင့်ရော မမငြိမ်းတို့နှင့်ပါ သူ မတွေ့ဖြစ်ပေ။

စက်ဘပူသွားခါနီး မမငြိမ်းကိုတော့ သူ နှုတ်ဆက်ချင်သေး ...း စိတ်ကသာ ရှိသော်လည်း လူက မရောက်ဖြစ်ပြန်။

ပွင့်ဦးခင် အတင်းပူဆာလွန်း၍ မအားသည့်ကြားကနေ ...ည်းဝယ်ဖို့ သူ အဖော်လိုက်ပေးရသည်။

သူ့အတွက် အသုံးအဆောင်ပစ္စည်းများ၊ လက်ဆောင်ပေး... ပစ္စည်းများ ဝယ်ရန်ဆိုပြီး ဖေဖေနှင့်မေမေတို့ကလည်း အ...င်း



www.burmeseclassic.com

www.burmeseclassic.com



ထည့်လိုက်၏။

"လာတဲ့ရည်ရွယ်ချက်က ပွင့်ဦးခင်အတွက် ဝယ်မှာဆို အခု တော့ ကိုကို့အတွက်ချည်းပဲ ဝယ်နေတော့တာပဲ"

"ကိုကို့အတွက်ပြီးမှ ပွင့်ဦးခင်အတွက် ဝယ်မှာလေ"

ပစ္စည်းတွေ ဝယ်နေရင်းက တစ်စုံတစ်ယောက်က နောက် ယောင်ခံလိုက်ကြည့်နေသလို စိတ်ထဲမှာ ခံစားလိုက်ရ၏။ သူနှင့် ပွင့်ဦးခင်တို့နောက်မှ ကောက်ကောက်လိုက်ပါနေသော အရိပ် ကြောင့် သတိထားကြည့်ဖြစ်လိုက်သည်။ သူ့အကြည့်ကြောင့်ပင် နောက်ယောင်ခံသူက ကွယ်နေလိုက်၏။

အစအနအဖြစ် ကျန်ရစ်သော ဆံစရှည်များကြောင့်ပင် မမငြိမ်း ဖြစ်လေမလား . . . ဟု သူ တွေးလိုက်၏။

"ပွင့်ဦးခင် ပစ္စည်းဝယ်ရင် ဝယ်ဦးလေ၊ မိန်းကလေး အသုံး အဆောင်ဆိုင်နောက်ကို တကောက်ကောက် လျှောက်လိုက်နေတာ စိတ်ကျဉ်းကျပ်တယ်၊ ကော်ဖီသောက်ရင်း ကိုကို စောင့်နေမယ် ပြီးရင် လာခဲ့ပေါ့ ဟုတ်လား"

"ပွင့်ဦးခင်လည်း အဲဒီအစီအစဉ်ကို ပြောမလို့ပဲ ကိုကို"

နောက်ဆုံးမှာတော့ ပွင့်ဦးခင်က ဝယ်စရာ ရှိသည်များကို လိုက်ဝယ်ပြီး သူကလည်း ကော်ဖီဆိုင်သို့ ထွက်လာဖြစ်သည်။

ကော်ဖီဆိုင်သို့ သွားဟန်ပြုပြီးမှ ရိပ်ခနဲတွေ့လိုက်ရသော





ငြိမ်းကို ရှာဖို့ သူ ကြိုးစားလိုက်သည်။

* * *

"ဟိတ် . . . မောင်"

ပွင့်ဦးခင်အရိပ်အခြည်ကိုလည်း ကြည့်ရင်း၊ မမငြိမ်းကို ည်း ကျိုးကန်စေတာမှမှောက်ဆိုသလို ရှာနေသော သူ့အဖို့ တရက် လန့်သွားမိသည်။

"မမငြိမ်း"

"သူရဲခြောက်တာ မဟုတ်ပါဘူး မောင်ရဲ့၊ မင်း မမငြိမ်းကို ့လိုက်လို့ လိုက်ရှာနေတာ မဟုတ်လား။ မမငြိမ်းကတော့ ဒီအထဲ မင်းတို့ ဝင်လာကတည်းက နောက်ယောင်ခံပြီး လိုက်ကြည့်နေ "

ပွဲနေပွဲထိုင် အလှအပများဖြင့် ဝေးယူလောက်အောင် ငြိမ်း လှနေ၏။ ခုန်သွားသော ရင်ကြောင့် စိတ်လျှော့လိုက်ရ ည်။

"မောင်တို့ တစ်ခုခု သောက်ရအောင် မမငြိမ်း"

မမငြိမ်းလက်ထဲမှာ ပစ္စည်းအိတ်တွေ ဆွဲထား၏။ မမငြိမ်း ည်း ဈေးဝယ်ထွက်လာတာ ဖြစ်မည် ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် မောင်"

သူ့အတွေးထဲမှာ ချက်ချင်းဆိုသလို ပွင့်ဦးခင် မရှိတော့သလို ထူးဆန်းစွာ ခံစားလိုက်ရသည်။

မမငြိမ်းနှင့် အတူယှဉ်တွဲရင်းက ကော်ဖီဆိုင်ဘက်သို့ ထွက်လာကြသည်။

ကောင်တာမှာ ကော်ဖီအေးနှစ်ခွက်အတွက် ကျသင့်ငွေကို သူ ရှင်းသည်။ မမငြိမ်း ထပ်မံယူလိုက်သော မုန့်တွေအတွက်လည်း သူ ရှင်းလိုက်သည်။

"စားစရာတွေကို သယ်လာခဲ့မယ်၊ မမငြိမ်းသာ လွတ်တဲ့ခုံမှာ ထိုင်နေနှင့်လေ"

သူ့စကားကြောင့်ပင် ကောင်တာမှ မမငြိမ်း ထွက်သွားသည်။

စားစရာသောက်စရာများ အသင့်ရသောအခါမှ မမငြိမ်းရှိရာ စားပွဲသို့ သူသယ်လာသည်။

"မင်းကို ဒီရက်ပိုင်းမှာ တွေ့ချင်နေတာ၊ အိမ်ကိုတောင် အရဲစွန့်ပြီး ဖုန်းဆက်ကြည့်သေးတယ်"

ကော်ဖီအေး သောက်ရင်းက မမငြိမ်း ပြောသည်။

သူကလည်း အားကျမခံ စိတ်ထဲပေါ်လာသည်ကို ပြောလိုက်၏။





"ဒါဆိုရင်တော့ အရမ်းတိုက်ဆိုင်တာလို့ ပြောရမလိုပဲ မမငြိမ်း၊ မောင့်စိတ်ကလည်း မမငြိမ်းကို တွေ့ချင်နေတာ"

"ဘာအတွက် တွေ့ချင်တာလဲ မောင်"

"မောင် . . . စက်ာပူကို အလည်သွားမယ်လို့ ပြောထားတယ် မဟုတ်လား၊ သန်ဘက်ခါဆို မောင် သွားတော့မှာ မမငြိမ်း၊ မောင် တွေ့ချင်တာက မမငြိမ်းကို နှုတ်ဆက်ချင်လို့လေ"

"ကြားတစ်ရက်ပဲ လိုတော့တာ၊ မှတ်မထင်ဘဲ ဆုံမှ လွမ်းအောင် ချွဲပြတာလား မောင်၊ မောင်နဲ့ အတူတူပါလာတဲ့ ချာတိတ်မ ဘ မောင့်ကောင်မလေးလား"

"မဟုတ်ပါဘူး . . . ဘယ်ကမောင့်ကောင်မလေးမှ မဟုတ်ဘူး မောင့်သူငယ်ချင်း၊ အဖော်လိုက်ခဲ့ပေးတာ"

"ယုံပါမယ်ကွယ် . . . တော်ကြာ ခိုင်လုံအောင် မှုခင်းတွေ ထပ်ပြောနေလို့ မောင် ဇရဲပိုကြီးနေပါဦးမယ်"

"တကယ်ပြောတာပါ မမငြိမ်းရဲ့၊ ခဏနေရင် သူလည်း ဆိုင်ကို ရောက်လာမှာ၊ မမငြိမ်းနဲ့ မိတ်ဆက်ပေးမယ်လေ"

ပြောလိုက်ပြီးမှ သူ နောင်တရသွား၏။ မတော်လို့များ တိချမ်းအတွက် ဝယ်ခြမ်းလာသော ပစ္စည်းများကို စကားစပ်ရင်း ပွင့်ဦးခင် ပြောရင် ခက်ချေပြီ။

"မိတ်ဆက်မပေးနဲ့ မောင်၊ သူလာတာ မြင်တာနဲ့ မမငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



ထသွားမှာပါ။ လူကြီးဆိုတာ လူငယ်တွေကို နားလည်ပေးရတယ်လေ"

"ကဲပါလေ . . . မမငြိမ်း ထင်ချင်သလို ထင်တော့၊ မောင့်ကို တွေ့ချင်တယ်ဆိုတာ ဘာကြောင့်လဲ"

ပွင့်ဦးခင် ရောက်လာခဲ့ရင် အပြောအဆို မလွတ်လပ်မည်စိုးသောကြောင့် အမိအရ မေးလိုက်ရသည်။

"ဒီလို မောင် . . . မေမေ့အတွက်ပါ။ ပထမတော့ မမငြိမ်းအတွက် ပေဒင်မေးတာ၊ အဲဒီဆရာက အကြားအမြင်တွေ ဘာတွေပါ ဟောတာမှန်လို့ မေမေ့အတွက်ပါ မေးကြည့်လိုက်တယ်၊ ဒီရက်အတောအတွင်း မေမေ့အတွက် စိုးရိမ်ရတယ်တဲ့၊ မေမေရောကျန်းမာရဲ့လား မောင်၊ အဲဒါ သိချင်လို့ မောင်နဲ့ တွေ့ချင်တာ"

မမငြိမ်း မေးလိုက်မှ အန်တီချမ်းကို သတိရသွားသည်။ မှန်တာ ပြောရရင်တော့ အလုပ်တွေ ရှုပ်နေ၍ အန်တီချမ်းနှင့် အေးအေးဆေးဆေး မတွေ့ဖြစ်ပေ။ မမငြိမ်း အမေးကို ပေါ့ပြယ်ပြယ်ပင် ပြန်ဖြေလိုက်၏။

"ကောင်းပါတယ် မမငြိမ်းရဲ့၊ ပေဒင်ဆိုတာ အရမ်းယုံရင် မကောင်းဘူး၊ သိပ်အလေးအနက် မထားပါနဲ့"

"မမငြိမ်းအတွက်က ကိစ္စမရှိဘူးလေ၊ မေမေက မျက်ကွယ်မှာ ရောက်နေတာ မဟုတ်လား၊ စိုးရိမ်ရတာပေါ့ မောင်ရာ"

အင်ပါယာဆေး



စကားပြောရင်းက မမငြိမ်း၏မျက်လုံးများ အရောင်လက်သွား၏။

တစ်ခုခုထူးခြားပြီဆိုတာ သူ သိလိုက်၍ မမငြိမ်း အကြည့်နောက်သို့ လိုက်ကြည့်မိသည်။

ကော်ဖီဆိုင်ကို လာနေသော ပွင့်ဦးခင်ကို မြင်လိုက်ရသည်။

"ပွင့်ဦးခင်တောင် လာပြီ မမငြိမ်း"

"ကဲ မောင် . . . မမငြိမ်း သွားတော့မယ်"

စားပွဲမှ မမငြိမ်း ဖြုန်းစားကြီး ထထွက်သွား၏။

စားပွဲပေါ်မှ ကော်ဖီခွက်များကိုလည်း သိမ်းဆည်းပေးဖို့ ဝန်ထမ်းကောင်လေးအား ပြောခဲ့သေးသည်။

ပွင့်ဦးခင် ဝင်လာသော အဝင်ပေါက်နှင့် ဆန့်ကျင်ရာ အပေါက်မှ မမငြိမ်းတစ်ယောက် ထွက်ခွာသွားလေသည်။

* * *

"စောစောက ကိုကိုနဲ့ထိုင်နေတာ ဘယ်သူလဲ ကိုကို"

ပစ္စည်းများကို ခုံပေါ် တင်ရင်း ခရီးရောက်မဆိုက် ပွင့်ဦးခင် မေး၏။

အင်ပါယာဆေး

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ပွင့်ဦးခင်ရယ် . . . ပြီးမှ ကိုကို ဖြေမယ်၊ ပွင့်ဦးခင်အတွက် အအေးတစ်ခုခု သွားယူပေးမယ်နော်"

"စတော်ဘယ်ရီပဲ ယူခဲ့ ကိုကို"

မမငြိမ်းကို ပွင့်ဦးခင် အသေအချာ မြင်လိုက်ပုံရသည်။

သူ ယူလာခဲ့သော အအေးကို ကုန်အောင် အရင်သောက်၏။

မမငြိမ်းနှင့် ပတ်သက်သည်တို့ကို စကားထပ်စလာ၏။

"စောစောကအမျိုးသမီး ဘယ်သူဆိုတာ ပြောဦးလေ ကိုကို"

"ကိုကို့သူငယ်ချင်းရဲ့ အစ်မတစ်ယောက်ပါ၊ သူလည်း ဈေးလာဝယ်ရင်းကနေ အအေးဝင်သောက်တာ၊ တစ်ယောက်တည်းဖြစ်နေလို့ ကိုကို့ဝိုင်းမှာ ခဏဝင်ထိုင်တာလေ"

"သေချာရဲ့လား ကိုကို"

"သေချာပါတယ် ကိုကို"

ပွင့်ဦးခင်၏ မျက်စောင်းများက စောစောကလောက် မပြင်းထန်ပေ။ သူ ပေးလိုက်သော ဆင်ခြေကို ပွင့်ဦးခင် ယုံကြည်သွားဟန်တူသည်။

"အဝေးက လှမ်းကြည့်လိုက်ရပေမယ့် ချောတာတော့ အတော် သေချာတယ်နော်၊ ပြီးတော့လည်း အများစိတ်ဝင်တစား





ဖြစ်အောင် ပြင်တတ်ဆင်တတ်တယ်"

သူ့မျက်နှာကိုကြည့်ရင်း သွေးတိုးထပ်စမ်းပြန်၏။

ယုတ္တိတန်လောက်အောင် သူ ထပ်ပြောလိုက်သည်။

"သူ့အကြောင်းလည်း ပြောရဦးမယ်၊ တွဲတဲ့သူတွေကလည်းအများကြီးပဲ၊ လှသလောက် ကြောက်စရာ ကောင်းတယ် ပွင့်ဦးခင်၊ အဆိပ်ရှိတဲ့ မြွေတစ်ကောင်လိုပဲ"

"ကိုကိုတို့ ယောကျ်ားတွေက အဲဒီလို စိတ်ဓာတ်မျိုးရှိတဲ့ မိန်းမမျိုးနဲ့မှ ကိုက်တာ"

"ကိုကိုနဲ့ မဆိုင်ပါဘူးနော်"

"ပွင့်ဦးခင်ကလည်း ဆိုင်တယ်လို့ မပြောပါဘူးနော်"

မမငြိမ်းနှင့် ပတ်သက်ပြီး သံသယ မရှင်းသေးတာတော့ သေချာနေ၏။

"ကိုကိုသာ အဲဒီလောက် အဖြစ်ရှိမယ်ဆိုရင် ပွင့်ဦးခင်ဈေးဝယ်တဲ့နောက်ကိုတောင် တကောက်ကောက် လိုက်ပေးနိုင်ဖို့ အချိန်ရှိမှာ မဟုတ်ဘူး"

မပြောမဆိုဖြင့် ပစ္စည်းများကို ဆွဲယူရင်း စားပွဲမှ ပွင့်ဦးခင် ထလိုက်သည်။

"ကိုကို သယ်ပေးမှာပေါ့ ပွင့်ဦးခင်"

ပွင့်ဦးခင်ကတော့ စိတ်ကောက်ပြနေတာ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက် စိတ်ကောက်ပြခြင်းကို ပထမဆုံး ကြုံတွေ့ရသည်။

ခက်တာက စိတ်ကောက်ပြေအောင် ချော့တတ်သေ အတတ်ပညာတွေကို သူ မကျွမ်းကျင်ပေ။

၁၃။

စက်ဘုပ္ပ အလည်အပတ်ခရီးတွင် သူ့အဖို့ ထူးထူးခြားခြား ခံစားမှုတစ်ခုကို မျက်မြင်တွေ့ကြုံလိုက်ရသည်။ စက်ဘုပ္ပကို ရောက်ပြီး ငါးရက်မြောက်သောနေ့တွင် တစ်ယောက်သောသူကို အံ့ဩဖွယ် လောက်အောင် သတိရနေမိ၏။

ရေခြားမြေခြားမှ အိမ်ကို လွမ်းဆွတ်သော သတိရခြင်းမျိုး လည်း မဟုတ်။

သတိရစိတ်လွှန်မိသော တစ်ယောက်သောသူမှာ ဖုန်းဦးခင် လည်း မဟုတ်ပြန်။

အင်ပါယာဇမေ

www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဦးခင်တစ်ယောက်ကတော့ သူဖုန်းဆက်မည့်အချိန်ကို ထိုင်စောင့်နေမှာ သေချာ၏။

သူ့ဖုန်းကို အငမ်းမရ မျှော်လင့်မနေမည့် မိန်းမတစ်ယောက်နှင့် စကားပြောချင်နေသောစိတ်ကိုလည်း ကိုယ်တိုင် ဝေခွဲမရ ဖြစ်မိသည်။

ဖေဖေက အလုပ်ကိစ္စလိုလို၊ မိတ်ဆွေတွေဆီ အလည်အပတ်လိုလိုနှင့် သူ့ကို တည်းခိုရာအိမ်မှာ ထားရစ်ခဲ့သည်။

သူ တည်းခိုသော အိမ်မှ အမျိုးတွေကလည်း သူ့အလုပ်ချိန်နှင့်သူ စက်ရုပ်ဆန်စွာ လှုပ်ရှားနေကြ၏။

အိမ်မှာ တစ်ယောက်တည်း ရှိနေသည်မို့ ဖုန်းဆက်ချင်သည့်စိတ်တွေက အာသာငမ်းငမ်း ဖြစ်နေမိသည်။

နာရီကို လှမ်းကြည့်ရင်း မြန်မာစံတော်ချိန်နှင့် တိုက်ကြည့်လိုက်သည်။

တိုက်ဆိုင်သည် . . . ဟု ပြောရမည်လား၊ အခုချိန်ဆို ဗီးနပ် (စ်) မှာ မမငြိမ်း ရှိနေမည့်အချိန်နှင့် ကွက်တိဖြစ်နေပြန်၏။

တယ်လီဖုန်းနံပါတ်များကို သတိထားနိုင်နေရင်းက သူ့ရင်တွေ အခုန်မြန်နေ၏။

ဖုန်းလိုင်းက မအား။

ဒုတိယအကြိမ် ထပ်ခေါ်ရပြန်သည်။





တတိယအကြိမ်မြောက်အဖြစ် မကြိုးစားတော့ဘဲ ဆယ်မိနစ်ခန့် သူ စောင့်နေလိုက်သည်။ စောင့်ဆိုင်းနေရသော အချိန် ဆယ်မိနစ်မှာ အတော်ကြာလွန်းသည်ဟု ထင်မိသည်။ ဆယ်မိနစ်ပြည့်သောအခါ စတုတ္ထကြိမ်မြောက်အဖြစ် ကြိုးစားခေါ်လိုက်သည်။ ကံကောင်းထောက်မစွာဖြင့် ဖုန်းလိုင်းဝင်သွား၏။

"ဟဲလို . . . အမိန့်ရှိပါရှင်"

"ဗီးနပ် (စ်) ကလား ခင်ဗျာ"

ဖုန်းမှားမည်စိုး၍ သေချာအောင် မေးလိုက်သည်။

ကောင်တာတွင် ရှိနေမည့် မိန်းမပျိုက ချိုသာစွာဖြင့် ပြန်ဖြေသည်။

"ဟုတ်ပါတယ်ရှင် ဘာများ အကူအညီ လိုအပ်သလဲရှင်"

"ကျေးဇူးပြုပြီးတော့ မမငြိမ်းကိုများ ခေါ်ပေးလို့ ရမလား သိဘူး"

မိန်းမပျို၏အသံက ချက်ချင်း ထွက်မလာပေ။

အတန်ကြာမှ အားနာသော လေသံဖြင့် အဖြေပေး၏။

"စိတ်မရှိပါနဲ့ရှင် . . . မမငြိမ်းတစ်ယောက် အလုပ်များနေတယ်၊ စောစောက သူ့ဆီလာတဲ့ ဖုန်းကိုတောင် လာမကိုင်ပါဘူး …"

စိတ်အိုက်ချိန်ပင် မပေးတော့ဘဲ ချက်ချင်းဆိုသလို အပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ရသည်။

"ကျေးဇူးပြုပြီး ကူညီပေးပါဗျာ၊ စက်ာပူက သူ့အသိ

ဆက်တယ်လို့ တစ်ဆိတ်လောက် ပြောပေးပါ။ ဒါဆိုရင် သူ လာ

ပါလိမ့်မယ်"

မိန်းမပျိုက စဉ်းစားဟန် ပြုသည် . . . ထင်၏။

သက်ာကင်းအောင် မိန်းမပျို ထပ်မေးသည်။

"စက်ာပူကနေ ဆက်နေတာလား"

"ဟုတ်ပါတယ် ခင်ဗျာ"

ခဏကိုင်ထားဦး . . . ဟုဆိုကာ မိန်းမပျို ဖုန်းဘေး

လိုက်၏။

မမငြိမ်းကို အော်ခေါ်သံ၊ စကားပြောသံ၊ သီချင်းသံ

အတိုင်းသား ကြားနေရ၏။

* * *

သေချာပေါက် ပြောလိုက်မိပြီးမှ . . . မမငြိမ်း လာ

ရင် အခက်ပဲ . . . ဟု စိတ်ပူမိသည်။ သူ့နာမည်ကို မပြော

ခြင်းအတွက်လည်း နောင်တရနေမိ၏။

သူ့စိတ်တွေ ဗျာများနေစဉ်မှာပင် မောပန်းမှုတွေ





သော မမငြိမ်းအသံကို ပီပြင်စွာ ကြားလိုက်ရသည်။

"မောင်လားဟင်"

အမောမပြေချင်သေးသော မမငြိမ်း၏အသံလှိုင်းတို့သည်

နှင်ထဲကို ဖြတ်စီးဝင်ရောက်သွား၏။

"ဟုတ်တယ် မမငြိမ်း"

"စက်ာပူက ဆိုတာနဲ့ မောင့်ဖုန်းပဲ ဖြစ်မှာဆိုပြီး ပြေးထွက်

ခဲ့တာ"

"စောစောက ဖုန်းခေါ်တာကို မမငြိမ်း လာမကိုင်ဘူးဆို"

"ဟုတ်တယ် မောင်၊ အရေးမကြီးတဲ့ ဖုန်းလေ၊ ညှိသည်

တွေကို ပစ်ထားခဲ့ပြီး လာကိုင်ရမယ့်ဖုန်းမှ မဟုတ်တာ"

မမငြိမ်းအနေဖြင့် သာမန်ပင် ပြောလိုက်သော်လည်း သူ့

တွက်တော့ ကျေနပ်စရာ ကောင်းနေမိပြန်၏။

"တည်းတဲ့အိမ်မှာ တစ်ယောက်တည်း ဖြစ်နေတော့ မြန်မာ

ကို သတိရပြီး မမငြိမ်းဆီ ဆက်လိုက်တာ၊ မောင့်ကြောင့်

ငြိမ်းတော့ အလုပ်ပိုပြီ ထင်တယ်"

မှသားတစ်ဝက် အမှန်တစ်ဝက်ရောကာ ဖာဖာထေးထေး

လိုက်မိသည်။ မမငြိမ်းတစ်ယောက်တည်းပဲ သတိရလို့

ဆက်လိုက်တာ . . . ဟု နှုတ်မှ မပြောရဲ။

"အလုပ်မပိုပါဘူး မောင်ရဲ့၊ နိုင်ငံခြားကနေ မောင် တကူး



www.burmeseclassic.com

www.burmeseclassic.com



တက ဆက်တာပဲဥစ္စာ၊ မမငြိမ်း နားထောင်ပေးရမှာပေါ့"

သတိတရဖြစ်လို့ ဆိုသော်လည်း တကယ်တမ်းကျတော့ ပြောစရာစကား မဲ့နေပြန်၏။

သူနှင့်မမငြိမ်းတို့ကြားမှာ အလွမ်းသယ်စရာ အဖြစ်အပျက်တွေမှ မရှိခဲ့ဘဲလေ။

"ပထမတော့ ဆယ့်ငါးရက်လောက် နေဖြစ်ဖို့ပဲ၊ အခုတော့ ဆယ်ရက်ပြည့်တာနဲ့ ပြန်လာဖြစ်တော့မှာ မမငြိမ်း၊ မမငြိမ်း လိုချင်တာရှိရင် မှာဦးလေ"

"မမှာတော့ပါဘူး မောင်ရယ်၊ နိုင်ငံရပ်ခြားကနေ တကူးတက ဖုန်းဆက်ဖော်ရတာကိုပဲ ကျေးဇူးတင်လှပါပြီ၊ မောင် ဘာပြောချင်သေးလဲဟင်"

"ဟုတ်သားပဲနော် . . . မမငြိမ်းက အလုပ်တွေပစ်ပြီး လာစကားပြောနေရတာ၊ မမငြိမ်းကို ဒုက္ခပိုစေသလိုတော့ ဖြစ်နေပြီ"

"ရပါတယ် မောင်၊ ပြောစရာရှိတာ ပြောလေ"

စိတ်ထဲမှာ ချိတုံချတုံ ဖြစ်နေရင်းကပင် ဖုန်းချလိုက်ဖို့ စကားကို သူ ပြောလိုက်မိသည်။

"မရှိတော့ပါဘူး မမငြိမ်းရယ်၊ ပြန်ရောက်မှပဲ တွေ့ကြတာပေါ့၊ မမငြိမ်းက မှာစရာ မရှိပေမယ့် မောင်ကတော့ မမငြိမ်းအတွက် အမှတ်တရ လက်ဆောင်တစ်ခုခု ဝယ်လာခဲ့မယ်နော်၊ မောင် ဖုန်းချ





လိုက်တော့မယ်"

မောင် ချမ်းမြေ့ပါစေ . . . ဟူသော မမငြိမ်း၏ ဆုတောင်းစကားသံလေးကို နားထောင်ပြီးမှ သူ ဖုန်းချလိုက်သည်။

ဖုန်းချလိုက်ပြီးမှ ရင်ထဲမှာ ဟာပြီး ကျန်ရစ်ခဲ့၏။

မမငြိမ်းနှင့် ပတ်သက်ပြီး မရိုးသားသော စိတ်ခံစားမှုတွေ တင်နေပြီလား။

ဒီအကြောင်းတွေကို ပွင့်ဦးခင်သာ သိရင်တော့ ရင်ကျိုးမှာ သေချာသည်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

ဒ၄။

စက်ာပူသို့ အသွားအပြန် ဆယ်ရက်တိတိ ကြာသွားသည်။
သဖေကတော့ လေယာဉ်ကွင်းကနေ ကုမ္ပဏီကို တန်းသွား၏။
ပစ္စည်းတွေရွေးပြီး လာကြိုသောကားနှင့် သူ အိမ်ပြန်ခဲ့ရ
သည်။
လေယာဉ်ကွင်းကို ဒရိုင်ဘာတစ်ယောက်တည်း လွှတ်ပေး
သောကြောင့် စိတ်ထဲမှာ ဘာကြောင့်များလဲ . . . ဟု တွေးမိသည်။
မေမေ မလိုက်နိုင်ရင်တောင်မှ ပွင့်ဦးခင်တော့ ပါလာသင့်
သည်။

အင်ဒါယာဆဆေ

www.burmeseclassic.com

www.burmeseclassic.com



အရေးတကြီးကိစ္စရှိလို့ မိုးကုတ်များ ပြန်သွားလေသလား . . . ဟု တွေးမိပြန်သည်။

မနေနိုင်တော့သည့်အဆုံး ဒရိုင်ဘာကို သူမေးမိသည်။

"နေစမ်းပါဦး ကိုစန်းပွင့်ရဲ့ အိမ်ကလူတွေ အလုပ်ရှုပ်နေကြလို့လား၊ ပွင့်ဦးခင်ရော မိုးကုတ် ပြန်သွားလို့လား"

"ပွင့်ဦးခင် အိမ်မှာ ရှိနေပါတယ်"

ဒရိုင်ဘာကိုစန်းပွင့်ကလည်း သူ မေးသလောက် ဖြေသည်။ မကြာခင်မှာ အိမ်ရောက်တော့မည်ဆိုသော အသိကြောင့် သူ ဆက်မမေးဖြစ်တော့ပေ။

ခြံဝင်းထဲကို ဝင်လိုက်ကတည်းက စိတ်ထဲမှာ တစ်မျိုး ဖြစ်သွားရသည်။

ကိုစန်းပွင့်ကတော့ ပစ္စည်းတွေကို ကူချပေး၏။

အိမ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် အပေါ်ထပ်မှ ဆင်းလာသော ပွင့်ဦးခင်ကို တွေ့ရ၏။

ပွင့်ဦးခင်၏ မျက်နှာမှာ လိုသည်ထက် ပိုပြီး ဝမ်းနည်းနေ၏။

သူ့ကို တွေ့သည်နှင့် ပြေးဖက်ပြီး ပွင့်ဦးခင် ငိုတော့သည်။

"ကိုကို"

ပွင့်ဦးခင်၏ ဝမ်းနည်းမှုကြောင့်ပင် ဖိစ်ပျာသွားရသည်။





အကျိုးအကြောင်း သိရအောင် သူ အမြန်မေး၏။

"ဘယ်သူ ဘာဖြစ်လို့လဲ ပွင့်ဦးခင်၊ မေမေရော"

"အန်တီ မဟုတ်ဘူး ကိုကို၊ အန်တီ အပြင်ခဏသွားတယ်"

တစ်ယောက်ယောက်ကြောင့် ပွင့်ဦးခင် မျက်ရည်ကျနေခြင်းပဲ။ မေမေ မဟုတ်ရင်တော့ ဦးလေးညီညီမြတ်ပဲ ဖြစ်ရမည်။

"ဦးလေးညီညီမြတ် ဘာဖြစ်လဲ၊ သူ အခု ဘယ်မှာလဲ ပွင့်ဦးခင်"

ပွင့်ဦးခင်က အဖြေမပေးဘဲ ရှိုက်၍သာ ငိုနေ၏။ စိုးရိမ်စိတ် အလွန်အမင်း ဖြစ်သွားပြီး ထပ်မေးလိုက်၏။

"ပြောစမ်းပါဦး ပွင့်ဦးခင်ရယ်၊ ဘာတွေဖြစ်ကုန်ကြတာလဲ"

ဦးလေးတစ်ယောက် ဒီလောကမှာ မရှိတော့ဘူး ထင်ပါရဲ့။ အန်တီချမ်းမျက်နှာကို သူ ပြေးမြင်မိသည်။

"ဦးလေးညီညီမြတ် ဘာမှမဖြစ်ဘူး ကိုကို၊ အခုဟာက အန်တီချမ်း ရုတ်တရက် ဆုံးသွားတာ"

"ဘာပြောတယ်"

မထင်မှတ်ထားသောသတင်းဆိုးကြောင့်ပင် အလွန်အမင်း တုန်လှုပ်သွားရ၏။ သူ ဘာမှ ပြန်မပြောနိုင်ခင်မှာပင် အဖြစ်အပျက်အကျဉ်းကို မျက်ရည်များဖြင့် ပွင့်ဦးခင် ပြောလေ၏။

"ကိုကိုတို့ ထွက်သွားပြီး ငါးရက်မြောက်တဲ့နေ့မှာ ဆုံးသွား



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ အဲဒီနေ့ မတိုင်ခင်က ခေါင်းမူးတယ်လို့ အန်တီချမ်း ပြော
တယ်၊ ဆေးခန်းပြဖို့ ပြောတော့ ဆေးသောက်လိုက်ရင် ပျောက်သွာ
မယ်ပြောပြီး အလုပ်တွေကို ဆက်လုပ်နေတယ်၊ ဆုံးမယ့်မနက်မှာ
အန်တီ့ဆူသံညည်းသံတွေကြောင့် ပွင့်ဦးခင် နိုးလာခဲ့တာ၊ အန်တီချမ်
အိပ်ရာထ နောက်ကျလို့ အန်တီ ဆူနေတာ၊ အန်တီချမ်းက ဘယ်
တုန်းကမှ အိပ်ရာထ နောက်ကျတတ်တာ မဟုတ်ပါဘူးလေ၊ ဒါ
အန်တီချမ်းများ အိပ်ရာထဲ လဲနေသလားဆိုပြီး ပွင့်ဦးခင် သွားကြည့်
တယ်၊ ဟိုရောက်တော့ ဦးလေး ခုံးဘေးမှာ အန်တီချမ်း အိပ်ပျော်
တာ တွေ့တယ်၊ လှုပ်နှိုးတယ် မရဘူး၊ ဦးလေးသာ နိုးလာတယ်
အန်တီချမ်း မနိုးဘူး၊ အဲဒီအခါမှ အန်တီချမ်း ဆုံးတယ်ဆိုတာ
သိရတာ ကိုကို"

"အခု အလောင်းက ဆေးရုံမှာလား"

ဒီကိစ္စကို မမငြိမ်းထံ အမြန်အကြောင်းကြားမှ ဖြစ်မည်
မမငြိမ်းသာ ဒီသတင်းဆိုးကို သိရင်တော့ ရင်ကွဲပက်လက်ဖြစ်
သေချာ၏။

"ဆုံးပြီးနောက်နေ့မှာပဲ အကျဉ်းရုံးပြီး အန်တီက သင်္ဂြိုဟ်
လိုက်တယ် ကိုကို၊ ကိုကိုတို့က ခရီးဝေးသွားနေတော့ စိတ်ပူပြီး အ
ပြန်လာမှာစိုးလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ပဲ သင်္ဂြိုဟ်လိုက်တာ"

"ဒါ မေမေ မတရားဘူး၊ အန်တီချမ်းမှာ ဆွေမရှိ မျိုးမ





ဟုတ်ဘဲ၊ ဆိုင်တဲ့သူတွေကို အကြောင်းကြားရမယ်လေ၊ ဒီကိစ္စကာ
အရေးလေ ပွင့်ဦးခင်"

"အန်တီ့ကိုလည်း အပြစ်အရမ်းမတင်နဲ့၊ ဦးလေးညီညီမြတ်
ကိစ္စကလည်း ရှိနေသေးတယ်လေ၊ အန်တီ အပြင်သွားနေတယ်
ဆိုတာလည်း ဆေးရုံကို သွားရတာ၊ အခုရောက်ဆို ကိုကို့ဖေဖေ
သည်း ဆေးရုံကို ရောက်နေလောက်ပြီ"

"ဦးလေးကို ဆေးရုံတင်လိုက်ရတယ် ဟုတ်လား"

ရပ်ဝေးမှပြန်ရောက်ရောက်ချင်းမှာ ရင်ဝကို ထိုးဆောင့်
သိုက်သော အပူလုံးတွေကြောင့် သူ ဆောက်တည်ရာမရ ဖြစ်သွားခဲ့
သည်။ ဖြုန်းခနဲ နေရာမှထွက်ပြီး အန်တီချမ်းတို့ အိမ်လေးဆီသို့
သွားမိပြန်သည်။

သူ့ကို တကြော်ကြော်ခေါ်ရင်း နောက်မှ ပွင့်ဦးခင် လိုက်ပါ
လာ၏။

အိမ်လေးကတော့ အားလုံး ဟာလာဟင်းလင်းပမာ ဖြစ်နေ
သည်။ အန်တီချမ်း ချန်ထားရစ်ခဲ့သော ပစ္စည်းများကို သူ ရှာဖွေမိ
သည်။

"ကိုကို ဘာရှာနေတာလဲဟင်၊ အန်တီချမ်း ပစ္စည်းတွေ
အဝတ်အစားတွေကို ပွင့်ဦးခင် သေသေချာချာ သိမ်းထားတယ်"

သူ လိုချင်သော ဓာတ်ပုံကို ဒီတိုင်းထားခဲ့ပြီး မမငြိမ်းဆီ



www.burmeseclassic.com

www.burmeseclassic.com



သွားဖို့ ခြေလှမ်းပြင်လိုက်သည်။

"ကိုကို ဘယ်သွားမှာလဲဟင်"

"အန်တီချမ်းဆုံးတာရယ်၊ ချက်ချင်း သင်္ဂြိုဟ်လိုက်တာရယ်တွေအတွက် အကြောင်းကြားမှ ရမယ်"

"ဘယ်သူ့ကို အကြောင်းကြားရမှာလဲ ကိုကို"

"မမငြိမ်း . . . အန်တီချမ်းရဲ့ သမီး ငြိမ်းအေးမေ"

"ပွင့်ဦးခင်လည်း လိုက်ခဲ့မယ် ကိုကို"

သူ့လက်မောင်းကို အမိအရ ဆုပ်တွယ်ရင်းက ပွင့်ဦးခင် တောင်းဆိုနေ၏။

ပွင့်ဦးခင်၏ဆန္ဒကိုတော့ လိုက်လျောလို့ မဖြစ်နိုင်ပေ။

မမငြိမ်းကိုတောင် ဒီအကြောင်းတွေ ပြောပြဖို့ တော်တော်သတ္တိမွေးရဦးမည်။

ဆုပ်တွယ်ထားသော ပွင့်ဦးခင်၏လက်တို့ကို အသာဖြေရင်းက သူ ဖျောင်းဖျလိုက်ရ၏။

"မမငြိမ်းဆီကို ပွင့်ဦးခင် လိုက်လို့ မဖြစ်ဘူး၊ သူနဲ့တွေ့ဖို့ ကိုကို အများကြီး ကြိုးစားရဦးမှာ၊ သူ့အလာကို ထိုင်စောင့်နေရမှာ ပွင့်ဦးခင်"

သူ့စကားကို ပွင့်ဦးခင် နားလည်သည်လားတော့ မပြောတတ်ပေ။

**အခန်းပါယာဆပေ**



မမငြိမ်းနောက်ကို လိုက်ပါဖို့ ပွင့်ဦးခင် ထပ်မတောင်းဆိုတော့ပေ။

သူ့ခြေလှမ်းများသည်လည်း ဝမ်းနည်းခြင်းတွေ ငြိကပ်ပြီး မမငြိမ်းဆီ အပြေးနှင်ခဲ့ရသည်ပဲလေ . . .။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (နှစ်)

www.burmeseclassic.com

www.burmeseclassic.com

သ။

ဒီရက်ပိုင်းမှာ သူမအိပ်မက်တွေ မကောင်းပေ။ မောင့်ဆီမှ
နေလာပြီးသော ညကတည်းက အိပ်မက်ဆိုးတွေကို ဆက်တိုက်မြင်
တော်ခဲ့၏။ အလုပ်ထဲမှာလည်း အာရုံက ရှိနေပြန်။ မောင့်ကြောင့်လား
ဆိုသော အတွေးများကို သူမဘာသာ ဆန်းစစ်နေမိပြန်၏။

မောင့်စကားအရဆိုရင်တော့ ဒီနေ့ မြန်မာပြည်ကို မောင်
ပြန်ရောက်တော့မည်ပဲ။ အိပ်မက်ဆိုးတွေထဲမှာ မောင်လည်း
ပါသည်။ ဝမ်းနည်းပူဆွေးလွှမ်းနေသော မေမေ့မျက်နှာလည်း ပါဝင်
သည်။

အင်ပါယာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"သမီးငြိမ်း အလုပ်သွားတော့မလို့လား"

သင့်တင့်အောင် ပြင်ဆင်ပြီး အခန်းထဲမှ ထွက်လာခိုက်မှာ ဘကြီးစိုးကြည်က မေးသည်။ မေမေ သူမအနားမှာ မရှိတော့သည့်နောက်ပိုင်း ဘကြီးစိုးကြည်က သူမကို စောင့်ရှောက်ခဲ့၏။ အငြိမ့်တွေထဲမှာ ပတ်မတီးဘဝဖြင့် ကျင်လည်ရင်း သူမဝမ်းရေကို ဖြည့်စေခဲ့၏။

အခုတော့ ဘကြီးစိုးကြည်က အသက်ထောက်လာတော့ ပတ်မတီးအလုပ်မှ နားလိုက်ရသည်။ ရေကြည်ရာမြက်နုရာအဖြစ် ရန်ကုန်သို့ ပြောင်းရွှေ့လာပြီးကတည်းက ဘကြီးစိုးကြည်ကို သူမ ရှာကျွေးခဲ့ရပြန်သည်။

"ဟုတ်တယ် ဘကြီး"

"ဒီရက်ပိုင်းမှာ သမီးကို ကြည့်ရတာ တစ်မျိုးဖြစ်နေသလိုပဲ အလုပ်ထဲမှာ အဆင်မပြေ ဖြစ်လို့လား သမီး"

"အလုပ်ထဲမှာ အဆင်ပြေပါတယ် ဘကြီး၊ အိပ်မက်တွေ မကောင်းလို့ စိတ်မကြည် ဖြစ်နေတာ"

"ဘာလဲ ဗေဒင်ဆရာ ဟောလိုက်လို့ သမီးမေမေအတွက် စိုးရိမ်နေတာ မဟုတ်လား၊ စိတ်အစွဲအလန်းဆိုတာ ဖြစ်တိုင်း မကောင်းဘူး သမီး၊ ချမ်းမြငြိမ်းက သူ့အပူနဲ့သူ ဖြစ်နေတာ၊ ဝဋ်လို့ပဲ အောက်မေ့ထားလိုက်ပါ၊ မိဘဆိုတဲ့ အသိတော့ သမီး မွေးရမယ်





အရမ်းဒုက္ခရောက်နေရင်တော့ ဘကြီးတို့ တစ်မျိုး စီစဉ်ရတာပေါ့"

"မပြောကောင်း မဆိုကောင်း မေမေ တစ်ခုခု ဖြစ်သွားရင်တော့ သမီး ဖြေလို့ရမှာ မဟုတ်ဘူး"

"အဲဒီလောက်ထိ အရှည်ကြီး တွေးမနေပါနဲ့ကွယ်၊ လူဆိုတာက သူ့ဘဝနဲ့သူ၊ သူ့အကြောင်းသူ ဖြစ်လာကြတာချည်းပါပဲ"

ဘကြီးစိုးကြည်နှင့် စကားပြောပြီး အပြင်ထွက်ခဲ့သော်သည်း စိတ်ထဲမှာ မရှင်းပေ။

ရုပ်ရှင်ကြည့်လိုက်မည် . . . ဟု ကားငှားလိုက်ပြီးမှ ကြည့်ပြီးသားကားတွေချည်းပဲဆိုတာ အသိဝင်သွားသည်။

ရုပ်ရှင်ရုံကို မမောင်းခိုင်းတော့ပဲ ဗီးနပ် (စ်) ရှိရာသို့သာ မောင်းရန် ကားဆရာအား ပြောလိုက်ရသည်။

အကောင်းဆုံးကတော့ ဗီးနပ် (စ်) သို့ သွားပြီး သီချင်းတွေ ဆိုလိုက်ရင် စိတ်သက်သာရာ ရသွားမည်ပဲ။

ဗီးနပ် (စ်) ရှိရာသို့ ကားချိုးဝင်လိုက်ကတည်းက ဗီးနပ် (စ်) ရှေ့တွင် မောင်စီးနေကျ Mark II အဖြူရောင်လေးကို ရှာမ်း တွေ့လိုက်ရ၏။

www.burmeseclassic.com



အမှတ်များမည်စိုးသဖြင့် ကားချင်းယှဉ်ရပ်သောအခါ ကား နံပါတ်ကို သေချာအောင် ဖတ်လိုက်သည်။

မောင့်ကားမှ မောင့်ကားပါပဲ။ ဒါဆို ဗီးနပ် (စ်) မှာ မောင် ရောက်နေပြီပေါ့။

အဆောက်အဦထဲသို့ ဝင်ရန် ခြေလှမ်းတွေ ပြင်နေခိုက်မှာ ပင် ဝန်ထမ်းကောင်လေးက မောင် စောင့်နေကြောင်း ဆီးပြော၏။

"မမငြိမ်း . . . ကိုမြတ်မိုး ရောက်နေတယ်"

"ဘယ်အချိန်ကတည်းက ရောက်နေတာလဲ"

"နှစ်နာရီလောက်တော့ ကြာသွားပြီ ထင်တယ်"

သူမ ရောက်လာချိန် မဟုတ်ဘဲနှင့် မောင် ဘာကြောင့်များ စောစီးစွာ ရောက်နှင့်နေပါလိမ့်။

သူမအတွက် လက်ဆောင်တွေ လာပေးတာများလား။ တကယ်လို့များသာ သူမ ရုပ်ရှင်ကြည့်ဖြစ်ပါက အချိန်ကြာမြင့်စွာ မောင် စောင့်ဆိုင်းရဦးမည်။

မှန်တံခါးကို တွန်းဖွင့်ဝင်လိုက်သောအခါ အလင်းရောင် ပျပျအောက်တွင် ဆင်မထားသော မြင်ကွင်းမျိုးနှင့် မောင့်ကို တွေ့ လိုက်ရ၏။

"မမငြိမ်း"

"မောင် ဘာဖြစ်လို့ အရက်တွေ သောက်နေရတာလဲဟင်





မောင်က ဘီယာကိုတောင် ကောင်းကောင်းသောက်တတ်တာ မဟုတ်ဘဲနဲ့၊ မောင်မူးရင် ခက်မယ်"

စားပွဲပေါ်တွင်ရှိသော ဂျော်နီဝါကား အနက်ရောက် ပုလင်း မှာ တစ်ဝက်သာသာ ကျန်နေ၏။

"မူးသွားမှ . . . မောင် မမငြိမ်းကို ပြောဖြစ်မှာလေ"

မောင့်လေသံကို နားထောင်ရုံဖြင့် မူးနေပြီဆိုတာ သိသာ ထင်းသည်။ မောင် ဘာတွေများ စိတ်ညစ်လာပါလိမ့်။ သူမ မြင်မက် သော အိပ်မက်ဆိုးတို့သည် မောင်နှင့်ပတ်သက်နေသည်လားလေ။

"စရောက်တဲ့အချိန်ကတည်းက မောင်သောက်နေတာပေါ့ သေ ဟုတ်လား"

"ဟုတ်တယ်၊ မမငြိမ်းကို ပြောပြဖို့ ဒီရင်မှာ သတ္တိတွေ မွေး နေတာလေ၊ ဒါပေမဲ့ မူးယစ်မှုကတော့ ဝမ်းနည်းကြေကွဲမှုကို မလွှမ်း မိုးနိုင်ပါဘူး"

စကားပြောရင်းကနေ ကုန်နေသော အရက်ခွက်ထဲသို့ အရက်တွေ လောင်းထည့်နေပြန်၏။

ဖိတ်စင်တာစ်ဝက် ဖြစ်နေခြင်းကြောင့်ပင် အရက်ခွက်နှင့် ပုလင်းကို သိမ်းယူလိုက်ရ၏။

"မသောက်နဲ့တော့ မောင်၊ မောင် တော်တော် မူးနေပြီ။ မောင်က အရက်မူးနေကျ မဟုတ်ဘူး၊ ဒုက္ခရောက်ကုန်လိမ့်မယ်



www.burmeseclassic.com

www.burmeseclassic.com



မောင်"

"ပရိဒေဝလောင်မြိုက်မှုထက် ကြီးတဲ့ဒုက္ခလောက် ရှိ မှာလား မမငြိမ်းရာ၊ ဟောဒီရင်ထဲက အသည်းနှလုံးတွေ အရ မသောက်ခင်ကတည်းက, တပြောင်းကပြန် ဖြစ်နေခဲ့တာပါ"

"မောင် ဘာပြောချင်တာလဲ၊ မမငြိမ်းကို ရှင်းရှင်းပြော ကွယ်"

ပုံမှန်မဟုတ်သော အနေအထားတွေကြောင့် သူ ဦးနှောက်၏ အသိတရားတို့ လိုက်မမီတော့ချေ။

မောင်နားသို့ တိုးကပ်သွားချိန်မှာတော့ မောင့်ကိုယ်သ သူမရင်ခွင်ဆီသို့ ထိုးကျမလို ဖြစ်သွား၏။ မောင့်ကို ဖေးမထားလို ရပြန်သည်။

"မောင်ပြောလိုက်လို့ မမငြိမ်း ကြေကွဲသွားမှာ၊ အပူမီးတွေ လောင်မြိုက်သွားမှာ၊ မျက်ရည်တွေ စီးကျမှာကို မောင် မမြင်ရ ဘူး"

"ပြောပါ မောင်ရယ်၊ မမငြိမ်း ရင်တွေ ပူအောင် မလုပ်

"မမငြိမ်း ပြောခဲ့တဲ့စကားတွေက လာမှန်နေတယ်၊ မမငြိ ရဲ့ ဗေဒင်ဆရာစကား မှန်နေတယ်"

မောင့်စကားကြောင့်ပင် သူမ ခေါင်းနပမ်း ကြီးသွားရ သွေးပျက်လုမတတ် မောင့်ကို အော်ဟစ်မေးလိုက်မိသည်





"မေမေ ဘာဖြစ်လို့လဲ မောင်၊ မြန်မြန်ပြောစမ်း"

"အန်တီချမ်း မရှိတော့ဘူး၊ မမငြိမ်းဆီ မောင်ဖုန်းဆက်တဲ့ မနက်ပိုင်းကပဲ ဆုံးသွားခဲ့တာ"

မောင့်ကို ဖေးကူထားသော လက်တို့ကို ယောင်ယမ်းပြီး လွှတ်လိုက်မိသည်။ မောင်သည် သူ့ရင်ခွင်ထဲမှာ ခွေခွေလေးလဲကျ လာ၏။

မျက်ရည်တွေကတော့ ဝမ်းနည်းမှုကြောင့် ချက်ချင်း မကျ ခြင်းလား။ ရင်ထဲမှာတော့ တစ်ဆို့ဆို့ကြီး ဖြစ်နေ၏။ မောင်ပြောသည့် အချိန်ရက်ကို တွက်ကြည့်သည်။ ဒီနေ့ဆို မေမေဆုံးတာ ငါးရက် မြောက်သွားပြီ။

"မေမေ အခု ဘယ်မှာလဲ၊ မေမေ့ကို တွေ့ချင်တယ် မောင်ရယ်"

"ဆုံးပြီးနောက်နေ့မှာပဲ သင်္ဂြိုဟ်လိုက်ကြပြီ"

"ရက်စက်လိုက်ကြတာ၊ မေမေ့မျက်နှာကိုတောင် နောက် ဆုံးအနေနဲ့ ကြည့်ခွင့် မပေးကြတော့ဘူးလား"

မျက်ရည်များက ပိုးပိုးပေါက်ပေါက် စီးကျလာခဲ့၏။ မောင် နှင့်တကွ ပတ်ဝန်းကျင်ကို သူမ မေ့လျော့သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂။

"မမငြိမ်း . . . မမငြိမ်း"

သူမကို အတင်းလှုပ်နှိုးခြင်း ခံလိုက်ရမှ သတိပြန်ရ၏။ မောင်က သူမကိုယ်ပေါ်မှာ ရှိမနေတော့ပေ။ ကြမ်းပြင်ပေါ်တွင် လဲလျောင်းနေ၏။

"ဘာတွေ ဖြစ်ကုန်ကြတာလဲ မမငြိမ်းရယ်၊ ပထမတော့ မငြိမ်းတို့ချင်း လွတ်လွတ်လပ်လပ် စကားပြောရအောင်ဆိုပြီး အနှောင့်အယှက်မပေးဘဲ ထားခဲ့ကြတာ၊ ကိုမြတ်မိုးလည်း အရှုမ်း နူးလွန်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



သက်သက်နှင့်ဝါဝါတို့ကတော့ သူမနှင့်မောင့် အခြေအ
ကို ဘာတွေတွေးထင်ကြမည် မသိပေ။ နာရီကို ကြည့်လိုက်
ညဆယ်နာရီခွဲနေပြီ။ မေမေ့သတင်းကို ကြားပြီး သူမ ရင်
မေ့မျောသွားဟန်တူသည်။

သူမ သိမ်းထားသော ဖန်ခွက်နှင့် ပုလင်းတို့မှာ နေ
မရှိတော့ပေ။

မောင့်လက်ထဲတွင် ဆုပ်ကိုင်ထားသော ပုလင်းထဲမှာ
အရက်အနည်းငယ်သာ ကျန်တော့၏။

"ကိုမြတ်မိုး . . . ကိုမြတ်မိုး . . . ဒုက္ခပါပဲ၊ ဆိုင်ရှင်
တော့ ပြဿနာ ဖြစ်တော့မှာပဲ"

မောင့်ကို သက်သက်တို့နှစ်ယောက် ဝိုင်းထူပြီး ခုံ
တင်၏။ မောင်ကတော့ ပါးစပ်မှ မြည်တွန်တောက်တီးရင်း
မဝင်နိုင်တော့ပေ။

မေမေ့ကိစ္စကလည်း ခေါင်းထဲမှာ ရှိနေ၊ မောင့်အခြေ
ကလည်း အတော်လေး ဆိုးနေသည်မို့ ဘာလုပ်ရမှန်း မသိ
ဖြစ်ရတော့၏။

"မောင့်ကို ဒီတိုင်းထားလို့တော့ မဖြစ်ဘူး သက်သ
"ဘယ်လိုလုပ်မလဲ မမငြိမ်း"

"မောင့်ကို တွဲခေါ်ပြီး ကားထဲရောက်အောင် ပို့ရမယ်





းပြေအောင် လုပ်ပေးရမယ်"

"လူတွေမြင်ကုန်ရင်တော့ ပြောစရာဖြစ်မှာပဲ မမငြိမ်း"

"မတတ်နိုင်ဘူး ဝါဝါရယ်၊ မင်းနဲ့မမငြိမ်း မောင့်ကို တွဲခေါ်
မမငြိမ်း ကားမောင်းပြီး မောင့်ကို လိုက်ပို့ပေးမယ်၊ ဒီတိုင်းကြည့်
င် ဆိုင်ပိတ်ချိန်ရောက်သွားမှ ပိုပြောစရာ ဖြစ်မှာ"

ပူဆွေးမှုကို ခေါင်းထဲမှာ ဖျောက်ထားပြီး မောင့်ကိစ္စကို
င်ရှင်းရတော့၏။ လူတွေကတော့ သူမတို့ကိုကြည့်ပြီး တိုးတိုး
နေကြ၏။ ဘယ်သူ့ကိုမှ ဂရုစိုက်မနေတော့ပဲ မောင် ကားထဲ
က်သည်နှင့် အမြန်မောင်းထွက်ခဲ့တော့၏။ ကျန်ခဲ့သည့်
နာတွေကိုတော့ ဝါဝါနှင့်သက်သက်တို့ ရှင်းကြပေလိမ့်မည်။
အဖြစ်အပျက်နှင့် ပတ်သက်ပြီး နောက်နေ့ ဒီဆိုင်ကို လာခွင့်ရှိ
မှာ မဟုတ်ပေ။

* * *

မောင့်အိမ်ရှိရာကို မောင်းပြီးမှ မဖြစ်သေးပါဘူးဆိုသော
ဖြင့် လှည့်ပြန်ရပြန်သည်။ ဘာလုပ်ရမှန်း မသိအောင် ကားကို
က်မောင်းနေမိ၏။ မောင်ကတော့ နောက်ခန်းထဲမှာ မူးယစ်
ကြောင့် ညည်းတွားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီဆိုင်းဆိုရင်တော့ သူမတို့ အိမ်ကိုသာ မောင်းရုံရှိတော့၏။ ဘကြီးကြည်စိုးလည်း ရှိနေတော့ မောင့်ကို အမူးပြေအောင် ပြုစုလို့ ရနိုင်ကောင်း၏။

သူမတို့ ငှားရမ်းနေထိုင်သော ရပ်ကွက်ထဲကို ဝင်လိုက်သည်နှင့် လူတွေက ဝိုင်းကြည့်ကြသည်။ သူမကိုယ်တိုင် ကားမောင်းဝင်လာခြင်းကြောင့် အမျိုးမျိုး ပြောကျန်ရစ်မှာ သေချာသည်။ မောင်တစ်ယောက် ကားနောက်ခန်းမှာ ခွေခွေလေး ပါလာတာကို လူတိုင်း မြင်ကြ၏။

"ဘကြီးကြည်စိုးရာ ခဏလာပါဦး"

အိမ်ရှေ့ကို ကားထိုးရပ်ပြီး ဘကြီးကို လှမ်းခေါ်ရ၏။

စိုးရိမ်တကြီးဖြင့် ကားနားသို့ ဘကြီးကြည်စိုး ရောက်လာသည်။

"ဘယ်လိုဖြစ်တာလဲ သမီးငြိမ်း၊ ဒီသူငယ်ကရော ဘယ်သူများလဲ"

"နောက်မှ ပြောပြမယ်၊ မောင့်ကို အိမ်ပေါ်တွဲတင်ရအောင်"

မောင့်ကို တွဲတင်ရင်းမှာပင် မောင့်ထံမှ ညည်းတွားသံတွေ စိပ်လာခဲ့၏။

"အကျိုးအကြောင်း ပြောပြပါဦး သမီးငြိမ်း"





"မေမေ ဆုံးသွားပြီတဲ့ ဘကြီး၊ မောင်ပြောပြလို့ သိတာ၊ မေ ဆုံးတာ ငါးရက်ပြည့်သွားပြီတဲ့ ဘကြီးရယ်"

ရုတ်တရက်ကြားလိုက်ရသောကြောင့် ဘကြီးကြည်စိုး ကြောင်သွား၏။ သူမ၏မျက်ရည်များလည်း သွန်ချသလို စီးဆင်း တော့၏။

"မူးတယ်၊ မခံနိုင်တော့ဘူး၊ ဆေးရုံပို့ကြပါ . . . မမငြိမ်းရေ"

သူမရော ဘကြီးကြည်စိုးပါ ဝမ်းနည်းကြေကွဲနေကြစဉ်မှာ ကြမ်းပြင်ပေါ်မှာ လူးလွန့်ရင်း မောင်တစ်ယောက် အော်ဟစ်နေ

"ကဲ . . . သမီး အရမ်းမငိုနဲ့တော့၊ ချမ်းမြငြိမ်းက ပြန်ရှင် မှာမှ မဟုတ်ဘဲ၊ ဒီသူငယ်လေး အတော်မူးနေတယ်၊ သူက ကိုမြတ်ရဲ့ သားလား"

"ဟုတ်တယ် ဘကြီး၊ သမီးတို့ ဘာလုပ်ရမလဲ၊ သူပြောသလို ဆေးခန်းပို့ပေးရမလား"

"ဆေးခန်းပို့လောက်အောင် မလိုပါဘူး၊ သူ့ကို အန်အောင် ယူရမယ်၊ ဒါမှ ဒီဝေဒနာ သက်သာမှာ၊ မီးဖိုချောင်ထဲက အချို ဘူး သွားယူလာခဲ့ ရေတစ်ခွက်ပါ ခပ်ခဲ့ သမီး"

အရက်မူးရင် နားထဲကို သံပုရာသီး ညှစ်ထည့်တာတို့၊ အချို ရေဖျော်တိုက်တာတို့ ဆိုတာတွေကို ကြားဖူးနားဝတော့ ရှိထား၏။



www.burmeseclassic.com

www.burmeseclassic.com



သွေးပူနေတော့ ဒါတွေကို မေ့လျော့နေ၏။

* * *

အချိုမှုန့်ရေဖျော်တိုက်ပြီး ခဏနေတော့ သုံးလေးခါလောက် မောင်အန်ချသည်။ ညကြီးမိုးချုပ်မို့ မောင့်အံသံများမှာ ပို၍ကျယ်လောင်နေ၏။

"သက်သာလား မောင်"

မောင်တစ်ယောက် စကားပြန်ပင် မရ။ ဘကြီးစိုးက ဘာမှ မပြောရန် ခေါင်းခါပြသည်။

အအန်ရပ်သွားပြီး ခဏကြာတော့ မောင် ငြိမ်ကျသွားသည်။

"ကဲ . . . သမီး၊ ကောင်လေးတော့ ကောင်းကောင်း အိပ်ပျော်သွားပြီ"

"ဒါဆို . . . သူ့ကို အိမ်ပြန်ပို့လိုက်မယ်လေ"

"ဒီပုံစံမျိုးနဲ့ သမီးလိုက်ပို့ရင် ပြဿနာတွေ ရှုပ်ကုန်လိမ့်မယ်၊ အိမ်ကစိတ်ပူလည်း တစ်ညပဲဥစ္စာ၊ မနက်လင်းတာနဲ့ ဒီသူငယ် ပြန်ကောင်းသွားမှာပါ"

"ဒါဆိုရင် . . ."

အင်းပါယာထဝေ



"သမီး အခန်းထဲမှာ သူ့ကို သိပ်လိုက်ရုံပေါ့၊ သမီးကတော့ ကြီးအိပ်ရာမှာပဲ ဖြစ်သလို အိပ်လိုက်"

"ဒါဆိုရင် ဘကြီးကရော"

"သမီးတို့ မောင်းလာတဲ့ ကားက တန်ဘိုးကြီးတယ်လေ၊ တော့ ကားကိုစောင့်ရင်း ကားပေါ်မှာပဲ ဒီတစ်ည မှေးလိုက်တော့ ယ်"

မောင့်ကို သူမ ကုတင်ပေါ်သို့ တွဲတင်လိုက်ကြရသည်။

ဘကြီးကြည်စိုး ပြောသလို မောင့်အရိပ်အခြေကို င့်ရင်း ဘကြီးကြည်စိုး အိပ်ရာမှ မှေးရုံသာ ရှိတော့၏။

ဘကြီးကြည်စိုး အိမ်အောက်ဆင်းသွားသည်နှင့် ငိုယိုထား ာ ပင်ပန်းနွမ်းနယ်မှုကြောင့် ငိုက်မြည်းချင်လာ၏။

မောင့်ကို စောင့်ကြည့်မည် ဆိုသော်လည်း တခဏအတွင်း သူမ အိပ်ပျော်သွားခဲ့လေ၏။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

လူသံတွေကြောင့်ပင် သူမ လန့်နိုးလာခဲ့၏။ မောင်ကတော့ တင်ထက်မှာ အိပ်မောကျနေဆဲပင် ဖြစ်၏။ နာရီကိုကြည့်လိုက်တော့ ညနှစ်နာရီခွဲနေပြီ။ အိမ်ရှေ့တံခါးဆီသို့ အသွားမှာပင် လူကြီးတွေ ရဲတွေ အိမ်ပေါ်တက်လာသည်နှင့် တည့်တည့်တိုး၏။

ဗီးနပ် (စ်) မှ ဆိုင်ပိုင်လည်း ပါလာသည်။ ပြီးတော့ တလောက မောင်နှင့်တွဲပြီး တွေ့လိုက်သော ကောင်မလေး။ မောင့်သူငယ်ချင်းတွေ။ ဒါဆိုရင် ဒီလူအုပ်ကြီးထဲမှာ မောင့်မိဘတွေ လာတာ သေချာသွား၏။

အင်ပါယာဆမေ

www.burmeseclassic.com

www.burmeseclassic.com



ချက်ခွင်းဆိုသလို အခြေအနေကို ရိပ်စားမိလိုက်၏။ သူမကို တွေ့တွေ့ချင်းမှာ ဘကြီးကြည်စိုးက ပြောလိုက်၏။

"ဪ . . . သမီးငြိမ်းရေ၊ ဦးကိုကိုမြတ်တို့က သူ့သား ပျောက်သွားတဲ့အတွက် ဘကြီးတို့အိမ်ကို လာခဲ့ကြတာတဲ့"

ပြည်သူ့ရဲတွေ လူကြီးတွေ ပါလာပြီ ဆိုကတည်းက ကြီးကြီးကျယ်ကျယ်တွေ လုပ်ကြတာတော့ သေချာနေ၏။

ဘကြီးကြည်စိုး၏ စကားနောက်မှနေပြီး ရပ်ကွက်လူကြီးကလည်း ဝင်ပြော၏။

"စခန်းမှူးတို့အဖွဲ့ကလည်း မောင်မြတ်မိုး ပျောက်ဆုံးသွားမှုအတွက် တာဝန်အရ လိုက်လာကြတာပါ၊ မောင်မြတ်မိုး ဒီအိမ်ပေါ်မှာ ရှိပါသလား"

"ရှိပါတယ်ရှင်၊ မောင် အခန်းထဲမှာ အိပ်နေပါတယ်"

သူမ၏ဖြေကြားခြင်းအဆုံးမှာတော့ မောင့်မေမေဟု ယူဆရသော အမျိုးသမီးကြီးက အကျိုးအကြောင်း မခိုင်လုံစွာဖြင့် သူမကို စွပ်စွဲပြောဆိုလေ၏။

"ဒီမိန်းကလေးပါပဲ၊ ကျွန်မသားလေးကို ဖြားယောင်းသွေးဆောင်ပြီး ခေါ်သွားခဲ့တာပါ၊ ဒီမှာ သက်သေတွေလည်း အကုန်လုံးရှိကြပါတယ်"

"နေကြပါဦးဗျာ၊ ဒီလောက်အဆင့်အထိတော့ ကျွန်တော်





သမီးလေးကို မစွပ်စွဲကြပါနဲ့၊ သူငယ်က အရမ်းအမူးလွန်နေလို့ အိမ်ကို ခေါ်လာခဲ့တာပါ၊ သူအမူးပြေတာနဲ့ ပြန်ဖို့ အစီအစဉ် ရှိပါတယ်"

သူမအနေဖြင့် ခေါင်းအေးအေးထားပြီး ရင်ဆိုင်မှ ဖြစ်တော့မည်။ အခြေအနေတွေအရ သူမကို ဒုက္ခရောက်အောင် မောင့်မိဘတွေက ဖန်တီးယူနေကြ၏။

ရဲအရာရှိကြီး၏ အမိန့်သံဆန်သောစကား ထွက်ပေါ်လာခဲ့သည်။

"ဒါဆိုရင်လည်း မောင်မြတ်မိုးကို ခေါ်ပေးပါ၊ ကျန်တဲ့ကိစ္စကိုတော့ စခန်းရောက်မှပဲ ရှင်းကြလင်းကြတာပေါ့"

တိုင်တန်းသည့်သူက သက်သေတွေ အစုံအလင်နှင့် ဖန်တီးလာမှတော့ တာဝန်ရှိသူများက ဝတ္တရားအရ ဆောင်ရွက်ကြတော့၏။ ရဲသားနှစ်ယောက်က သူမဘေးတစ်ဖက်တစ်ချက်စီမှာ လာရပ်သည်။

ဘကြီးကြည်စိုးကလည်း ရေးကြီးသုတ်ပျာဖြင့် အခန်းထဲ ဝင်သွားပြီး မောင့်ကို သွားနှိုး၏။ မောင်နှင့်တွဲပြီး မြင်ဖူးတွေ့ဖူးထားသော ကောင်မလေးက မောင့်မေမေကို ခိုင်ခိုင်မာမာကြီး ပြောသံကြားရ၏။

"မမငြိမ်းဆိုတာ သူပဲ အန်တီ၊ အန်တီချမ်းရဲ့သမီးပဲ ကိုကိုနဲ့ ကော်ဖီဆိုင်မှာ တစ်ခါတွဲပြီး တွေ့ဖူးလိုက်တယ်၊ အန်တီချမ်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာထဲမှာ သူ့ဓာတ်ပုံကိုလည်း သိမ်းတွေ့ထားပြီးပြီ"

"ဒီမိန်းကလေးအနေနဲ့ ကျွန်တော့်သားကို တိတ်တဆိတ် ဆက်ဆံနေတာရော၊ အရက်တွေ အလွန်အကျွံတိုက်ပြီး အိမ်အထိ ခေါ်လာရတာလည်း သွေးရိုးသားရိုးကိစ္စ မဟုတ်ပါဘူး စခန်းမှူး ကျွန်တော်တို့ အမှုဖွင့်ထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပေး

ပြဿနာကတော့ တကယ့်ကို အထွဋ်အထိပ်သို့ ရောက် နေပြီ။

မောင့်မိဘတွေ လုပ်ပုံကိုင်ပုံကတော့ တရားလက်လွတ်နိုင် လွန်းလှသည်။

သက်သက်နှင့်ဝါဝါတို့ကတော့ မျက်နှာငယ်လေးတွေနှင့် သူမအတွက် စိုးရိမ်နေကြတာ သိသာလွန်းနေသည်။

✱ ✱ ✱

"ဘာတွေဖြစ်ကုန်ကြတာလဲ"

အိပ်ချင်မပြေသေးသော မောင်တစ်ယောက် ဘကြီး ကြည်စိုးနှင့်အတူ အပြင်သို့ ရောက်လာ၏။

မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့်ပင် မောင်တွေးမ ဖြစ်သွားသည်ထင်၏။





မောင့်မျက်နှာကို စေ့စေ့ကြည့်ရင်း သူမ ပြောလိုက်မိသည်။

"မောင်ရေ . . . မောင့်မိဘတွေကတော့ လူပျော်တဲ့ အမှုနဲ့ မမငြိမ်းကို ဖမ်းဖို့ ဆီးဖို့ ကြိုးစားနေကြပြီ"

စီးစီးပိုးပိုး ပြောလိုက်မိသော သူမလေသံကြောင့်ပင် မောင့် မိခင် ဆတ်ဆတ်ခါနာသွားပုံရသည်။ သူမ ခေါင်းထဲသို့ ဖြတ်ခနဲ ဝင်လာသော တိုက်ကွက်ကို တစ်ဆင့်ထပ်ပြောလိုက်ရင် မောင့်မိခင် တော့ အသည်းနာမှာ သေချာနေ၏။

"သား သူနဲ့ စကားပြောနေစရာ မလိုဘူး။ မေမေတို့နဲ့ လိုက် ခဲ့သား၊ ဒီမိန်းကလေးကို ဘာမှအယုံအကြည် ရှိစရာ မလိုဘူး"

"မဟုတ်သေးဘူး မေမေ"

မောင်ကတော့ ဖြစ်ပျက်ခဲ့သော အခြေအနေများကို ရှင်းပြ ဖို့ ကြိုးစားသေး၏။ မောင့်ကြိုးစားမှုသည် အချည်းအနှီး ဖြစ်ခဲ့ရ၏။

"ကိုကို လိုက်ခဲ့ပါ၊ အန်တီတို့ ဦးလေးတို့ စိတ်ညစ်အောင် မလုပ်ချင်ပါနဲ့၊ ပွင့်ဦးခင်ကိုလည်း သနားပါဦး ကိုကိုရယ်၊ ကိုကို့ အတွက်နဲ့ အားလုံး သောကရောက်ပြီး လျှောက်လိုက်နေကြရတာ"

ပွင့်ဦးခင်ဆိုသော မိန်းကလေးက ပါးစပ်ကလည်း ပြောရင်း မောင့်ကို ဆွဲခေါ်၏။ ပွင့်ဦးခင်သာမကပဲ မောင့်မေမေကပါ ဝိုင်းဆွဲ ခေါ်တော့ ကန့်လန့်ကန့်လန့်နှင့် မောင်ပါသွားရသည်။ အနီးတွင် ရှိနေသော ရဲသားနှစ်ယောက်ကို မေ့လျော့ထားပြီး သူမ၏နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကွက်ကို ချသုံးလိုက်ရသည်။

"မောင် . . . ဒီတိုင်းလိုက်သွားလို့ မဖြစ်ဘူးနော်၊ မောင် တွေ့ခဲ့တာက၊ မနေ့က၊ကတည်းက ပြီးတော့ ဒီအိမ်ရဲ့ မမငြိမ်းအခန်း မှာပဲ မောင်နဲ့မမငြိမ်းတို့ အတူရှိနေခဲ့ကြတာ၊ အားလုံးသော လူကြီး တွေကိုတော့ ရှိသေပါတယ်၊ ကျွန်မအနေနဲ့ မပြောမဖြစ်လို့ ပြောရ ပါ"

သူမစကားတွေ မဆုံးခင်မှာပင် တမင်ရပ်ထားလိုက် မောင့်မိဘဖေတွေနှင့်တကွ အားလုံးသောသူများ မျက်လုံးပြူးသွား ၏။ မောင်တစ်ယောက်ကတော့ စဉ်းစားရကျပ်ဟန်ဖြင့် ကြော တောင်တောင်လေး ဖြစ်နေ၏။

"မောင် ဒီတိုင်း လက်လွှတ်စပယ် ပြန်လိုက်သွားလို့ မဖြ ဘူး မောင်၊ မောင်နဲ့မမငြိမ်းက တစ်ညတာနီးပါး အတူနေခဲ့ကြပြီ ဆိုတာကို မောင်အမှတ်ရပါ၊ မောင့်ကို မမငြိမ်း ဘာမှဖြားယောင်း တာ မဟုတ်ဘူး၊ မောင်ကသာ မမငြိမ်းနဲ့အတူတူ လိုက်လာပြီ မမငြိမ်း အခန်းထဲအထိ ရောက်ခဲ့တာပါ၊ မမငြိမ်းကိုတော့ လက် လွှတ်စပယ် မထားခဲ့ပါနဲ့ မောင်ရယ်"

ရှုပ်ထွေးနေသော အခြေအနေသည် သူမစကားကြော ကြောင့်ပင် ပိုပြီးပြဿနာကြီးထွားသွားစေခဲ့၏။

ဘကြီးကြည်စိုးတစ်ယောက်လည်း ဘာဝင်ပြောလို့ ဝင်ပြော





ရမှန်း မသိအောင် ဖြစ်နေသည် ထင်၏။

အားလုံးအကျပ်တွေ့နေစဉ်မှာပင် မောင့်မိဘများ ခေါ်လာခဲ့သော ရဲအရာရှိက အခြေအနေကိုပါးနပ်စွာဖြင့် ထိန်းသိမ်းခဲ့လေ၏။

"ကဲပါလေ . . . နောက်မှဖြစ်လာတဲ့ ပြဿနာတွေကိုတော့ စခန်းရောက်မှ ဆက်ရှင်းကြတာပေါ့၊ ဦးကိုကိုမြတ်တို့ရဲ့ အမှုဖွင့်ထားချက်အရတော့ ငါ့တူမက စခန်းကို လိုက်ခဲ့ပါဦး"

သူ့ဘက်က ဘယ်လိုပဲ တရားဝင်ဖြစ်အောင် ပြောနေပြောနေ၊ မောင့်မိဘများကြောင့်ပင် ရဲစခန်းသို့ သူမ လိုက်သွားရတော့သည်။

မောင်တစ်ယောက်ကတော့ အတွေးများစွာဖြင့် မောင့်မိဘများ ခေါ်ရာနောက်ကို လိုက်ပါသွားရ၏။

သူမ သွားခါနီးမှာ ဘကြီးစိုးနှင့် ဝါဝါတို့ကို အားပေးစကား ပြောခဲ့ရသေး၏။

"သမီးအတွက်တော့ ဘာမှစိုးရိမ်မနေနဲ့၊ လောလောဆယ်တော့ သမီးလိုက်သွားလိုက်ဦးမယ်၊ တရားကို နတ်စောင့်မှာပါ"

သူမစကားတစ်ခွန်းကတော့ အားလုံးကို ကသိကအောက်ဖြစ်သွားမှာ သေချာ၏။

မောင့်မိဘများ၏ နိုင်ထက်စီးနင်းပြုမှုပုံများကြောင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



မောင်တစ်ယောက် မောင်တစ်ယောက် စားစာခံဖြစ်ရတော့မ

မေမေ အသက်သေသည်အထိ ဒီအသိုင်းအဝိုင်

စိတ်ဒုက္ခမျိုးစုံ ပေးခဲ့သည်ပဲ။ အခုလည်း ဒုက္ခတွေ့စေရန် ဖန်တီ

ကြပြန်သည်။ မောင့်ကို သနားပေမယ့် ဒီလူတွေကို လက်စား

တုံ့ပြန်ဖို့ အသုံးချရဦးမည်လေ။

၄။

"ဒီက ရဲအရာရှိကိုရော ရပ်ကွက်က တာဝန်ရှိတဲ့ လူကြီးတွေကိုပါ ကျွန်တော် အကြံပြုချင်ပါတယ်၊ ဦးစိုးကြည်တို့ ဒီကလေးမလေးတို့ဆိုတာ ကျွန်တော့်ရဲ့ အိမ်နီးချင်းမိတ်ဆွေတွေပါ၊ ရပ်ဆွေရပ်မျိုးဆိုလည်း မမှားပါဘူး၊ ကျွန်တော်ဟာ ရှေ့နေတစ်ယောက်ပါ၊ တစ်ဘက်ကလည်း သားပျောက်တဲ့ဇောနဲ့ စခန်းကို လူပျောက်တိုင်ပြီး အမှုဖွင့်ဖို့ ကြိုးစားပါတယ်၊ ကလေးမလေးကလည်း သူပြောသင့်တာတွေကို အားလုံးရှေ့မှာပဲ ပြောခဲ့ပြီးပါပြီ၊ အခုကိစ္စဟာ အလွန်သိမ်မွေ့တဲ့ တရားဥပဒေကြောင်းနဲ့ သက်ဆိုင်နေပါပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ကာယကံရှင်နှစ်ဘက်စလုံးကို အေးအေးဆေးဆေး မေးမြန်းညှိနှိုင်းပြီးမှ လုပ်သင့်တာတွေကိုလည်း လုပ်စေချင်ပါတယ်၊ စွပ်စွဲအမှုဖွင့်ခြင်းကို ခံရမယ့်သူက မိန်းကလေးလည်း ဖြစ်နေပါတယ်"

ရှေ့နေဦးသက်မောင်၏ စကားကြောင့်ပင် အားလုံးငြိမ်သက်သွားကြ၏။ သူမနှင့် ဘကြီးစိုးကြည်တို့အတွက်တော့ ရှေ့နေဦးသက်မောင်မှာ ကောက်ရိုးတစ်မျှင် ဖြစ်နေ၏။

မောင့်မေမေကတော့ ဖြစ်ချင်တာတွေ မဖြစ်ရမည်စိုး၍ ပြန်လှည့်လာပြီး ဒေါသူပုန်ထပြပြန်၏။

"ဒီမှာ ဒီသူငယ်မလေးက ကျွန်မသားကို ဖြားယောင်းပြီး အပိုင်ကြံတယ်ဆိုတာကို အားလုံးသက်သေတွေ ရှိတယ်၊ ကျွန်မတို့ တိုင်တန်းချက်အတိုင်းသာ အရေးယူပေးပါ"

"ကဲ . . . ဦးကိုကိုလတ် ခင်ဗျားဇနီးကို ခဏလောက် ထိန်းပေးပါဦး၊ ဒီက ရှေ့နေကြီးရော၊ အားလုံးပါ နားထောင်ပေးပါဦး"

ရဲအရာရှိ၏စကားကြောင့်ပင် မောင့်ဖခင်ဖြစ်သူက ဇနီးသည်ကို တားမြစ်ဟန်ရှိသည်။ မောင့်မေမေ ငြိမ်သက်သွားမှ ရဲအရာရှိ ဆက်ပြောသည်။ အူကြောင်ကြောင် ဖြစ်နေရှာသော မောင်တစ်ယောက်တည်း ရဲအရာရှိ၏စကားကို ဂရုစိုက်ပြီး နားစွင့်နေသည်။

"မိန်းကလေးက မောင်မြတ်မိုး မူးနေတာကို အိမ်ပြန်ပို့ပေးမယ်ဆိုပြီး ပြောခဲ့တာရော၊ ထွက်သွားတာရော မြင်တဲ့ကြားတဲ့ သက်သေတွေက ရှိနေတယ်၊ အချိန်လွန်တဲ့အထိ မောင်မြတ်မိုး အိမ်ပြန်မရောက်လာဘူး၊ မိဘတွေက စုံစမ်းပြီး သက်သေတွေနဲ့တကွ လူပျောက်တိုင်ပြီး အမှုဖွင့်ခဲ့ကြတယ်၊ ဒါက မိန်းကလေး ရင်ဆိုင်ရမယ့် ပထမအပိုင်းနော်၊ ဒီမှာတင် မိန်းကလေးက မောင်မြတ်မိုးနဲ့ ပတ်သက်ပြီး ပြောခဲ့တဲ့ စကားတွေရှိတယ်၊ ဟုတ်တယ် မဟုတ်ဘူး ဆိုတာဟာ မိန်းကလေးတို့နှစ်ယောက်ပဲ သိကြမယ်၊ ဒါကလည်း မိန်းကလေးပြောတဲ့စကားပဲ ရှိသေးတယ်၊ မောင်မြတ်မိုးဘက်က ဟုတ်တယ် မဟုတ်ဘူး လုံးဝ မပြောရသေးဘူး၊ မောင်မြတ်မိုး ငြင်းငြင်း မငြင်းငြင်း ဒီကိစ္စနဲ့ ပတ်သက်ပြီး တရားဥပဒေအရ ရင်ဆိုင်ရဦးမယ်၊ အားလုံးပြီးဆုံးသွားလို့ မိန်းကလေးပြောတာတွေဟာ တရားမဝင်ဘူး၊ မဟုတ်ခဲ့ဘူးဆိုရင် အမှုက တစ်မှုကနေ နှစ်မှုတိုးမှာနော်"

"ဒီက ရဲအရာကြီး ပြောတာလည်း သဘာဝကျပါတယ်၊ ကျွန်တော်ကတော့ စစ်စစ်ဆေးဆေး မေးမေးမြန်းမြန်းလုပ်ပြီး တရားဥပဒေအတိုင်း ဆောင်ရွက်ဖို့ကိုပဲ တိုက်တွန်းနေတာပါ"

"ကောင်းပြီလေ ဒါဆိုရင် ဦးကိုကိုမြတ်တို့လည်း သားတော်မောင်ကို ခေါ်ပြီး စခန်းကို လိုက်ခဲ့ကြပါ၊ ရပ်ကွက်ကလူကြီးတွေရော မိန်းကလေးနဲ့ပတ်သက်တဲ့လူတွေပါ တစ်ပါတည်း လိုက်ခဲ့ကြပေါ့"

ဒီအခြေအနေအထိရောက်မှတော့ ပြောခဲ့မိပြီးသော စကား






www.burmeseclassic.com

www.burmeseclassic.com



တွေကို နောက်ပြန်ဆုတ်လို့ မရတော့ပေ။

အဖြစ်အပျက်တွေ၊ ပြောခဲ့သောစကားတွေကို မောင်လည်း သိမှာ ကြားမှာ သေချာ၏။

* * *

စခန်းသို့ သွားကြတော့ ဦးသက်မောင်ကပင် အနီးအပါးမှ ကားတစ်စီးကို အကူအညီ တောင်းပေး၏။

သူမတို့ စီးသောကားပေါ်မှာ လူစိမ်းဟူ၍ ကားမောင်းသူသာ ရှိနေသည်။

ဘကြီးကတော့ သူမအတွက် ရတက်မအေးဖြစ်ပြီး ဦးသက်မောင်အား မေးမြန်းကြည့်ပြန်၏။

"ဦးသက်မောင်ရှိနေတာ ကျွန်တော်တို့အတွက်တော့ အားရှိတာ အမှန်ပဲ၊ ဟိုရောက်ရင် မောင်မြတ်မိုးကို မေးကြမြန်းကြမယ့် သဘောလား"

"ဒါပေါ့ . . . အခုကိစ္စမှာ ဒီဖြစ်ရပ်အပေါ် ကောင်လေးရဲ့ အဖြေစကားက အရေးကြီးသွားပြီလေ၊ သူတို့လူငယ်ချင်းဖြစ်ကြပျက်ကြတဲ့ကိစ္စကို ကောင်လေးက ရှင်းရှင်းလင်းလင်း ပြောလိုက်ရင် အားလုံးပြီးသွားမှာပဲ"





သူမ တမင်ပြောခဲ့မိသော စကားများကို ဦးသက်မောင်တို့ ...ကြီးတို့က ယုံကြည်ကြဟန်တူသည်။

"ကောင်လေးရဲ့မိဘတွေကတော့ ကောင်လေးကို အရ...ည်းရုံးကြမှာပဲ၊ ကောင်လေးက သူ့မိဘမျက်နှာကို ကြည့်သွားမှာပဲ ...ရတယ် ဦးသက်မောင်"

"မကြာခင် အဖြေပေါ်မှာပါ၊ ကောင်လေးက သူ့မိဘ...က်နှာကို ကြည့်တယ်ပဲ ထားလိုက်ဦး၊ တရားဥပဒေက ရှိနေပါသေး...ယ် ဦးကြည်စိုးရာ"

မောင်က သူမ ပြောခဲ့တာတွေကို ငြင်းမည်လား၊ မငြင်းဘူး...ဘာကို အခုချိန်မှာ သူမလည်း တပ်အပ် မပြောနိုင်။

သူမအတွက်တော့ တစ်ပူပေါ် နှစ်ပူဆင့်တော့မည် ထင်၏။ ...င်တစ်ယောက် ဆုံးရှုံးသွားရတာမှ မကြာသေး။ အမှုတစ်ခုကို ...ပ်မံရင်ဆိုင်ပြီး ဘာတွေဖြစ်လာဦးမည် မသိသေးပေ။ တွေးကြည့်...တ်တိုင်းပင် ဖြစ်ပျက်ခဲ့သမျှတွေအတွက် မောင့်မိဘများကို ...ကြည်းမုန်းတီးနေမိပြန်၏။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## ၅။

မောင်တို့အုပ်စု ဝင်သွားကြသော အခန်းနှင့် ဝေးရာမှာ သူမနှင့်အတူ မောင့်မေမေနှင့် ပွင့်ဦးခင်ဆိုသော ကောင်မလေးတို့ အတူရှိနေကြ၏။ ခုံတန်းလျား၏ တစ်ဘက်စီမှာ ကမ္ဘာခြားသလိုမျိုး ထိုင်နေကြသည်။ မောင့်မေမေနှင့် ပွင့်ဦးခင်တို့၏ အကြည့်များက တော့ ဝါးမြိုတော့မတတ် ရှိနေ၏။

သူမစိတ်တွေကို အတည်ငြိမ်ဆုံးဖြစ်အောင် ထိန်းနေရ၍ ထိုအကြည့်များ၏ ထိုးနှက်မှုကို အရေးမစိုက်အားပေ။ မကြည်သော မမြင်သာသော အခန်းအတွင်းမှာ မောင်ဖြေကြားမည့် စကားတွေ



www.burmeseclassic.com

www.burmeseclassic.com



အတွက်သာ ဆောက်တည်ရာမရ ဖြစ်နေမိ၏။

ခန်းဆီးစအလှုပ်မှာ သူမစိတ်တို့ ပိုလှုပ်ရှားမိသည်။ မေးမြန်းဖြေကြားခြင်း ပြီးဆုံး၍ အပြင်သို့ ထွက်လာကြတော့မည်။

မောင့်မေမေနှင့်ပွင့်ဦးခင်တို့က မတ်တပ်ထရပ်လိုက်သည်။

သူမအဖို့ကတော့ ထွက်လာမည့် လူတွေ၏မျက်နှာကို ရဲရဲ မကြည့်ဝံ့၍ ခေါင်းငုံ့၍သာ နေမိ၏။

ခြေသံတွေက တစစနှင့် နီးကပ်လာ၏။

အဖြေတစ်ခုခုကို သိရတော့မည်ပဲ။

သူမပခုံးကို ဖွဖွလာကိုင်ပြီး တိုးတိုးလေး ကပ်ပြောလိုက်သော ဦးသက်မောင်၏ လေသံကြောင့်ပင် အားလုံး၏မျက်နှာကို သူမ မော်ကြည့်မိတော့၏။

"အခြေအနေအားလုံး ကောင်းတယ် သမီး"

အဖြေကို သိပြီးသော ကျန်သူများ၏ မျက်နှာက မသိသာ လှပေ။ ဘကြီးနှင့် ဦးသက်မောင်တို့၏ မျက်နှာများက ပြုံးရွှင်နေ သလောက် မောင့်ဖေဖေ၏မျက်နှာမှာ နီမြန်းပြီး သောကဖြစ်နေ၏။

ရဲအရာရှိစကားသံကို နားထောင်ရင်း မောင့်မျက်နှာကို ကြည့်မိသည်။ အကြည့်ဆုံခိုက်မှာပင် ယဲ့ယဲ့လေးပြုံးပြသော မောင့် အပြုံးကို မြင်တွေ့လိုက်ရ၏။

"ဦးကိုကိုမြတ်ကတော့ မောင်မြတ်မိုးရဲ့ အဖြေစကားကို





ကြားခဲ့ပြီးပါပြီ၊ ဦးကိုကိုမြတ်ကပဲ ဇနီးသည်ကို ပြောပြလိုက်ပါ၊ ကျွန်တော်တို့ဘက်တော့ အကောင်းဆုံးဖြစ်အောင် လုပ်ပေးပြီးပါပြီ၊ ကျန်တဲ့အပိုင်းကတော့ ကာယကံရှင်တွေရဲ့အပိုင်းပါပဲ"

"ဘာတွေဖြစ်ကြတာတုန်း . . သားက ဘာတွေ ပြောလို့"

"မင်းသားက မ, စိတ်မွန်ပြီး အားလုံးကို ခေါင်းညိတ်တယ်၊ ဘာမျက်နှာ မျိုးရိုးဂုဏ်သိက္ခာကို မထောက်တဲ့ သားသမီးဆိုးပဲ"

"ကျွန်မတို့ ဘာမှ မလုပ်နိုင်တော့ဘူးလား၊ ဒီမိန်းမပျက် ကတ်ထဲကို ထိုးအပ်လိုက်ရတော့မှာလား၊ မဖြစ်ပါဘူး . . . ဟုတ်ခဲ့ တယ် ဖြစ်ခဲ့တယ်ဆိုရင်တောင် သားနဲ့ လုံးဝ သဘောမတူနိုင်ဘူး၊ ဒါ့ဒီအတွက် နစ်နာကြေးပေးရမယ်ဆိုရင် ဘယ်လောက်ကုန်ကုန် ကျွန်မတို့ ပေးမယ်"

သူမ ပြောခဲ့မိသော စကားများကို မောင် ဘာကြောင့် ခေါင်းညိတ်လက်ခံလိုက်ပါလိမ့်။

တကယ်ပဲ သံယောဇဉ်ကြီးပြီး ချစ်ခင်စုံမက်မိလို့လား။ ဒါမှ ဟုတ် မူးယစ်ခြင်းကြောင့်ပင် ခရီးကျွံခဲ့လေသလား . . . ဟူသော အတွေးမျိုးဖြင့် ခေါင်းညိတ်ခြင်းလား။ ဘာပဲဖြစ်ဖြစ် အခုအချိန်မှာ တော့ အောင်ပွဲရ စစ်သူကြီးမှာ သူမပင် ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးသော လူကြီးတွေရှေ့မှာပဲ မောင့်ဖေဖေပြောလိုက်တဲ့ စကားနဲ့ပတ်သက်ပြီး ကျွန်မ တစ်ခုပြောပါရစေ၊ မောင်နဲ့ သံယောဇဉ်ဖြစ်ခဲ့တာ မောင်နဲ့ အနေနီးခဲ့တာဟာ ငွေကြေးဥစ္စာတွေ ဂုဏ်ပကာသနတွေကို မက်မောလို့ မဟုတ်ပါဘူး၊ ကျွန်မအနားမှာ မောင် အမြဲရှိနေဖို့ပါပဲ၊ မောင့်ကို ဘာနဲ့မှ အလဲအလှယ် မလုပ်သလို ဘယ်လိုအပေးအယူမျိုးမဆို ကျွန်မ လက်ခံမှာ မဟုတ်ပါဘူး"

သူမ စကားဆုံးသည်နှင့် ဘကြီးကလည်း မခံမရပ်နိုင်သော စိတ်ဖြင့် စကားထ,ပြောသည်။

မောင်တစ်ယောက်ကတော့ မောင့်မိဘများ၏ မျက်နှာကို ရဲရဲကြည့်ဖို့ အားနာနေဟန် တူ၏။

"မောင်မြတ်မိုးက သမီးလေးငြိမ်းကို တာဝန်ယူဖို့ ပြောခဲ့ပြီးပါပြီ၊ ကိုကိုမြတ်တို့အနေနဲ့ မပြောသင့်တဲ့စကားတွေကို မပြောပါနဲ့တော့၊ ကလေးတွေအတွက် အဆင်ပြေဆုံးဖြစ်အောင် ညှိကြတာပေါ့ဗျာ"

"သူတာဝန်ယူမယ့်ကိစ္စ သူ့ဘာသာ လုပ်လိမ့်မယ်၊ ကျုပ်တို့နဲ့ ဘာမှ ညှိစရာ မလိုဘူး၊ ဒီကောင့်ကိုလည်း သားအဖြစ် လုံးဝ အသိအမှတ်မပြုတော့ဘူး၊ ဒါပဲဗျာ . . . ကျုပ်တို့ ပြန်မယ်"

မောင့်ဖေဖေကတော့ ဒေါသစကားတွေကို ပြတ်ပြတ်သားသား ပြောရင်း နေရာမှ ထရပ်ပြီး ထွက်ခွာဖို့ ပြင်၏။





ဒေါ်မေမေကလည်း ခြေလှမ်းရှေ့တိုးပြီးမှ နောက်ပြန်လှည့်ကာ မောင့်အား လှမ်းပြောလိုက်၏။

"မိဘကို ရင်ကွဲအောင်လုပ်တဲ့ လူမိုက်၊ မင်းဘဝနဲ့မင်းနေခဲ့"

မိဘနှစ်ယောက်၏အသည်းနာသော စကားများကြောင့် မောင့်မျက်နှာလေး ပျက်ယွင်းနေ၏။ မောင်တစ်ယောက် စိတ်ယိုင်ပြီး တစ်စုံတစ်ခု ပြောလိုက်မှာကို စိုးရိမ်နေမိပြန်သည်။

ထိုအခိုက်အတန့်လေးမှာပင် ပွင့်ဦးခင်တစ်ယောက်က လည်း တစ်စခန်းထပြီး မောင့်ဆီသို့ သွား၏။

"ကိုကို"

ဝမ်းနည်းကြေကွဲခြင်းကြောင့် ပွင့်ဦးခင်စကား မဆက်နိုင်တော့ပေ။ မောင့်ကတော့ အလိုက်သိစွာပင် ပွင့်ဦးခင်အား နှစ်သိမ့်လိုက်သည်။

"သွားတော့ ပွင့်ဦးခင်၊ ကိုကို့ဘဝနဲ့ကိုကို ရှိပါစေတော့"

မောင့်နှုတ်ထွက်စကားကြောင့်ပင် ပွင့်ဦးခင် ချာခနဲ လှည့်ထွက်သွား၏။ ပွင့်ဦးခင်တစ်ယောက်တော့ အားလုံး၏ မမြင်ကွယ်ရာမှာ မျက်ရည်များ ရွှဲရွှဲစိုတော့မှာ သေချာသလောက် ရှိနေ၏။

မောင်နှင့်ပတ်သက်သောသူတွေ ကင်းရှင်းသွားမှ မောင့်ကို သူမနှစ်သိမ့်မိသည်။ သူမ, အောင်မြင်မှုအတွက် စတေးခံရရှာသော မောင့်ကိုတော့ တတ်အားသရွေ့ ယုယရမည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"မောင် အားငယ်နေလား"

သူမအမေးကို မောင် ခေါင်းခါပြသည်။

စခန်းမှ အပြန်လမ်းတွင် မောင် ငြိမ်သက်နေ၏။ သူ
အနေဖြင့် မောင့်ပခုံးကို မှီနွဲ့ပြီး အလိုက်သင့် ဆိတ်ဆိတ်နေပေး

သို့ပါသော်လည်း ဦးသက်မောင်ကတော့ ရှေ့ဆက်လု
မည့် အစီအစဉ်များကို အလိုက်ကန်းဆိုး မသိစွာဖြင့် ပြောလေသ

"မောင်ရင့်မိဘတွေက လူတွေရှေ့မှာ ရှက်ပြီး အလျှော
သွားတာ၊ မောင်ရင်တို့ဘဝလေးကို နှောင့်ယှက်လို့မရအောင် တ
ဝင်ဖြစ်သွားအောင် ရုံးဖွင့်တာနဲ့ လက်မှတ်ထိုးဖို့ လုပ်ရမယ်၊ ကျ
လက်စနဲ့ အားလုံးပြီးအောင် ဦးကပဲ ကူညီပေးမှာပါ။ ဦးစိုးကြ
အနေနဲ့ကလည်း ရပ်ကွက်ထဲက လူတွေကို အသိအမှတ်ပြုဖို့အတွ
မင်္ဂလာဆွမ်းကျွေးလေးပဲဖြစ်ဖြစ် ဖြစ်အောင် လုပ်ပေးဦးနော်"

ဘကြီးကတော့ ဦးသက်မောင်၏ စကားကို ဝမ်းပန်းတ
ဖြင့် ခေါင်းညိတ်လက်ခံလေ၏။

သူမလက်ထဲသို့ မှတ်မထင်ဘဲ မောင် ရောက်ခဲ့သ
မောင့်ကို ကြိုးကိုင်နိုင်သည်နှင့်အမျှ မောင့်မိဘအသိုင်းအဝိုင်
မာန်မာနတွေက တစ်စစီဖြစ်အောင် အစီအစဉ်တကျ လုပ်ပြ
နိုင်မည်လေ။

၆။

သူမတို့တစ်တွေ အိမ်ပြန်ရောက်တော့ အာရုဏ်လင်းလု ဖြစ်နေပြီ။ ဘကြီးကတော့ သူမတို့နှစ်ယောက်ကို ထားခဲ့ပြီး ဦးသက်မောင်နှင့်အတူ လက်ဖက်ရည်ဆိုင်သို့ ထွက်သွား၏။

အိမ်ရှေ့ခန်းထိုင်ခုံပေါ်မှာ ထိုင်ရင်း မောင့်အခြေအနေကို အကဲခတ်ကြည့်သည်။ သူမ ပထမဆုံး လုပ်ရမည့်အလုပ်က မောင့်ကိုယ်ပေါ်မှ အဝတ်အစားများကို လဲပေးဖို့ပဲ ဖြစ်၏။ ဘကြီး၏ ဝတ်စုံတစ်စုံကို ခဏယူပြီး မောင့်ကို ပြောလိုက်ရသည်။

"တစ်ညလုံး ဝတ်ထားတဲ့ အဝတ်အစားတွေ လဲလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



အောင် မောင်၊ လောလောဆယ်တော့ ဘကြီးရဲ့ အဝတ်အစားအဟောင်း မောင် ခဏဝတ်ဦး၊ မောင်ရင်ပူနေမယ် ထင်တယ်၊ ဖံရေတစ်ခွက် သောက်ပြီး မောင် ကိုယ်လက်သန့်စင်လိုက်၊ ဒါမှ မောင် လန်းသွားမှာ"

"ဟုတ်တယ် မမငြိမ်း . . . မောင် ရေဆာနေတာ ကြာပြီ ပြီးတော့ ရင်ထဲမှာလည်း မကောင်းသေးဘူး"

ကြားဖူးနားဝစကားအရ မောင်တစ်ယောက် အရက်နာကျ ပြီ ထင်၏။

ရေခဲသေတ္တာထဲမှ ရေပုလင်းကို သွားယူပေးရင်းက ဈေး သော ပန်းသီးနှစ်လုံးကိုပါ ယူလာခဲ့သည်။

"မောင် အရက်နာကျတာနဲ့ တူတယ်၊ ကြားဖူးတာတော့ နည်းနည်းထပ်သောက်ရသလားလို့ပဲ၊ မောင်သောက်ချင်ရင်တော့ ရေခဲသေတ္တာထဲမှာ ဘီယာဘူးတစ်ဘူးတော့ ရှိတယ်"

"တော်ပါပြီ မမငြိမ်းရယ်၊ ဒါတွေ သောက်မိလို့ အခုလို အခြေအနေအထိ မောင်တို့ ဖြစ်ခဲ့ကြတာ"

မောင်က ပန်းသီးကိုလည်း မစား။ ရေကိုလည်း နည်းနည်း သာ သောက်၏။ အဝတ်မလဲသေးဘဲ မောင် ငိုင်နေပြန်၏။

"မောင် နောင်တရနေလား"

"မဟုတ်ပါဘူး မမငြိမ်း"





"ဒါဆိုရင် အင်္ကျီတွေ ချွတ်၊ ပုဆိုးကိုတော့ မောင့်ဘာသာ လဲနော်၊ ဒီပုဆိုးကြမ်းနဲ့ ရေဝတ်ချိုး၊ ပြီးမှ ရေလဲလိုက်"

ပြောပြောဆိုဆိုပင် ကြယ်သီးများကို ဖြုတ်ပြီး အင်္ကျီချွတ် ပေးရ၏။

"အခုပုဆိုးနဲ့ပဲ ရေဝတ်ချိုးလိုက်မယ် မမငြိမ်း၊ ရေချိုးခန်းက ဘယ်နားမှာလဲ၊ ပြီးတော့ အိမ်သာကရော မမငြိမ်း"

ရွှေမင်းသားလေးတော့ အခက်တွေ့မှာ သေချာနေ၏။ ရေချိုးခန်းဟူ၍ သတ်သတ်မရှိ။

အိမ်ရှေ့အဆင်းတွင် ဝါးကပ်ကာပြီး ရေတိုင်ကီချထား သည်။ အကာအရံကိုတောင်မှ သူမ ရှိနေသောကြောင့် ဘကြီး လုပ် ထားခြင်းဖြစ်သည်။

"ပုဆိုးကို အရင်လဲလိုက် မောင်၊ မောင်က မူးမူးရူးရူးဖြစ်နေ ခဲ့တော့ အားလုံးဖံပေကျံနေမှာ၊ သွေးပူတုန်းမို့ လူတွေရှေ့ကို အဝတ် မလဲဘဲ မောင်သွားလိုက်တာက အားနာစရာ ကောင်းနေပြီ၊ ရေချိုး ဘာကတော့ အိမ်ရှေ့မှာလေ၊ အိမ်သာကတော့ မီးဖိုချောင်နားက ဖြတ်သွားရင် ရမယ်၊ မောင် ဘာအရင် လုပ်မှာလဲ"

အတင်းအကျပ် လဲခိုင်းနေမှတော့ သူမရှေ့မှာပင် မောင် ပုဆိုးလဲလိုက်၏။

မောင်ဝတ်ထားခဲ့သော ညက ဝတ်စုံကို အမိအရ သူမ



www.burmeseclassic.com

www.burmeseclassic.com



သိမ်းဆည်းထားလိုက်၏။

"အိမ်သာ အရင်သွားချင်တယ် မမငြိမ်း"

"လာလေ မောင်၊ မမငြိမ်း လိုက်ပြပေးမယ်၊ ဒီကနေ စပြီး မောင်က ဒီအိမ်သား ဖြစ်သွားပြီနော်"

နောက်ဖေးမီးခလုတ်ကို မောင်မြင်သာအောင် ဖွင့်ပြရင်း ပြောလိုက်မိသည်။

အိမ်သာနားရောက်တော့ မောင်က အားနာစကားဆို၏။

"ရပြီ မမငြိမ်း၊ မောင့်ကို တကူးတက စောင့်ပေးတာမျိုး လုပ်ရင် မောင်ကိစ္စပြီးမှာ မဟုတ်ဘူး"

မောင်ပြောလာတော့လည်း သူမ အလိုက်သိရပေမည်။

ဒါပေမယ့် မောင်ကံဆိုးသည် . . ဟု ပြောရမည်လားမသိ သာမန်ရပ်ကွက်လေးမို့ လူနေအိမ်တွေက ထိပ်ကပ်နေ၏။

အလင်းရောင်ဖြာကျစပြုသောကြောင့် လူတွေနိုးလာကြပြီ လူသံသူသံတွေကြောင့်ပင် မောင် အနေခက်မှာ သေချာနေ၏။

* * *

"မမငြိမ်း . . . မမငြိမ်း"

မောင်တစ်ယောက် အိမ်သာဝင်နေတုန်း ကမန်းကတမ်း





အဝတ်အစားလဲဖို့ ကြိုးစားလိုက်၏။ အပေါ်အင်္ကျီချွတ်နေတုန်းမှာပင် မောင့်၏အော်ခေါ်သံကြောင့် ထမီရင်ရှားလိုက်ရ၏။ မျက်နှာသုတ်ပုဝါကို လှမ်းဆွဲယူပြီး ခြုံလိုက်ကာ အပြင်သို့ အမြန်ထွက်ခဲ့ရသည်။ အိမ်သာတက်ရင်းက တစ်ခုခု အဆင်မပြေဖြစ်ပြီ ထင်၏။

"ဘာဖြစ်တာလဲ မောင်"

"မမငြိမ်းကို မတွေ့လို့ ဘယ်သွားလဲလို့ ခေါ်ကြည့်တာ"

မောင့်အဖြစ်ကိုကြည့်ရင်း သဘောကျမိသေး၏။

သေချာစဉ်းစားကြည့်မှ မောင်အိမ်သာဝင်တာ ဘာဆိုဘာမှ မကြာလိုက်ပေ။ မောင့်ဖြစ်အင်ကို သိချင်၍ မနေနိုင်ဘဲ မေးလိုက်မိသည်။

"နေပါဦး မောင်ရဲ့ မောင် ကိစ္စရှင်းတာက ဘာမှလည်း မကြာပါလား"

"ဟုတ်တယ် မမငြိမ်း၊ အကျီကလည်း မပါ၊ လူသံတွေကလည်း အနားနားကပ်နေသလိုပဲ၊ ပြီးတော့ မောင်ထိုင်ကျင့် မရှိတော့ ဘယ်လိုမှ ကိစ္စမပြီးတာနဲ့ ထွက်လာခဲ့တာ၊ ရေချိုးလိုက်ရင် ကောင်းမယ်ထင်တယ် မမငြိမ်း"

မောင်တစ်ယောက်တော့ ခက်ပြီ . . . ဟု ကြိတ်ပြီး ပြုံးမိသေး၏။ အိမ်သာထဲအထိ အဖော်လိုက်ပေးရမလို ဖြစ်နေ၏။

"ဒါဆိုလာ . . . မောင် ရေမိုးချိုးရင်း မျက်နှာသစ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



မောင့်လက်ကိုဆွဲရင်း အိမ်ရှေ့ထွက်ခဲ့၏။ အိမ်ပေါ်မှဆင်းပြီး ကာရံထားသော ရေချိုးခန်းကိုမြင်တော့ မောင် တွန့်သွားသည်။

"ဒီမှာ ချိုးရမှာလား မမငြိမ်း"

"ဟုတ်တယ် မောင်၊ မထူးပါဘူးလေ၊ လက်စနဲ့မမငြိမ်းပဲ မောင် အဖော်ရအောင် ချိုးလိုက်မယ်၊ မောင့်ကို ရေချိုးပေးမယ်"

ရံထားသော မျက်နှာသုတ်ပုဝါကို အဝတ်တန်းပေါ် လှမ်းတင်လိုက်သည်။ မောင်ကတော့ တကာ့ယ်ကလေးတစ်ယောက်လို တအံ့တဩဖြစ်လို့နေ၏။

"ရေချိုးတဲ့နေရာက လမ်းနဲ့အရမ်းကပ်နေတာပဲ၊ ဖြတ်သွားဖြတ်လာတွေနဲ့ ဒီလိုပဲ ရေချိုးရမှာလား မမငြိမ်း"

"မောင်ရယ် အပျိုစဖြစ်ကတည်းက ဒီနေရာမှာ မမငြိမ်းချိုးလာခဲ့တာ၊ ဟိုတုန်းကဆို ဒီအကာအရံတွေတောင် မရှိဘူး နောက်မှ ဘကြီးက မမငြိမ်းအတွက် လုပ်ပေးခဲ့တာ၊ မောင်မျက်နှာ အရင်သစ်သွားလိုက်"

"သွာတိုက်တံအသစ် မရှိဘူးလား မမငြိမ်း"

"ဟဲပါကွာ . . . မမငြိမ်း တိုက်နေကျ သွားတိုက်တံနဲ့ပဲ ဒီတမနက် တိုက်လိုက်ပါနော်၊ ရေမိုးချိုးပြီးရင် ဆိုင်တွေ ဖွင့်ဦးမှာ တောင် မဟုတ်ဘူး၊ တစ်ခုခု စားရင်းသောက်ရင်းနဲ့ ဆိုင်အဖွင့်ကို စောင့်မယ်၊ တရားရုံးမှာ လက်မှတ်သွားထိုးဖို့အတွက် အကျီတို့ ပုဆိုး





တို့ ဝယ်ရဦးမယ်၊ သွားမြန်မြန်တိုက် မောင်၊ ဒီအရွယ်ရောက်မှ မမငြိမ်း သွားမတိုက်ပေးတော့ဘူး၊ မောင် မချိုးတတ်မှာစိုး၍ ရေတော့ မမငြိမ်း ချိုးပေးမယ်"

သူမ စကားကို နားထောင်ပြီး မောင် သွားတိုက်သည်။

မောင်သွားတိုက်ခြင်း ပြီးဆုံးတော့ ဖလားနှင့်ရေခပ်ပြီး လောင်းချပေး၏။ ပထမတော့ မောင် ရှက်ရွံ့နေသေး၏။ သုံးလေးခွက်လာက် လောင်းပြီးတော့ မောင်ပျော်သွားသည်လား မသိ။

သူမ'လက်ထဲမှ ဖလားကိုယူပြီး သူမကိုပင် ပြန်လောင်းပေးနေသေး၏။

www.burmeseclassic.com

www.burmeseclassic.com

တရားရုံးမှာ လက်မှတ်ထိုးတော့ ဝါဝါနှင့်သတ်သက်တို့က အသိသက်သေတွေ လိုက်လုပ်ပေးကြ၏။ သူမနှင့်မောင်တို့ မွေးသော ...ဿနာကြောင့်ပင် ဝါဝါနှင့်သက်သက်တို့လည်း ဗီးနပ် (စ်) မှ ...တ်ခဲ့ကြရ၏။

သူမ၏မဟာစီမံကိန်းကတော့ အချိန်တိုတိုလေးအတွင်းမှာ ...င် ရာခိုင်နှုန်းပြည့် အောင်မြင်သည် . . . ဟု ဆိုရမည်လေ။

တရားရုံးမှာ လက်မှတ်ထိုးပြီး သူငယ်ချင်းများကို လိုက်...သွားသည်။ သူမနှင့်မောင်တို့လည်း ဟန်နီမွန်းခရီးတိုလေးအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့အနှံ့ လျှောက်လည်ကြသည်။ မောင့်အတွက် အဓိကထား ပြီး သုံးဖို့ပစ္စည်းတွေလည်း ဝယ်ခဲ့ကြသည်။

အိမ်ပြန်ရောက်တော့ ဘကြီးဝယ်ပေးထားသော ညစာထ ပင် သူမတို့နှစ်ယောက် မစားနိုင်ခဲ့ကြပေ။ မိုးလည်း ချုပ်ပြီမို့ အိပ်ရ ပေါ်မှာ လဲလိုက်ရင်းက သူမ အိပ်ပျော်သွားခဲ့သည်။

"မမငြိမ်း . . . မမငြိမ်း"

သူမကို အတင်းလှုပ်နိုးမှုကြောင့် အိပ်ရာမှ လန့်နိုးသွား သည်။ သူမနံဘေးမှ ငုပ်တုပ်ထိုင်နေသော မောင့်မျက်နှာကတော စိုးရိမ်မှုတွေ ပေါ်နေ၏။

"လန့်လိုက်တာ မောင်ရယ်၊ ဘာဖြစ်လို့လဲဟင်"

"မမငြိမ်း မကြားဘူးလား"

ချက်ချင်းတော့ သူမ,သဘောမပေါက်ပေ။ သူမ သဘော ပေါက်သွားသည့်အချိန်မှာတော့ ဟက်ဟက်ပေါက်ပေါက် ရယ်မော မိလိုက်၏။ အိမ်ဘေးနားမှ လင်မယား ရန်ဖြစ်သည်မှာ မောင့်အ အထူးအဆန်း ဖြစ်နေသော်လည်း သူမတို့ လမ်းထဲမှ လူတွေအဖို့ တော့ ကြားနေကြမို့ ဘာမှမဖြစ်ကြတော့ပေ။

"မမငြိမ်းက ရယ်နိုင်နေသေးတယ်၊ လင်မယားနှစ်ယောက် တစ်ယောက်ကို တစ်ယောက် ရိုက်ကြပုတ်ကြတာ ဝုန်းဒိုင်းကြနေ တာပဲ၊ မိန်းမလုပ်တဲ့သူက အိမ်ကို မီးရှို့မယ် လုပ်နေတာ၊ ဘကြီး





လည်း အိမ်မှာ မရှိဘူး၊ ဘယ်ထွက်သွားလည်း မသိဘူး၊ သော့ခတ် သွားသေးတယ်၊ မမငြိမ်းကလည်း အိပ်နေလိုက်တာ လှုပ်ကို မလှုပ် တော့ဘူး"

"မောင်ရယ် . . . ညတုန်းကလည်း ကောင်းကောင်းမအိပ် ရဘူး၊ ဒီတစ်နေ့လုံးလည်း ပင်ပန်းထားတော့ အိပ်မောကျသွားတာ ပေါ့၊ အဲဒီအိမ်က လင်မယားရန်ဖြစ်တာကလည်း ရိုးနေပြီ။ မီးရှို့ မယ်လို့ ကြိမ်းဝါးတဲ့ အကြိမ်းပေါင်းကလည်း မနည်းတော့ဘူး၊ မယုံ ရင်စောင့်ကြည့်နေ။ မနက်ကျရင် ပြန်တည့်ကြလိမ့်မယ်၊ အဲဒီအခါ သူတို့မဟုတ်သလိုပါပဲ မောင်ရာ၊ ကဲပါ . . . မောင်ပြန်အိပ်တော့"

မောင့်လက်ကို ဆွဲပြီး ဆွဲလှဲလိုက်၏။ သူမနံဘေးနားမှာ မောင် ရောက်လာ၏။

ဒီနေ့တရားရုံးမှာ လက်မှတ်ထိုးပြီးတာဆိုတော့ သူမနှင့် မောင်တို့မှာ မထင်မှတ်ဘဲ အကြင်လင်မယားဘဝကို ရောက်ခဲ့ကြ ရ၏။

"မမငြိမ်း"

"ဘာလဲမောင်"

"ဒီနေ့လက်မှတ်ထိုးဖြစ်ကြပေမယ့် ဒီညဟာ မောင်တို့ အတွက် မင်္ဂလာဦးည မဟုတ်သလို၊ မမငြိမ်းကို အရင်ဦးဆုံးပိုင်ဆိုင် ခွင့်ရတဲ့ ညတဲ့ မဟုတ်ဘူးနော်၊ ပြန်တွေးကြည့်လိုက်ရင် ဟိုနေ့ညတုန်း



www.burmeseclassic.com

www.burmeseclassic.com



က ဖြစ်ပျက်ခဲ့တာတွေကို ပြန်တွေးပြီး မောင်နှမြောနေမိတယ်၊ တကယ်ပြောတာ မမငြိမ်း မောင် အမူးလွန်နေတော့ ဘာတွေဖြစ်လို့ ဖြစ်ခဲ့မှန်းတောင် မသိဘူး၊ အဲဒီလိုညမျိုးဟာ မောင်နဲ့မမငြိမ်းတို့ အတွက် မင်္ဂလာဦးည ဖြစ်သွားခဲ့တာကိုတော့ အရမ်းနှမြောတာပဲ"

ပြောရင်းကပင် မောင်က လှမ်းဖက်လိုက်၏။

မောင့်ပါးအအုပ်မှာပင် သူမရင်တွေခုန်သွားသေး၏။ ကြောက်လန့်တကြားဖြင့် မောင့်ကို တွန်းဖယ်မိလိုက်သည်။

မောင်ပြောတဲ့စကားတွေက အမှားတွေ။ မနေ့ညက မမငြိမ်းတို့ ဘာမှမဖြစ်ခဲ့ကြဘူး . . . ဟု နှုတ်မှ မထွက်ရက်ပြန်။

"ဘာဖြစ်တာလဲ မမငြိမ်း"

"ဆောရီး မောင်၊ မမငြိမ်း နည်းနည်းလန့်သွားလို့"

ဟန်မပျက်ပင် ဖာထေးပြောဆိုလိုက်ရ၏။ လင်ယောကျ်ား ဆိုသော အသိကြောင့်ပင် သူမရင်ဖိုမိတာ အမှန်ပင်။

ကိုယ့်အတတ်နှင့်ကိုယ် အခုမှဒုက္ခတွေ့နေရ၏။

"မောင်"

"ဘာလဲ မမငြိမ်း"

"မမငြိမ်း အနားကို တိုးကပ်ပေး၊ တိုးတိုးလေး ပြောပြမယ်"

မောင်နားကို သူမ နှုတ်ခမ်းနားသို့ တိုးကပ်ပေးလာသည်။





ရင်ခုန်လှိုက်မောစွာဖြင့် မောင့်အား ပြောပြမိသည်။

မောင့်ခံ့မင်သော မင်္ဂလာဦးညသည် မနေ့တုန်းဆီကလည်း လိမ်ညာမှုကြောင့် အရာမမြောက်ခဲ့။ ဒီညမှာလည်း မိန်းကလေးတို့ သဘာဝအရကြောင့်ပင် အထမြောက်မည် မထင်။ တကယ်တော့ ဒီပြဿနာတွေ မဖြစ်မီ တစ်ရက်ကပင် မိန်းကလေးများသဘာဝအရ သိုသိပ်စွာ နေထိုင်ခဲ့ရ၏။

* * *

"ဆောရီးနော် မမငြိမ်း၊ ဒါကြောင့် မနက်က မောင့်အဝတ် အစားတွေကို မမငြိမ်းက အတင်းလဲခိုင်းနေတာကို၊ မောင်က ဆိုးချင်လို့ မဟုတ်ပါဘူး၊ မောင်မူးသွားလို့ ဖြစ်ခဲ့တာနော်"

မောင်ကတော့ တကယ့်ကို ကလေးလေးသဖွယ် ရိုးသားပြနေ၏။

သူမကတော့ မိန်းမရိုင်းကြီး ဖြစ်နေရသည်။ အခြေအနေ တွေအရကြောင့်ပင် မောင့်ဘဝကို တမင် လှည့်ဖျားပြီး အပိုင်သိမ်း ပိုက်ခဲ့သည်ပဲ။

"မောင်မမူးခဲ့ဘူးဆိုရင်လည်း မမငြိမ်းတို့ ဒီလိုအခြေအနေ နဲ့ ရောက်ခဲ့ကြတာ မဟုတ်ဘူး၊ မောင် အမူးလွန်ခဲ့တာကိုပဲ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တင်ရမယ် မောင်"

"ဒါနဲ့ ဒီနေ့ အန်တီချမ်း ဆုံးတာ ခြောက်ရက်ရှိသွားပြီနော်မနက်ဖြန်ဆိုရင် ခုနှစ်ရက်လည်ပြီ"

မေမေ့အကြောင်းကို မောင်ပြောလာမှပင် ရင်ထဲမှာ နာကြည်းစိတ်တို့ ကြီးစိုးလာရပြန်၏။ မောင့်မိဘများကိုတော့ ကောင်းကောင်းကြီး သင်ခန်းစာပေးလို့ရပြီ။ သူမလက်ထဲ မောင်ရှိနေမှတော့ အစီအစဉ်တကျ အကွက်ချပြီး ဒုက္ခပေးလို့ ရနေပြီ။

"ဟုတ်တယ် မောင်၊ ဘကြီးက ပြောတယ်၊ မနက်ဖြန်ကျရင် မေမေ့အတွက် ရည်မှန်းပြီး ဘုန်းကြီးကျောင်းမှာပဲ အလှူလုပ်ပေးမယ် ပြောတယ်၊ အိမ်မှာတော့ လုပ်ဖြစ်မယ် မထင်ဘူး မောင်၊ မောင်နဲ့မမငြိမ်းတို့ရဲ့ အသိအမှတ်ပြုပွဲလေးတစ်ခုကိုတော့ အိမ်မှာပဲ အကျဉ်းချုံးလုပ်ဖို့ ဘကြီး စီစဉ်ထားတယ် ပြောတာပဲ"

မောင့်ထွက်သက်တို့သည် သူမနားသယ်စပ်ဆီမှာ ထိတွေ့နေသည်။ မောင့်ကို သံယောဇဉ်ဖြစ်မိရုံမှလွဲ၍ မချစ်မိအောင်တော့ သူမ ကြိုးစားအားထုတ်ရဦးမည်ပဲ။

* * * * *

၈။

တရားရုံးမှာ လက်မှတ်ထိုးပြီး ငါးရက်မြောက်သော တနင်္ဂနွေနေ့တွင် မင်္ဂလာ အသိအမှတ်ပြုပွဲလေးကို ကျင်းပဖြစ်ခဲ့၏။ မောင်အနေနှင့် ဒုတိယဦးညီညီဖြစ်လာသော်လည်း သူမအနေနှင့်ကတော့ ဒုတိယချမ်းမြငြိမ်းနေရာကို မဆက်ဆံခဲ့ပေ။

ဘကြီးကတော့ သူမနံဘေးမှာ မောင်ရှိနေပြီဆိုသော အသိဖြင့် စိတ်ချလက်ချဖြစ်ပြီး ရိပ်သာဝင်ဖို့ စကားပြောလာသည်။

ဒုတိယဦးညီညီမြတ်အဖြစ် မောင့်ကို တင်စားပြီး သူမအနားမှာ သေတပန်သက်တဆုံး ရှိနေလိမ့်မည် . . . ဟု ဘကြီးက



www.burmeseclassic.com

www.burmeseclassic.com



တထစ်ချ ယုံကြည်ထားဟန်တူသည်။

ညနေသည်တွေ ရှင်းသွားပြီး ပစ္စည်းတွေသိမ်းဆည်းသည်အထိ ဝါဝါနှင့်သက်သက်တို့ အိမ်မှာနေပေးကြ၏။

သူမတို့ချည်းပဲ ရှိကြသောအခါ အလုပ်အကိုင်ကိစ္စများကို သတ်သတ်တို့ ပြောလာသည်။

"မမငြိမ်းက ဘာမှလုပ်ဖို့ စိတ်ကူးမရှိတော့ဘူးလား"

သူဌေးသားတစ်ယောက်ကို ရလိုက်သဖြင့် တစ်ဘဝစာခိုင်သွားပြီဆိုသော သဘောမျိုးဖြင့် မေးမြန်းခြင်းလား။ ဒါမှမဟုတ် အလုပ်လက်မဲ့ဖြစ်နေကြသော သက်သက်တို့က အားကိုတကြီးဖြင့် အကြံဉာဏ်တောင်းခြင်းလားတော့ မဝေခွဲနိုင်။

"ဝါဝါပြောတာ ဟုတ်တယ် မမငြိမ်း၊ သက်သက်တို့ဆိုတာ မမငြိမ်း သိတဲ့အတိုင်းပဲ၊ အသုံးဖြုန်းကြီးတော့ အလုပ်မရှိတဲ့ရက်များလာတာနဲ့ လက်ထဲမှာ ပြတ်လတ်နေကြပြီ"

"ဘာလဲ ငါ့အနားမှာ မောင်ရှိနေပြီ ဆိုပြီး ညည်းတို့က ငါ့ကို အထင်ကြီးနေကြတာလား၊ စုထားဆောင်းထားတဲ့ အရေပေါ် ပစ္စည်းတွေ ကုန်လုနီးပါး ဖြစ်နေပြီ"

သူမပြောလိုက်သောစကားကြောင့်ပင် မောင့်မျက်နှာလေး ငယ်သွားရှာသည်။

မောင့်ဘဝလေးကို ဓားစာခံလုပ်ထားသော သူမအဖို့ အိမ်





ထောင်ဦးစီးဟူသော တာဝန်ကို မောင့်အား ထပ်မပေးချင်ပေ။

"ဒါဆိုရင် သက်သက်တို့ အလုပ်တစ်ခုခုလုပ်ကြရအောင်"

"ငါ စဉ်းစားထားပြီးပါပြီ၊ အသင့်လည်း ဖြစ်နေပါပြီ"

သူမ စကားကို မောင်ရော သက်သက်တို့ပါ စိတ်ဝင်စားကြ၏။ မောင်တစ်ယောက်ကတော့ သူမဘာတွေလုပ်မလဲဆိုတာကို သိချင်ရှာပေလိမ့်မည်။ ဘာအလုပ်ဆိုတာကို မပြောပြခင်မှာပင် ဝါဝါက မေးခွန်းထုတ်၏။

"ကာရာအိုကေဆိုင်မှာပဲလား မမငြိမ်း"

"ဗီးနပ် (စ်) လို ဆိုင်မျိုးတွေ၊ အဲဒီဆိုင်ထက် သာတဲ့ဆိုင်မျိုး ရန်ကုန်မြို့မှာ အများကြီး ရှိနေတာပဲ၊ ဒီနေ့အလုပ်စဆင်းရင် ဆင်းလို့ရတယ်၊ ငါက လူလွတ်မဟုတ်တော့ ဒီအလုပ်ကို လုပ်လို့မဖြစ်ဘူး၊ ဗျူတီပါလာတစ်ခုမှာ ဝင်လုပ်ဖို့ စီစဉ်ထားတယ်၊ ငါတို့ရဲ့ အရင်အလုပ်လောက်တော့ ချက်ချင်းကြီး ဝင်ငွေကောင်းမှာ မဟုတ်ဘူး၊ တကယ်လို့ ငါနဲ့အတူတူ မလုပ်ချင်ဘူးဆိုရင် သည်းတို့ကို တခြားမှာ ဆက်သွယ်ပေးမယ်"

"မမငြိမ်းနဲ့ပဲ အတူတူ လုပ်မှာပေါ့၊ မဟုတ်ဘူးလား ဝါဝါရာ"

"တကယ်လို့များ ကာရာအိုကေမှာ ပြန်လုပ်မယ်ဆိုရင် မောင် ကန့်ကွက်ဦးမလို့ဘဲ၊ မမငြိမ်း စဉ်းစားတဲ့အလုပ်ဆို မောင်



www.burmeseclassic.com

www.burmeseclassic.com



မကန့်ကွက်ပါဘူး"

မောင်တစ်ယောက်က ရိုးသားစွာဖြင့် ဝင်ရောက်ပြောဆိုလိုက်သော်လည်း အပေါင်းအသင်းတွေရှေ့မှာမို့ တစ်မျိုး ဖြစ်သွားမိသည်။ ငါက အရင်လို မဟုတ်တော့ဘူးဆိုသော အသိဝင်လာသဖြင့် ချက်ချင်း စိတ်လျှော့လိုက်ရ၏။

"ဗျူတီပါလာဆိုတော့ ကောင်းပါတယ်၊ ပတ်ဝန်းကျင်အသစ် အတွေ့အကြုံအသစ် ရတာပေါ့၊ အမျိုးသမီး သီးသန့်ပဲလား မမငြိမ်း"

"အမျိုးသားရော အမျိုးသမီးအတွက်ရော စီစဉ်ထားတယ် ပြောတာပဲ၊ သဘက်ခါလောက် စဆင်းမလားလို့"

သက်သက်နှင့်ဝါဝါတို့ကတော့ သူမ ဦးဆောင်ရာနောက်သို့ အတွဲမပျက်ဘဲ လိုက်ပါခဲ့သည်။

သက်သက်တို့နှင့် ပြောစရာစကားများ ကျန်နေသေးသည့်အတွက် မောင့်ကို အိမ်မှာထားခဲ့ပြီး သက်သက်တို့ကို သူမ လိုက်ပို့ပေးဖြစ်သည်။

* * *

"မမငြိမ်းက စကားပြောချင်သေးလို့ တမင်လိုက်လာတာ





မဟုတ်လား၊ သက်သက်တို့ကလည်း မမငြိမ်းရဲ့ ကိုယ်ရေးကိုယ်တာတွေကို လွတ်လွတ်လပ်လပ် မေးချင်နေတာနဲ့ အတော်ပဲ"

အကင်းပါးသော ဝါဝါက စကားတော့က်လိုက်သည်။

"ငါလည်း ပြောစရာရှိတာ ပြောလို့ရအောင် ညည်းတို့လည်း မေးလို့ကောင်းအောင်၊ ဆိုင်တစ်ဆိုင်ဆိုင် ထိုင်ရအောင်ဟာ"

လူရှင်းသော အအေးဆိုင်တစ်ဆိုင်ကို ရွေးချယ်ပြီး ထိုင်ဖြစ်ကြ၏။

"မမငြိမ်း ပြောမယ့်စကားက အလုပ်ကိစ္စနဲ့ ပတ်သက်လား"

"ဟုတ်တယ် ဝါဝါ၊ မောင့်ရှေ့မှာမို့ မပြောတာ၊ အခုဆိုင်က ညည်းတို့နှစ်ယောက်အတွက်တော့ ဝင်ငွေကောင်းမှာပါ၊ ငါ့အတွက်ကတော့ အဲဒီအလုပ်အပြင် ဒီပြင်အလုပ်တစ်ခုပါ တွဲလုပ်မှ အဆင်ပြေမှာ"

"ဘာဖြစ်လို့လဲ မမငြိမ်း"

"ဒီလိုလေ၊ ညည်းတို့နှစ်ယောက်က အမျိုးသားတွေနဲ့ ဆက်ဆံရမှာ၊ ယောကျ်ားဆိုတာက ပိုက်ဆံလက်ထဲမှာ ရှိလာရင် ကြဲဖန်ပြီး စည်းစိမ်ခံချင်တာ မဟုတ်လား၊ ဆံပင်ညှပ်တာတို့ ခေါင်းလျှော်တာတို့ မျက်နှာသစ်တာတို့ကို အချိန်ပေးချင်ကြတယ်၊ မိန်းကလေး ငယ်ငယ်လေးတွေရဲ့ အတွေ့အထိ၊ အချွဲအပြစ်လေးတွေကို ခံချင်ကြတာလေ၊ ဒီတော့ ညည်းတို့က အပိုပိုက်ဆံရနိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ငါကတော့ မိန်းမတွေနဲ့ ထိတွေ့ဆက်ဆံရမှာ၊ မောင်နဲ့ အိမ်ထောင်ကျပြီဆိုတော့ ဒီအလုပ်တွေကို ငါကင်းချင်တယ်၊ မောင့်ကွယ်ရာမှာ ဆိုပေမယ့် ငါ လိပ်ပြာသန့်ချင်တယ်၊ ဒီတော့ အဲဒီအလုပ်အပြင် စားသောက်ဆိုင်မှာ ငါသီချင်းဝင်ဆိုမယ်၊ မောင့်ကိုတော့ ချက်ချင်းကြီး အသိမပေးချင်ဘူး၊ စင်မြင့်ပေါ်မှာ သီချင်းဆိုလို့ ရလာမယ့် အပိုပိုက်ဆံကို ငါ စိတ်ကူးကြည့်တာပါ"

စကားရှည်ကြီးကို မရည်ရွယ်ဘဲ ပြောဖြစ်လိုက်သည်။ ဒီလောက်ရှည်ရှည်ဝေးဝေးဖွဲ့နွဲ့ပြောဆိုမိခြင်းအတွက် သူမကိုယ်သူမ အံ့သြမိ၏။

"စိတ်မရှိနဲ့နော် မမငြိမ်း၊ ဝါဝါတို့ မေးချင်လို့"

"မေးပါ"

"ကိုမြတ်မိုးနဲ့တွေ့တာက ခဏလေး၊ အဲဒီအရင်က မမငြိမ်းကိုကပ်တဲ့လူတွေက အများကြီးပဲ၊ မမငြိမ်းက ယောကျာ်းတွေကို အထင်မကြီးခဲ့ပါဘူး၊ ယောကျာ်းတစ်ယောက်ရဲ့ လက်ထဲမှာ ယုံကြည်မှုအပြည့်နဲ့ ကိုယ့်ဘဝကို ဘယ်တော့မှ စတေးမခံဘူးလို့ မမငြိမ်းကြွေးကြော်ခဲ့တာ မဟုတ်လား၊ ယောကျာ်းတစ်ယောက်ရဲ့ အချစ်ကိုလည်း ဘယ်တော့မှ မယုံကြည်ဘူးလို့ မမငြိမ်းပဲ ပြောခဲ့တာနော်"

သူမကို အားကျပြီး သူမ သီအိုရီများကို တလေးတစားရှိကြသူများက အင်တာဗျူးလုပ်နေကြပြီ။ ဝါဝါတို့ နားလည်နိုင်မလား





တော့မသိ။ မောင်နှင့်ပတ်သက်ခဲ့သည်ကို ရိုးရိုးလေးပင် ပြန်ပြောဖြစ်သည်။

"ငါ ပြောခဲ့ဖူးတဲ့ စကားတွေ အားလုံးနဲ့ လဲလှယ်လိုက်ရတဲ့ကိစ္စဟာ အရင်းကြီးသလို အမြတ်လည်း ကြီးတယ်၊ ချစ်ခြင်းမေတ္တာတွေ အိမ်ထောင်သည်ဘဝတွေဆိုတဲ့ အဘိဓမ္မာတွေကို ငါ မရှင်းလင်းချင်ဘူး၊ ငါလုပ်ချင်တဲ့ကိစ္စတစ်ခုကို လုပ်ပြလိုက်တာပဲ၊ ခဏလေးဟာ နင်တို့နဲ့ စကားပြောရင်းကနေ ငါလုပ်သင့်တဲ့ကိစ္စတစ်ခုကို သွားသတိရပြန်ပြီ"

သက်သက်တို့နှစ်ယောက်ကို တွေးတောစရာများဖြင့် ချန်ထားခဲ့ပြီး တယ်လီဖုန်းရှိရာသို့ ထထွက်ခဲ့သည်။ သူမ ဘာလုပ်ရမည်ကို သက်သက်တို့ သိချင်နေကြမည်။ ဒီကိစ္စကိုတော့ သက်သက်တို့ သိလို့ မဖြစ်သေးပေ။

အလွတ်ရနေသော မောင့်အိမ်ဖုန်းနံပါတ်ကို ကောက်နှိပ်လိုက်သည်။ ဖုန်းလာကိုင်သောသူမှာ ပွင့်ဦးခင်ဆိုသော မိန်းကလေးဖြစ်နေ၏။ အပေါ်စီးဆန်သောလေသံဖြင့် သူမ ပြောလိုက်၏။

"ကျွန်မ ငြိမ်းအေးမေပါ၊ မောင့်မိဘတစ်ယောက်ယောက်နဲ့



www.burmeseclassic.com

အရေးတကြီး စကားပြောချင်ပါတယ်"

"ကိုကို ဘာများဖြစ်လို့လဲ မမငြိမ်း"

"မလိုအပ်တာတွေ မမေးပါနဲ့ ပွင့်ဦးခင်၊ လူကြီးတစ် ယောက်ယောက်ကိုသာ ခေါ်ပေးပါ"

"ဒါဆို . . . ခဏကိုင်ထားနော်"

စကားပြောခွက်ကို လက်နှင့်အုပ်ထားတာ သိသာလှ နားထဲမှာ ဘာသံမျှ မကြားရပေ။

ဒါဆိုရင်တော့ အနီးအနားမှာ မောင့်မိဘတစ်ယောက် ရှိ နေမှာ သေချာ၏။ မောင်နှင့်ပတ်သက်သော ခံစစ်ကြောင်းတစ်ခု တော့ သူမ၏စကားလုံးများအောက်မှာ ပြားပြားဝပ်သွားခဲ့ပြီ။ သူ ဆက်လက်ရင်ဆိုင်ရမည်က ဘုရင်မ သို့မဟုတ် ဘုရင်ပဲ ဖြစ်သည် သူတို့ကတော့ အလွယ်တကူ ပြားပြားဝပ်သွားမှာ မဟုတ်ပေ။

"ဘာကိစ္စရှိလို့ ငါတို့နဲ့ စကားပြောချင်ရတာလဲ"

ရှတ်တရက်ကြီး အဝင်ဆိုးစွာ ကြားလိုက်ရသော အသံ ကြောင့်ပင် ပြုံးလိုက်မိသေး၏။ အပျော့ပျောင်းဆုံးလေသံဖြင့် သူမ ပြောလိုက်၏။

"ဒီလိုပါ မေမေ၊ သမီးတို့ ဒီနေ့ပဲ အိမ်မှာ မင်္ဂလာဆွမ်းကျွေး ဖြစ်ပါတယ်၊ သမီးတို့နှစ်ယောက်တွဲပြီး မေမေတို့ကို လာကန်တော့ ချင်ပါသေးတယ်"





"ညည်းတို့ဘာသာ ဘာပွဲလုပ်လုပ် ငါတို့ကတော့ အသိ အမှတ်မပြုဘူး၊ ညည်းလည်း အရှက်မရှိဘဲ ငါ့အိမ်ပေါ်တက်လာ စရာအကြောင်း မရှိဘူး"

"မဟုတ်သေးပါဘူး မေမေ"

"ငါ့ကို ဒီလိုမျိုး မခေါ်နဲ့၊ ညည်းမာယာနဲ့ ငါ့သားကိုပဲ ညည်းရှုံ့သိမ်းသွင်းလို့ရမယ်၊ ရှတ်တရက်ကြီး အလဲထိုးခံလိုက်ရလို့ သာ ငါ့သားလေး ညည်းနောက်ပါသွားတာ၊ အခွင့်သာတာနဲ့ ငါ့သား ကို ပြန်ဆွဲထုတ်မယ်ဆိုတာကို ညည်းသိထားစမ်းပါ"

"ရပါတယ် မေမေ၊ မေမေတို့ ကြိုးစားကြည့်ပါဦး၊ သမီး ပါဘဲ မောင်တစ်ယောက်တည်း မေမေတို့ဆီ ပြန်လာမှာ မဟုတ် ဘူး ပြီးတော့ ကျွန်မက ဒေါ်ချမ်းမြငြိမ်းရဲ့သွေး ဆိုပေမယ့် ဒေါ်ချမ်းမြငြိမ်းဘဝမျိုး ရောက်လာမယ့် မိန်းမတော့ မဟုတ်ဘူး၊ ဒေါ်ချမ်းမြငြိမ်းကို ဦးညီညီမြတ်က အမိအရ ယူခဲ့တာ၊ ကျွန်မက တော့ အခြေအနေအရ မောင့်ကို ရအောင်ယူခဲ့တာ၊ ဒါပါပဲ"

စကားအနိုင်ပိုင်ပြီး ဦးငင်အောင် ဖုန်းချလိုက်၏။ စကား ပြောခွက်ကို ကိုင်ပြီး ဆွေ့ဆွေ့ခုန်နေမှာကို မြင်ယောင်ရင်းက ပြုံးမိ လိုက်သေးသည်။

စားပွဲသို့ ပြန်ရောက်သည်နှင့် ဝါဝါက သတင်းစာထိုးပြရင်း ပြောလိုက်၏။

www.burmeseclassic.com



"ဒီမှာ မမငြိမ်း၊ ကိုမြတ်မိုးရဲ့ ဦးလေး ဆုံးသွားတဲ့နာရေး ကြော်ငြာ၊ ကိုမြတ်မိုး နာမည်တော့ လုံးဝပါမလာဘူး"

ဦးညီညီမြတ် ဆုံးသွားပြီတဲ့လား။ သူမ မိခင် ဆုံးသွားတုန်းကတော့ ဒီလိုကြော်ငြာတွေ ဘာတွေပါဖို့ ဝေးစွ။ အသုဘ အခမ်းအနားသည် လူဆယ်ယောက်ပြည့်လိမ့်မည် မထင်ပေ။

မေမေ့နောက်ကို လိုက်သွားပေဦးတော့ ဦးညီညီမြတ်ရေ

၁၃

ဖြ။

မောင် အိမ်ရောက်လာပြီး သိပ်မကြာခင်မှာပင် ဘကြီးကြည်စိုး တစ်ယောက်လည်း ခရီးထွက်သွား၏။ မောင်ကတော့ အိမ်မှာပင် တစ်ယောက်တည်း အနေများ၏။ မိုးကျရွှေကိုယ် ဖြစ်ခဲ့သော မောင်တစ်ယောက်ကတော့ သူမ၏ဒဏ်ကို ကောင်းကောင်းကြီးခံရ၏။ သိပ်မကြာခင်မှာပင် သူမအလုပ်နှင့်ပတ်သက်ပြီး မောင်နှင့် စကားပြောဖြစ်၏။

"မမငြိမ်း အလုပ်မလုပ်ပါနဲ့တော့လား"

"ဘာဖြစ်လို့လဲ မောင်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်က မငြိမ်းရဲ့ယောက်ျားဆိုတော့ အခုလို မငြိမ်း လှုပ်ရှားနေတာ မောင့်မှာ တာဝန်မကင်းသလို ခံစားရတယ်"

"ဒါများ မောင်ရယ် . . . မောင်က ကလေးပဲ ရှိသေးတာပဲ၊ မောင့်မိဘတွေလောက် တင့်တောင့်တင့်တယ် မထားနိုင်တာကလွဲလို့ မောင် မငတ်အောင်တော့ မငြိမ်း ရှာကျွေးနိုင်ပါတယ်"

"မောင် အလုပ်တစ်ခု လုပ်မလားလို့ စဉ်းစားထားတယ် မငြိမ်း၊ ပြီးတော့ မောင်လုပ်ချင်တာလေးတွေနဲ့ ပတ်သက်ပြီးတော့ လည်း မငြိမ်းနဲ့ တိုင်ပင်ချင်တယ်"

"မောင်က ဘာအလုပ်များ လုပ်ချင်လို့လဲ၊ ပြီးတော့ ဘာတွေ တိုင်ပင်ချင်တာလဲ မောင်"

"မောင်က ကားမောင်းတတ်တယ်လေ၊ ဒီတော့ အငှားကား မောင်းမလားလို့ မငြိမ်း၊ မငြိမ်း စိတ်မဆိုးဘူးဆိုရင် မောင် တစ်ခု ပြောမယ်"

"ပြောလေမောင်"

"အငှားကားမောင်းဖို့က စပေါ်တင်ရမှာ၊ အဲဒီစပေါ် အတွက် မေမေ့ဆီကနေရဖို့ ပွင့်ဦးခင်ကို အကူအညီတောင်းလိုက်မိ တယ်၊ ပြီးတော့ ကျောင်းတွေပြန်ဖွင့်ရင် မောင်တက္ကသိုလ် တက်ထား ချင်တယ်၊ မောင် အင်္ဂလိပ်စာမေဂျာပဲ ယူမှာပါ၊ မေမေတို့နဲ့ စေ့စပ်မှု ယူပြီး စက်ဘုသွားဖို့ မောင်ကြိုးစားကြည့်ချင်တယ်၊ မောင့်စိတ်ကူး





ာအားလုံး အကောင်အထည်ပေါ်ခဲ့ရင် မငြိမ်း ပင်ပန်းစရာ မလို ာ့ဘူးလေ"

သူမနှင့် မောင်တို့ လင်မယားဖြစ်တာ မှတ်မှတ်ရရ တစ်လ ာက်ပဲ ရှိဦးမည်။ သူမ မရှိသောရက်များမှာ မောင်တစ်ယောက် ာ့အသိုင်းအဝိုင်းနှင့် ဆက်သွယ်ထားပုံရသည်။

"ဘာလဲမောင်၊ မငြိမ်းနဲ့နေရတာ အနေဆင်းရဲလို့ မောင့် ိမ်ပေါ် ပြန်တက်ချင်တဲ့သဘောလား၊ မငြိမ်းကို မေမေ့ဘဝမျိုး ာက်အောင်တော့ မောင် မလုပ်ချင်နဲ့ကွယ်"

မောင့်ကို စကားအကောင်း ပြောနေရင်းကပင် ရင်ထဲမှာ ာ်သွားမိသည်။ မောင်ကလွဲလို့ မောင့်အသိုင်းအဝိုင်းအားလုံးကို ူမ နာကြည်းမိသည်။

"မေမေတို့ စိတ်ပြေအောင်တော့ သားသမီးတစ်ယောက် ာနေနဲ့ မောင်ကြိုးစားကြည့်ချင်တယ်၊ မငြိမ်းနဲ့မေမေတို့ကို ပြေလည်စေချင်တယ်၊ ဒါ မောင့်ဆန္ဒပါ မငြိမ်း"

"ဒီဘဝမှာ မောင့်မိဘတွေနဲ့ ပြေလည်ဖို့ဆိုတာက လုံးဝ ဖြစ်နိုင်တဲ့ကိစ္စ၊ ဒါကိုတော့ မောင် သေတဲ့အထိ မှတ်ထားပါ"

"ကဲပါ မငြိမ်းရယ်၊ မောင် အငှားကား မောင်းမယ်၊ ာခင်းပိုင်း ဖြူတီပါလာကို မငြိမ်း မဆင်းနဲ့တော့၊ မငြိမ်းဘက်က ာနေမှန်တယ် ဆိုပေမယ့် အဲဒီဆိုင်က နာမည်သိပ်ကြီးနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ညပိုင်းစားသောက်ဆိုင်စင်မြင့်မှာ သီချင်းဆိုတာက တော်သေးတယ် မမငြိမ်းအပြန်ကို မောင်လာကြိုလို့ရတယ်၊ မောင်လည်း ညနေဘက်ပဲ မောင်းမှာ၊ မောင်နဲ့မမငြိမ်းတို့ အိမ်မှာ အတူနေရတဲ့အချိန် ပိုများသွားတာပေါ့ မဟုတ်လား"

"ဒါနဲ့ မမငြိမ်း လုပ်နေကိုင်နေတာကို မင်းမသိဘူးလို့ ထင်ထားတာ။ မင်းက အကုန်သိနေပါလား"

"မမငြိမ်း ဘာတွေလုပ်နေတယ်ဆိုတာကို ပြောပြမယ့်သူတွေ ရှိနေတယ်လေ၊ မောင့်အသိုင်းအဝိုင်းအားလုံးက မမငြိမ်းကို စောင့်ကြည့်နေကြတာ"

မောင့်စကားတွေက သူမ့အမျက်ကို ဆွဆွပေးသလို ဖြစ်နေ၏။ သူမအနေဖြင့် ဘီလူးဆိုင်းတီးထွက်မှ ဖြစ်တော့မည်။ မောင့်ကိုတော့ အားနာမိသည်။

"မောင့်ကို မောင့်မိဘတွေက မပြတ်နိုင်ဘူး မဟုတ်လား ဒါပဲနော် မောင်၊ မမငြိမ်း မသိဘဲနဲ့တော့ မောင် ဘာမှမလုပ်ရဘူးနော်"

"စိတ်ချပါ မမငြိမ်း၊ မောင်ဟာ မောင့်မမငြိမ်းရဲ့မောင်ပါ

မောင့်မေမေ ဒေါ်မိုးမိုးကိုတော့ စိတ်အမျိုးမျိုး ဆင်းရဲအောင် ပြုရပေဦးမည်။

မောင်တစ်ယောက်ကတော့ သူမ၏လက်စားချေမှုတွင်





အဖြစ်မဲ့သော သားကောင်းဖြစ်မှာ သေချာနေ၏။

မောင်က အငှားကား မောင်း၊ သူမက သီချင်းဆို၊ ညဖက်ကျတော့ အတူတူပြန်ဖြစ်ကြသည်။ သူမတို့နှစ်ယောက်ဘဝလေးသည် ပျော်စရာတော့ ကောင်းနေသေး၏။

သူမတို့နှစ်ယောက်ဘဝလေးကို ဖျက်ဆီးဖို့ လေနီကြမ်းက ရက်မကြာခင်မှာပင် အစပျိုးလာခဲ့ပြန်သည်။

ညက အိပ်ရေးပျက်သည်မို့ အိပ်ရာထ နောက်ကျသွားသည်။ သူမ အိပ်ရာမှနိုးတော့ အိမ်မှာ မောင်မရှိတော့ပေ။ ကိစ္စရှိလို့ အပြင်ခဏသွားကြောင်း မောင် စာရေးထားခဲ့သည်။

ထမင်းစားချိန်လောက်ကျတော့ အရင် မောင်စီးနေကျ Mark II ကားဖြူလေးဖြင့် မောင် ပြန်ရောက်လာ၏။ ဒီကားနှင့်တွဲပြီး မောင့်ကိုမြင်လိုက်ရတော့ သူမစိတ်တို့ ဘယ်လိုဖြစ်သွားသည် မပြောတတ်ပေ။

"ဒါက ဘာသဘောလဲ၊ ဒီပစ္စည်းတွေရော ဘာလုပ်ဖို့လဲ မောင်"

မောင်ကတော့ တီဗွီကြီးကို မနိုင်မနင်းသယ်ပြီး သူမ အမေး



www.burmeseclassic.com

www.burmeseclassic.com



ကို မဖြေအားသေးပေ။ အိပ်ပေါ်သို့ ပစ္စည်းတွေ မ,ရွှေ့ပြီးမှ မောင် ပြောသည်။

"မောင်တို့မှာ တီဗွီ မရှိဘူးလေ၊ ဒီပစ္စည်းတွေကလည်း မောင့်အခန်းထဲမှာ မောင်တစ်ယောက်တည်းကြည့်ဖို့ ထားတာ၊ အဝို ဖြစ်နေတာနဲ့ မေမေ့ဆီက မောင်တောင်းလာခဲ့တာ"

ကြည့်စမ်းပါဦး မောင်ကတော့ သူမ မသိဘဲ ဒေါ်မိုးမိုးနှင့် ငြိမ်းချမ်းရေး ရယူပြီးဖြစ်နေသည်ပေါ့။

"ဒီပစ္စည်းတွေက မောင်နဲ့မငြိမ်းတို့ ပိုင်တာမှ မဟုတ်ဘဲ၊ မောင့်မေမေက မောင့်ကို ပြန်ခေါ် ထုတ်သွားဖို့ ဖြားယောင်းစည်းရုံး နေတာ၊ မငြိမ်းတော့ သဘောမကျတာ အမှန်ပဲ မောင်"

"မငြိမ်းရယ် . . မိဘဆိုတာ သားသမီးကို ပစ်ထားနိုင်တုံးစံ မရှိပါဘူး၊ စိတ်ဆိုးတုန်း ခဏပါပဲ၊ အခုလည်း မောင် ကျောင်းပြန် တက်မယ်၊ စက်ဘုပ္ပသွားမယ်လို့ ပြောလိုက်တာနဲ့ မေမေ တစ်ခါတည်း ပျော့သွားတာ၊ ဒါတွေကို နှစ်ခါတောင် မတောင်းလိုက်ရဘူး"

"ဘာလဲ မောင် . . . မောင်တောင်းလာတဲ့အထဲမှာ အိမ် ရှေ့မှာ ရပ်ထားတဲ့ ကားရောပါလား"

တမင်ရွဲ့ပြီး မေးသည်ကို မောင်က အရိပ်အကဲ မဖမ်း တတ်။

ရိုးရိုးလေးပင် မောင်ပြန်ပြော၏။





"ဒီကားကိုတော့ ပေးလိုက်တာ မဟုတ်ဘူး မငြိမ်း၊ မောင် ခဏသုံးဖို့ ယူလာတာ၊ မငြိမ်းနဲ့ လျှောက်လည်လို့ရအောင် မောင် ယူလာခဲ့တာ၊ မငြိမ်း ဘယ်နေရာ သွားချင်လဲ၊ ဘာတွေ ဝယ်ချင်လဲ၊ ဒီနေ့ မောင်တို့ အပြင်မှာပဲ တစ်ခုခု စားလိုက်ရအောင် မငြိမ်း၊ မငြိမ်း အဝတ်အစား လဲလိုက်တော့လေ"

မောင်ယူလာခဲ့သော ပိုက်ဆံအုပ်ကို သူမ မြင်သာအောင် ပြလိုက်သေး၏။ မောင့်ကို ပြတ်ပြတ်သားသား ပြောမှ ဖြစ်ပေတော့ မည်။

"ဒီမှာ မောင်၊ မငြိမ်းမျက်နှာကို သေသေချာချာကြည့်စမ်း"

သူမ ဒေါသဖြစ်နေသည်ကို မောင် မရိပ်စားမိ။ သူမစကား အတိုင်းပင် သူမမျက်နှာကို မောင် စေ့စေ့ကြည့်သည်။

"မောင်မှတ်ထား၊ မောင်ခေါ်တဲ့နောက်ကို မငြိမ်း မလိုက် ဘူး၊ ဒီကားကိုလည်း ဒီတစ်သက် မစီးဘူး၊ ဒီပစ္စည်းတွေ ဒီပိုက်ဆံ တွေကိုလည်း မငြိမ်း မထိဘူး၊ ဒါတွေဟာ မောင့်ကို သဒ္ဓါလို့ ပေး လိုက်တာ၊ မငြိမ်းနဲ့ ပတ်သက်ရင်တော့ သံပုသံခဲတွေကို ကိုင်ရမှိုရ ကြည့်ရသလိုပဲ ပူလောင်မှာမောင်"

မောင့်ကို ဆက်မပြောချင်တော့ပေ။ အလိုက်မသိတတ် သော မောင်ကတော့ သူမကို ချော့ဖို့ ကြိုးစားသေး၏။ မောင့်ကို ထားခဲ့ပြီး အိပ်ခန်းထဲ ဝင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါသစိတ်ကြောင့်ပင် အိပ်ရာထက်မှာ လှဲနေလိုက်ရသည်။

အလိုက်မသိတတ်သော မောင်ကတော့ သူမကို စည်းရုံးနေပြန်၏။

"သူများတွေက အကြံပေးကြတယ် မမငြိမ်း၊ မောင်ကလေးလိုချင်တယ်ကွယ်၊ မြေးဦးလေးဆိုတော့ မေမေတို့က အားလုံးကို ခွင့်လွှတ်ကြမှာ၊ မမငြိမ်းကိုလည်း ကြည်ဖြူကြမှာပဲ၊ မောင်ပြောတာကို ကြားတယ်နော်၊ မောင့်တို့အတွက် သားသားပဲဖြစ်ဖြစ် မီးမီးပဲဖြစ်ဖြစ် ယူလိုက်ကြရအောင်"

မောင်တစ်ယောက်တည်းကိုတောင်မှ သံယောဇဉ်ဖြစ်မှာစိုးလို့ သူမ ကြိုးစားနေထိုင်နေရ၏။ မောင့်ထက်ပိုသော သံယောဇဉ်ကြီးများကိုတော့ စိတ်ကူးမယဉ်နိုင်။ ဒီသံယောဇဉ်တွေကြောင့်တော့ မည်သူကိုမျှ လက်မြှောက်အရှုံးမပေးနိုင်ပေ။

ဆိတ်ဆိတ်နေခြင်းနှင့်ပင် ရင်ထဲမှာ ပဲ့တင်ထပ်မျှ ပြောပြဖြစ်ပြန်၏။

"မောင်မှတ်ထား၊ မောင့်အပေါ်မှာရော၊ မောင်နဲ့ပတ်သက်ပြီးတော့ရော၊ ဒီတစ်သက် ဘာသံယောဇဉ်မှ ထပ်အတိုးမခံနိုင်ဘူး"

သူမနှင့်မောင်တို့ကြားမှာတော့ တံတိုင်းတစ်ခု ဖြစ်ပေါ်ဖို့ အရိပ်အယောင်တွေ ပြလာခဲ့ပြီ။





သည်တံတိုင်းကို ဖြစ်စေဖို့ မောင် စတင် ကြိုးစားခဲ့သည်။ သူမ ကတော့ ပိုမိုခိုင်ခံ့အောင် ပြုလုပ်ခဲ့ရသည်ပဲလေ . . .။

www.burmeseclassic.com

www.burmeseclassic.com

မောင်နှင့်သူမတို့၏ ဆုံဆည်းမှုကာလလေးသည် တစ်နေ့
က်တစ်နေ့ စိတ်ထိခိုက်ဖွယ်ရာများနှင့်သာ ဆက်တိုက်ကြုံတွေ့လာ
ည်။ အတိတ်ဘဝများ၏ ဆုတောင်းသည် မပြည့်စုံခဲ့လို့ထင်၏။
သီချင်းဆိုရင်းကပင် မိုးကုတ်ဘက်မှ ကိုဖေသစ်ဆိုသော
နှင့် ရင်းနှီးဖြစ်ကြသည်။ ကိုဖေသစ်ကတော့ သူမ၏ဆိုဟန်တွေကို
ဘောကျပြီး ရက်မကြာမီမှာပင် သူမ ပရိသတ် ဖြစ်လာခဲ့သည်။
မောင်နှင့်သူမတို့ လမ်းခွဲစရာ ဖြစ်လာသည့်အကြောင်းထဲ
င် ကိုဖေသစ်က အဓိကကျကျ ပတ်သက်လာခဲ့၏။

အင်ပါယာဆမေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ငြိမ်းအေးမေရဲ့ကောင်လေးက လာကြိုတာ နောက်ကျတယ်နော်"

ဆိုင်မှကောင်မလေးတွေကတော့ ဖယ်ရီကားဖြင့် ပြန်သွားနှင့်ကြပြီ။

"ဟုတ်တယ် ကိုဖေသစ်၊ မောင်တစ်ယောက် ခရီးသည်တွေ လိုက်ပို့ရင်းနဲ့ နောက်ကျတာ ဖြစ်ရမယ်"

"ကောင်လေးက တော်တော်ငယ်တယ်နော်၊ သူ့မိဘတွေ ကလည်း ပိုက်ဆံအရမ်းရှိကြတယ်နော်၊ မိဘတွေက ဒီအတိုင်းပဲ ထားကြတာပဲလား"

"သူတို့သားကိုတော့ ကြည့်ပါတယ်၊ ကျွန်မကိုသာ လစ်လျူရှုထားကြတာ၊ ဖြစ်နိုင်မယ်ဆိုရင် သူတို့သားကို ပြန်ခေါ်ထုတ်သွားချင်ကြတာလေ"

ကိုဖေသစ်က မူးရီနေပေမယ့် စကားကောင်းတွေ ပြောနိုင်သေး၏။ ကိုဖေသစ်၏ အပေါင်းအသင်းများကတော့ ကားပေါ်မှာ ထိုင်စောင့်နေကြသည်။

မောင်တစ်ယောက်တည်း ဘာလို့များ ဒီလောက်တောင် ခရီးလွန်နေရသည် မသိပေ။

"ဒါနဲ့စကားမစပ် ငြိမ်းအေးမေကို ပြောစရာတစ်ခုရှိတယ်"

"ဘာများလဲ ကိုဖေသစ်"





"ငြိမ်းအေးမေကို ကူညီချင်လို့၊ ဒီစင်မြင့်မှာ သီချင်းဆိုနေရတာထက် ငြိမ်းအေးမေရဲ့ အနုပညာကို တန်ဖိုးရှိရှိ အသုံးချခွင့်ရအောင်လို့ပါ၊ ငြိမ်းအေးမေရဲ့ အနုပညာကို ချီးမြှောက်တဲ့အနေနဲ့ ကူညီချင်တာပါ"

"ရှင်းအောင်ပြောပါ ကိုဖေသစ်"

"ငြိမ်းအေးမေရဲ့ ဆိုဟန်နဲ့ဆို စီးရီးထုတ်လိုက်ရင် ဖြစ်နိုင်တယ်၊ ငြိမ်းအေးမေ ဘယ်လိုသဘောရလဲ"

ကိုဖေသစ်ကတော့ ပိုက်ကွန်ချတာလည်း တကယ့်သဘောသားတော့ မပြောတတ်ပေ။

"မောင်နဲ့အိမ်ထောင်မပြုခင်ကတည်းက၊ ဒီစကားတွေ ကြားလာရတာများပြီး ကိုဖေသစ်၊ ဒီလို ပြောပြောပြီး ထားရစ်ခဲ့ပေါင်းလည်း များပြီ"

"ဟာ . . . ဒီတစ်ခါတော့ တကယ်အဆင်ပြေမှာပါ၊ ကျွန်တော် ကူညီမယ်ဆိုတာကလည်း စီးပွားရေးပါတယ်၊ ကျွန်တော်က ပိုက်ဆံစိုက်၊ ငြိမ်းအေးမေက အနုပညာစိုက်ပေါ့"

ကိုဖေသစ်ကတော့ အခွင့်အရေးတစ်ခု လိုချင်လို့ ပြောနေတာတော့ မဖြစ်နိုင်။ ဘာပဲပြောပြော မယုတ်မလွန်သဘောမျိုးတော့ သဘောထားလိုက်မိသည်။

"ကိုဖေသစ်ဘက်က အတည်တကျ ပြောလာတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စဉ်းစားရမှာပေါ့၊ တကယ်ဖြစ်လာမယ်ဆိုရင်တော့ ကျွန်မ အများကြီး စိတ်ဝင်စားပါတယ်"

"ငြိမ်းအေးမေရဲ့ ကောင်လေးကိုရော တိုင်ပင်ဖို့ လိုဦးမလား"

"အို . . . ကျွန်မအနုပညာကိစ္စ၊ ကျွန်မကိုယ်ပိုင်အခွင့်အရေးပါ။ မောင့်ကိုတော့ အသိပေးတာကလွဲလို့ ဘာမှ ထွေထွေထူးထူး ပြောစရာမလိုပါဘူး ကိုဖေသစ်"

"မဟုတ်ဘူ ငြိမ်းအေးမေရဲ့၊ ကောင်လေးက ကျွန်တော်တို့ကို တစ်မျိုးမြင်မှာစိုးလို့လေ"

"ဒါ ကျွန်မကိစ္စပါ"

သူမနှင့်ကိုဖေသစ်တို့ သီချင်းခွေကိစ္စ ပြောကြဆိုကြတာ အချိန်အတော်ကြာသွား၏။

မောင်ရောက်လာနေကျအချိန်ထက် တစ်နာရီခွဲခန့် နောက်ကျပြီးမှ မောင်ရောက်လာခဲ့သည်။

* * *

"ငြိမ်းအေးမေကောင်လေးတော့ ရောက်လာပြီ"

မောင်ကားပေါ်မှ ဆင်းလာတော့ ကိုဖေသစ် နေရာမှထ





ထွက်သွားသည်။ နှစ်ယောက်အဆုံမှာပင် မလိုတမာအကြည့်ဖြင့် ကိုဖေသစ်ကို ကြည့်၏။

သူမအနားသို့ ရောက်လာသော မောင့်မျက်နှာသည် အလို မကျမှုများစွာတွေ ကြီးစိုးနေလေ၏။

"ဒီနေ့ပြဿနာတွေကြီးပဲ ဆက်တိုက်ကြုံနေရတာ ဒါကြောင့်ပဲ ထင်တယ်"

"မောင့်စကားက ဘာသဘောလဲ"

"မမငြိမ်းက ဒီမှာ ဟိုလူနဲ့ ရယ်ရယ်မောမောဖြစ်နေ၊ မမငြိမ်းတို့နှစ်ယောက်ရဲ့ စိတ်ထဲမှာ ဘာတွေဖြစ်နေကြမယ်မသိဘူး၊ မောင်ကတော့ အလကားနေရင်း ပြဿနာတွေနဲ့ပဲ ကြုံရတယ်"

"မောင် ဘာပြောတာလဲ၊ မောင်ရောက်မလာသေးတော့ ကိုဖေသစ်က အဖော်ရအောင် တမင်လာနေပေးတာ၊ ပြီးတော့ ကိုဖေသစ်နဲ့လည်း အလုပ်ကိစ္စ ပြောဖြစ်တယ်၊ အလကား သဝန်ကြောင်တဲ့စိတ်တွေ မမွေးစမ်းပါနဲ့ မောင်ရယ်၊ မမငြိမ်း မကြိုက်ဘူး"

သူမသဘောထားကိုတော့ ပြတ်ပြတ်ပင် ပြောလိုက်သည်။

သူမလက်ကို ဆွဲခေါ်ပြီး ကားဆီသို့ မောင် အရောက်သွားသည်။

ကားပေါ်ရောက်မှ မောင်ပြောချင်တာတွေ ပြောတော့သည်။ ဆိုင်ကလူတွေ၏အကြည့်မှာတော့ ကိုဖေသစ်နှင့် တော်သက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြဿနာဖြစ်ပြီ . . . ဟု ထင်မြင်ကြမှာ သေချာသည်။

"မမငြိမ်း အဲဒီလူနဲ့ လုံးဝမဆက်ဆံရဘူး၊ ဒီလူ ဘာလဲဆိုတာကို မောင်သိတယ်၊ နောက်ပြီး ဒီလူ မမငြိမ်းဆီချဉ်းကပ်တာ လုံးဝမရှိးသားဘူး"

မောင့်စကားတွေက သူမကိုရော ကိုဖေသစ်ကိုပါ တိုက်ရိုက်စော်ကားသလို ဖြစ်နေ၏။

"မောင့်စကားကို မောင်ပြန်ပြင်၊ မောင်သွားချင်ရာသွား လာချင်တဲ့အချိန်မှ ရောက်လာတာကို မမငြိမ်းက ထိုင်စောင့်နေရတဲ့ လူနော်၊ မောင်တစ်ခုခု လုပ်လာတာနဲ့ မမငြိမ်းအပေါ် အပြစ်ပုံမချချင်နဲ့"

"မောင် ဘာမှမလုပ်ခဲ့ဘူး မမငြိမ်း၊ မမငြိမ်းဆီ လာရင်းနဲ့ မောင် ကားတိုက်ခံရတယ်၊ နောက်ဖင်ကို တိုက်ခံရတာ၊ အဲဒီကိစ္စအတွက် မောင်ရှင်းနေရတာ၊ ပြီးသွားပြန်တော့လည်း ဆိုင်နားရောက်ခါနီးမှ ဘီးပေါက်လို့ မောင် ကြာသွားရတာ၊ မမငြိမ်းကသာ ဟိုလူနဲ့ ရယ်ရယ်မောမော ဖြစ်နေကြတာ"

"မောင် . . . မမငြိမ်းပြောတာ မရဘူးလား"

"ပြောရမှာပဲ မမငြိမ်း၊ ကိုဖေသစ်ဆိုတဲ့ မိုးကုတ်က ဖေဖေတို့နဲ့ လုပ်ငန်းချင်းပတ်သက်သလို၊ ပွင့်ဦးခင်ဖေဖေတို့နဲ့လည်း ပြဿနာတွေ ရှိနေတယ်၊ ဒါတွေကို မမငြိမ်း သိလား၊ နေစမ်းပါဦး





ဒီလူက ဘာအလုပ်ကိစ္စတွေများ လာပြောရတာလဲ"

ကိုဖေသစ်က မောင့်အသိုင်းအဝိုင်းနှင့် ကျောင်းတော်ကရန်စ ရှိခဲ့ဖူးသည်တဲ့။ ဒီလိုဆိုပြန်တော့လည်း သူမအတွက်တော့ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို အခွင့်အရေးတွေ ရတော့မည် ဖြစ်၏။

"မမငြိမ်းကို သူက အခွေထုတ်ပေးဖို့ ကမ်းလှမ်းနေတာ၊ မမငြိမ်းတော့ လက်ခံလိုက်ပြီမောင်၊ အခွေထုတ်ဖြစ်လို့ အောင်မြင်သွားရင် မောင် စက်ပြူသွားစရာလည်း မလိုဘူး၊ ဒီကားလည်း မောင်းစရာ မလိုတော့ဘူး၊ ဒါ မမငြိမ်းအတွက်ရော၊ မောင့်အတွက်ပါ အခွင့်ရေးတစ်ခုပဲ"

"မလုပ်ရဘူး မမငြိမ်း၊ မောင် သဘောမတူနိုင်ဘူး"

"မောင် မလုပ်ပေးနိုင်တဲ့ကိစ္စတစ်ခု၊ မောင် ဘာလို့ ကန့်ကွက်ချင်ရတာလဲ၊ မမငြိမ်းရဲ့ အခွင့်ရေးကိုတော့ မောင် မပိတ်ပင်သင့်ဘူး"

မထင်မှတ်ဘဲ သူမနှင့်မောင်တို့ အကြိတ်အနယ် ဖြစ်ရသည်။ တကယ်တော့ မောင့်အသိုင်းအဝိုင်းမျက်နှာကြောင့်ပင် ကိုဖေသစ်နှင့် မဆက်ဆံလိုခြင်း ဖြစ်၏။

"မလုပ်ရဘူး မမငြိမ်း၊ မမငြိမ်း အခွေအရှမ်းထုတ်ချင်ရင် ဖေဖေ့ကို မောင်ပြောပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် မောင် . . . ဒီစကားတော့ မောင် လာမပြောနဲ့၊ ကိုဖေသစ်နဲ့ပဲ အလုပ်ဆက်လုပ်မယ်၊ ဒါပဲ မောင် . . . ဒီညအဖို့ ဒီအကြောင်းကို မောင် ဆက်မပြောတာ ကောင်းလိမ့်မယ်"

မောင်တစ်ယောက်ကတော့ အသက်ရှူပြင်းပြင်းဖြင့် ကားမောင်းနေ၏။

သူမကလည်း ကိုဖေသစ်နှင့် ပြောခဲ့သည့်ကိစ္စကို မဖြစ်ဖြစ်အောင် လုပ်ဖို့ ဆုံးဖြတ်လိုက်ရသည်။

၁၁။

"ကျွန်တော်နဲ့ငြိမ်းအေးမေတို့ အလုပ်လုပ်ဖြစ်သွားတာ တကယ့်အောင်မြင်မှုတစ်ခုပဲလို့ ကျွန်တော် မြင်တယ်"

ကိုဖေသစ်ကတော့ သူ့စိတ်ကူးနှင့်သူ တွေးပြီး ကျေနပ်နေ၏။ သူမကလည်း သူမစိတ်ကူးနှင့်သူမ ပီတိဖြစ်ရသည်။

"ကံစပ်ကြလို့ အလုပ်ဖြစ်တာပဲ၊ ကာလဒေသ အကြောင်းအရာတွေအားလုံး တိုက်ဆိုင်ကြတာလေ ကိုဖေသစ်၊ ကျွန်မဘက်ကတော့ အစွမ်းကုန်ကြိုးစားမယ်၊ ကိုဖေသစ်ဘက်ကလည်း နှောက်မဆုတ်တမ်း ချီတက်ဖို့တော့ လိုလိမ့်မယ်နော်"

အင်ပါယာဆဆ

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ငြိမ်းအေးမေ၊ အနုပညာကို မြတ်နိုးတာက တစ်ပိုင်း၊ ငြိမ်းအေးမေရဲ့ဘဝကို စိတ်ဝင်စားတာက ပိုပါတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ငြိမ်းအေးမေကောင်လေးရဲ့မိဘတွေနဲ့က ပတ်သက်ခဲ့ဖူးလို့ပဲ၊ သူတို့ကို မခံချင်တာလည်း ပါတယ်လေ၊ ငြိမ်းအေးမေ အောင်မြင်လာလေ၊ သူတို့ကို စိတ်ပိုင်းဆိုင်ရာအရ ကျွန်တော်အဖို့ အနိုင်ရလေပဲ"

မောင့်မိဘတွေနှင့် ကိုဖေသစ်တို့ လုပ်ငန်းသဘောသဘာဝအရ ရန်စရှိတာ သေချာသလောက်ရှိသည်။ ဒါကြောင့်လည်း သူမနှင့် ကိုဖေသစ်တို့ တွဲမိခြင်း ဖြစ်၏။ စိတ်တူချင်းမို့ သူမဘက်ကလည်း ခံစားချက်တချို့ကို ထုတ်ဖော်ပြောကြားဖြစ်၏။

"ကိုဖေသစ်နဲ့ သူတို့ဖြစ်ခဲ့တာတွေကို ကျွန်မ မသိချင်ဘူး၊ ကျွန်မနဲ့မောင်တို့ ဖူးစာဆုံရတာကလည်း မောင့်အသိုင်းအဝိုင်းကြောင့်ပဲ ဆိုပါတော့၊ မောင် ကျွန်မလက်ထဲမှာ ရောက်နေရတာကလည်း သူတို့ကို စိတ်ဒုက္ခ နေ့စဉ်ပေးနေရသလိုပဲ၊ ကျွန်မကိုတော့ အဲဒီအသိုင်းအဝိုင်းက သေမတတ်မုန်းကြတာ၊ ကိုဖေသစ်နဲ့သာ ပေါင်းစည်းတာကို သိသွားကြရင်တော့ ဖျတ်ဖျတ်လူးနေကြမှာ သေချာတယ်"

"သူတို့သိလောက်ပါပြီ ငြိမ်းအေးမေ၊ ငြိမ်းအေးမေရဲ့ ကောင်လေးနဲ့ ငြိမ်းအေးမေတို့ ပြဿနာဖြစ်ပြီး လုပ်ငန်းအနှောင့်





အယှက်ဖြစ်မှာကိုပဲ ကျွန်တော် စိုးရိမ်တယ်"

"ကျွန်မရဲ့ စိတ်ကိုတော့ ကိုဖေသစ် လုံးဝယုံကြည်လိုက်ပါ၊ မောင်နဲ့ကျွန်မကိစ္စက တစ်ပိုင်းပါ ကိုဖေသစ်၊ အဲဒီအသိုင်းအဝိုင်းနဲ့ ပတ်သက်ရင်တော့ ကျွန်မ အပေါ်စီးကပဲ အမြဲနေချင်တယ်"

ရည်ရွယ်ချက်တူသော လူနှစ်ဦးကတော့ သွေးစည်းမိကြပြီ။ မောင့်ကိုတော့ ဘယ်တော့မှ ထည့်မတွက်၊ မငဲ့ကွက်ချင်။

"ငြိမ်းအေးမေ ကောင်လေးရဲ့ အိမ်ပေါ်မှာ ရောက်နေတဲ့ ဦးနိုင်ဦးရဲ့သမီး ပွင့်ဦးခင်ဆိုတဲ့ ကောင်မလေးကိုရော ငြိမ်းအေးမေ သိလား"

သိပ်သိတာပေါ့။ ပွင့်ဦးခင်ဆိုသော ကောင်မလေးမှာ မောင့်အတွက်ဆိုရင် ဘယ်အခါဖြစ်ဖြစ် အနံ့တာခံချင်ရှာသူလေးဖြစ်၏။ မောင်တွယ်စရာ သံယောဇဉ်တစ်ခုဆိုရင်လည်း မှားမည်မထင်။

"သိတော့ သိတယ် ကိုဖေသစ်၊ ဘာဖြစ်လို့လဲ"

"ဒီလိုပါ၊ အဲဒီကောင်မလေးနဲ့ ငြိမ်းအေးမေရဲ့ကောင်လေးကို လက်ထပ်ပေးဖို့အထိ ရည်ရွယ်ထားကြတာ၊ သူတို့တွေက လုပ်ငန်းချင်း ပေါင်းစည်းရုံတင်မကဘူး၊ မိသားစုနှစ်ခုပေါင်းစည်းဖို့ ကြိုးစားနေကြတာ၊ ငြိမ်းအေးမေက ကောင်လေးကို ကိုင်ထားတော့ သူတို့တွေ ဘာဆက်လုပ်ရမှန်း မသိဘူး ဖြစ်နေကြတာ၊ ဘာပဲဖြစ်ဖြစ်ပါ သူတို့နဲ့ပတ်သက်လာရင်တော့ ငြိမ်းအေးမေဘက်မှာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အမြဲရှိတယ်၊ ငြိမ်းအေးမေကို အောင်မြင်စေချင်တယ်၊ တစ်ခုပဲ တောင်းပန်ချင်ပါတယ်၊ တစ်ချိန်ကြရင်တော့ အဲဒီအသိုင်းအဝိုင်းနဲ့ ပေါင်းပြီး ကျွန်တော်နဲ့တော့ ရန်သူ ဖြစ်မသွားစေချင်ဘူး"

သူမစီးရီးကိစ္စကို ဒီလောက်အထိ အကူအညီပေးနေမှ တော့ ကတိစကားကို အလွယ်လေးပြန်ပေးမိသည်။ ဒီကတိစကား ကလည်း သူမ၏မှန်သောသစ္စာစကားလည်း ဖြစ်သည်ပဲ။

"ဒီကိစ္စအတွက်တော့ စိတ်ချ ကိုဖေသစ်၊ အဲဒီအသိုင်း အဝိုင်းနဲ့ ကျွန်မ ဘယ်တော့မှ သွေးစည်းဖြစ်မှာ မဟုတ်ဘူး၊ မောင် တစ်ယောက်ကလွဲလို့ အဲဒီအသိုင်းအဝိုင်းဟာ ကျွန်မအတွက်တော့ ကမ္ဘာမကြေဘဲ"

သူမစကားကိုတော့ ကိုဖေသစ် သဘောကျမှာ သေချာ၏။

ကိုဖေသစ်နှင့်သာ မတွေ့ဖြစ်ပါက သူမအနေဖြင့် ရေရှည် စီမံကိန်းတွေ ဘာတွေကို စံနစ်တကျပြုရဦးမည်။

အခုတော့ ကိုဖေသစ်၏ကျေးဇူးကြောင့်ပင် လက်စားချေ သော စစ်ပွဲကို စတင်ဖွင့်လှစ်နိုင်ခဲ့လေ၏။

"ဘာသဘောမျိုးနဲ့ ဒီကိစ္စတွေကို မမငြိမ်း လုပ်နေတာလဲ





မောင့်မျက်နှာကိုတောင် မထောက်တော့ဘူးလား မမငြိမ်းရယ်၊ မေမေတို့တွေကို မောင် ဘယ်လိုရင်ဆိုင်ရမှာလဲ၊ အဲဒီကိုဖေသစ်နဲ့ လုပ်နေတဲ့ကိစ္စ၊ ဆက်ဆံနေတဲ့ကိစ္စကို မမငြိမ်း မစွန့်လွှတ်နိုင်တော့ ဘူးလား၊ အခုရော ဘယ်ကပြန်လာတာလဲ မမငြိမ်း၊ မမငြိမ်း အလုပ် လည်း မဆင်းတာ နှစ်ရက်ရှိသွားပြီ"

သူမအပြန်ကို မောင်တစ်ယောက် ငုတ်တုတ်ထိုင်စောင့်နေ ပုံရ၏။

စီးလာသောဖိနပ်ကို မချွတ်ရခင်မှာပင် အမော့ဆို့စေသော စကားလုံးတွေဖြင့် မောင်ဆီးကြိုတော့သည်။

"အမောဖြေပါရစေ မောင်ရယ်၊ အပြစ်တင်စကားတွေရော မေးခွန်းတွေရော စုံနေတာပဲ၊ မမငြိမ်းတော့ ရင်ဆို့သွားတာ အမှန်ပဲ"

"ပြောရမှာပဲ မမငြိမ်း၊ ဒီကိစ္စဟာ မမငြိမ်းအတွက်ရော မောင့်အတွက်ပါ သေရေးရှင်ရေးတမျှ အရေးကြီးနေတယ်"

"မောင်ရယ်၊ အဲဒီလောက်အထိတော့ ဖြစ်မလာနိုင်သေးပါ ဘူး၊ အခုမှ ဇာတ်လမ်းစရုံပဲ ရှိသေးတာ၊ ဘာလဲမောင်၊ မောင့်မိဘ တွေက ဒီလောက်ထိအောင် အကျအဆုံးတွေ များနေပြီလား"

"မောင့်စိတ်ထဲမှာရော၊ မောင့်အမြင်မှာပါ မမငြိမ်းဟာ တစ်နေ့ထက်တစ်နေ့ ကြောက်စရာကောင်းလာနေပြီ"

ဒီမေးခွန်းကတော့ တကယ့်ကို အရေးကြီးသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်အမြေပေါ်မှာ မှုတည်ပြီး သူမ အကွက်ထပ်ဆင်ရပေဦးမည်။

"ကိုဖေသစ်နဲ့ ဆက်ဆံနေတာတွေအားလုံးကို မမငြိမ်း ချက်ချင်းရပ်ပစ်လိုက်ပါ"

မောင်ကတော့ ပြတ်ပြတ်သားသား ရာဇသံပေးနေပြီ။ ဒီစကားက မောင်တစ်ယောက်တည်း ဦးနှောက်နှင့် စဉ်းစား၍ရလာသောစကားမဟုတ်။ မောင့်စကားနောက်ကွယ်မှာ အင်အားစုတွေ အများကြီး ရှိနေသည်ကို သဘောပေါက်လိုက်၏။

သူမဘက်ကလည်း တိုက်ပွဲအရှိန်ကို ပိုမြှင့်လိုက်ပြန်သည်။

"မရပ်ဘူး မောင်၊ အဲဒီကိစ္စကို အသက်ပဲသေသေ၊ အောင်မြင်အောင် လုပ်သွားဖို့ မမငြိမ်း ဆုံးဖြတ်ပြီးပြီ"

"မောင့်ကို မငဲ့ကွက်ဘူးလား မမငြိမ်း"

"မောင့်ကို ငဲ့ကွက်လိုက်ရင် မမငြိမ်းရဲ့ မဟာစီမံကိန်းကြီး ပြိုလဲပျက်စီးသွားမှာပေါ့ မောင်၊ မောင့် မျက်ရည်ကျလေ မမငြိမ်းရဲ့ မဟာစီမံကိန်းက ပိုအောင်မြင်လေ၊ စိတ်ချင်းတိုက်နေကြတာပဲ မောင်ရယ်"

"ဘာစိတ်ချင်းတိုက်တာလဲ၊ ဘာစီမံကိန်းလဲ မမငြိမ်း"

ဂုဏ်ယူစွာဖြင့် သူမ၏အောင်မြင်မှုများကို မောင့်အား ပြောပြလိုက်၏။





"မေမေ့အတွက် ပြန်ပြီးတော့ အကြွေးဆပ်တာရယ်၊ မောင့်အသိုင်းအဝိုင်းကို တမင်ဒုက္ခပေးချင်တဲ့ စီမံကိန်းလေ၊ ဒါကြောင့် မောင့်ကို ရအောင်ယူခဲ့တာပေါ့။ တကယ်တော့ မောင်အမူးလွန်တဲ့ အချိန်ကတည်းက မောင်ရော၊ မောင့်အသိုင်းအဝိုင်းမှာ မမငြိမ်းရဲ့ ပစ်ကွင်းထဲကို ရောက်ခဲ့ရတာလေ၊ မောင့်ကိုတော့ အားနာပါနာနဲ့ သနားလိုက်ပါတယ်"

"မမငြိမ်း၊ အဲဒီညက မောင်နဲ့မမငြိမ်းတို့ . . ."

မောင့်က စကားမဆက်နိုင်တော့ဘဲ ထစ်ငေါ့သွားသည်။ ဒီစကားကိုတော့ မောင်ရော မောင့်အသိုင်းအဝိုင်းက လူတွေပါ သိသွားအောင်လို့ ပြောပြဖြစ်လိုက်၏။

"ဟုတ်တယ် မောင်၊ မောင်တို့ အသိုင်းအဝိုင်းရဲ့ မောက်မာတဲ့ အစွယ်တွေကို ချိုးဖို့ရယ်၊ ကိုယ့်ကိုယ်ကိုယ် ဒုက္ခမရောက်ဖို့ရယ်၊ မမငြိမ်းမှာ ရွေးချယ်စရာတစ်လမ်းပဲ ရှိခဲ့တာ၊ တကယ်တော့ အဲဒီညက မမငြိမ်းနဲ့မောင်တို့ ဘာမှမဖြစ်ခဲ့ကြဘူး"

"ခင်ဗျား အတော်လေး ကောက်ကျစ်ခဲ့တာပေါ့။ ခင်ဗျား ကျွန်တော့်ကို ချစ်မြတ်နိုးလို့ ရအောင်ယူခဲ့တာ မဟုတ်ဘူးပေါ့။ ဟုတ်နေပါပြီ၊ ပတ်ဝန်းကျင်က စကားတွေကို ကျွန်တော် ဆန့်ကျင်ခဲ့တာ တကယ်တော့ ကျွန်တော် ရူးသွပ်ခဲ့တာပဲ"

"အဲဒီလောက်အထိတော့ နော[illegible]ကရစရာ မလိုပါဘူး



www.burmeseclassic.com

www.burmeseclassic.com



မောင်ရယ်"

"ခင်ဗျား ကျွန်တော့်ကို ချစ်ခဲ့တာ မဟုတ်ဘူးပေါ့ ဟုတ်လား မမငြိမ်း"

မောင့်စကားကြောင့် ရင်ထဲမှာ ထိခိုက်သွားရပြန်၏။

ဒီအခြေအနေမှာ သူမ စိတ်နုလို့ မဖြစ်နိုင်ပေ။

"ဒီစကားကို မမငြိမ်း မဖြေနိုင်ဘူး မောင်၊ ဇာတ်လမ်းက မပြီးသေးဘူးလေ"

"တော်ပြီဗျာ"

သူမရှေ့မှာနေပြီး ဖြုန်းစားကြီး မောင် ထထွက်သွား၏။

မောင်ပြန်လာမည် ထင်ပြီး သူမလည်း မတားမြစ်ခဲ့။

မောင်ထွက်သွားတော့ ညခုနစ်နာရီ ထိုးနေပြီ။

၁၂။

တိုက်ဆိုင်သည်ပဲ ပြောရမည်လားမသိ။ မောင်ထွက်သွားပြီးနောက်မနက်အလင်းမှာပင် ဘကြီးကြည်စိုးကလည်း ခရီးသွားရာမှ ပြန်ရောက်လာ၏။ မောင်ပြန်လာနိုးနှင့် ညဉ့်နက်သည်အထိ သူမလည်း စောင့်ကြည့်သေးသည်။ အိပ်ချင်ဇောကြောင့်ပင် အိပ်ပျော်သွားခဲ့သည်။ အပြင်မှ အော်ခေါ်သံကြောင့်သာ နိုးလာရသည်။

"အိပ်လှချည်လား သမီး၊ ဘကြီး အတော်ခေါ်ယူရတယ် မောင်မြတ်မိုးရော သမီး"

ခရီးသွားမှပြန်ရောက်လာသော ဘကြီး၏စကားကြောင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို သတိရသွား၏။

စိတ်မကောင်းခြင်းတွေ စွက်ဖက်နေသော လေသံဖြင့် သူ

ပြောလိုက်မိသည်။

"မနေ့ညကပဲ သမီးနဲ့ စိတ်ဆိုးပြီး အိမ်ပေါ်က ဆင်းသွား

တယ် ဘကြီး"

"သမီးရယ်၊ သမီးက သူ့ထက်ကြီးတယ်လေ၊ အခြေအ

ခြင်းလည်း ကွာတယ်၊ ငါ့သမီးက သည်းခံရမှာပေါ့"

"သူ ပြန်လာမှာပါ ဘကြီး"

သူမရင်ထဲမှာ မျှော်လင့်ထားသည့် အတိုင်းပင် ပြောလို

သည်။ မောင်မရှိတော့ဘူးဆိုသော အသိကြောင့်ပင် ရင်ထဲမှာ

သွားတာကိုတော့ သတိထားမိလိုက်၏။

"လိုက်ခေါ် လို့ ဖြစ်ရင်လည်း သမီးက အကြီးဆိုတော့ လို

ခေါ် လိုက်ပါကွယ်၊ တော်ကြာ ဘေးကသွေးထိုးတာနဲ့ မောင်မြ

လေး စိတ်ရောကိုယ်ပါ ဆင်းရဲနေပါဦးမယ်"

ဘကြီးကြည်စိုးကလည်း မောင်ပြန်မလာမည်ကို ငိုး

သည် ထင်၏။ အိမ်မှာ ဘကြီးကြည်စိုး ရှိနေရင်လည်း မောင်

သွားစရာ ရှိမည်မထင်။

"သူ သမီးကို မခွဲနိုင်ပါဘူး ဘကြီးရာ၊ သူပြန်ရောက်လာ

ပါ"





သူမစကားတွေကို ဘကြီးကြည်စိုး ယုံသွားဟန်တူသည်။

ယာယီခဏ စိတ်ဆိုးစိတ်ကောက်ကြရုံဟု ဘကြီး ထင်လိုက်ပြီလား။

တကယ်တော့ သူမတို့နှစ်ယောက်၏ ပဋိပက္ခမှာ အတော်

လေး ပြင်းထန်သည်ကိုတော့ သူမတို့သာ အသိဆုံးပဲ ဖြစ်၏။

✿ ✿ ✿

မောင်အိမ်မှ ထွက်သွားပြီး တတိယမြောက်သောနေ့တွင်

သီချင်းရွေးချယ်ဖို့ကိစ္စနှင့် ပတ်သက်ပြီး ကိုဖေသစ်နှင့် ဆုံဖြစ်ကြ

သည်။

သူမနှင့်မောင်တို့ သတင်းကို သူမ, မပြောခင်ကပင်

ကိုဖေသစ်တစ်ယောက် သိနှင့်နေ၏။

"ဘယ်လိုဖြစ်ကြတာလဲ ငြိမ်းအေးမေ၊ ကောင်လေး

အိမ်ပေါ်ပြန်ရောက်နေတယ်ဆို"

"ဟုတ်တယ် ကိုဖေသစ်ရေ၊ သူ့အသိုင်းအဝိုင်းက အချွန်

အမတွေနဲ့ စည်းရုံးတာကို နားယောင်တာလေ၊ မတတ်နိုင်ဘူးရှင်၊

ချွန်မကတော့ ကိုယ့်လမ်းကို့ ကိုယ်ဆက်လျှောက်ရမှာပဲ"

"အေးဗျာ၊ တကယ်တမ်း မပြောကောင်း မဆိုကောင်းဖြစ်ခဲ့

ကြရင်တော့ ခင်ဗျားအတွက်တော့ အတော်လေးရင်းနှီးလိုက်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ"

"ဘာအတွက်လဲ ကိုဖေသစ်"

"ကျွန်တော်တို့ကိစ္စအတွက် ခင်ဗျား ကောင်လေးကို စွန့်လွှတ်လိုက်ရတာလေ"

"စွန့်လွှတ်လိုက်ရတဲ့အထိတော့ ဖြစ်လာနိုင်မယ် မထင်ဘူး ကိုဖေသစ်၊ သူ ကျွန်မဆီကို ပြန်ရောက်လာမှာပါ"

"ရောက်လာပါစေလို့ တကယ့်စိတ်ရင်းနဲ့ ကျွန်တော် ဆုတောင်းပေးပါတယ်"

"ဒီသတင်းနဲ့ ပတ်သက်ပြီး ကိုဖေသစ် ဘာတွေကြားထားတာ ရှိလဲဟင်"

ကိုဖေသစ်တစ်ယောက်က မောင်တို့ အသိုင်းအဝိုင်း[illegible] မျက်ခြည်ပြတ်ခဲ့သူမဟုတ်။ မောင့်မိဘများ၏ အကြံစည်များကိုတော့ ကိုဖေသစ်ထံမှ သတင်းရနိုင်ကောင်း၏။

"ကြားရတာတော့ နားမချမ်းသာစရာပဲဗျာ၊ ခင်ဗျား[illegible] ရအောင်ခွဲဖို့ သူတို့ ကြိုးစားနေကြတယ်၊ တရားဝင်ဖြစ်အောင်အ[illegible] သူတို့ ကြံစည်နေကြတယ်"

"သူတို့ကြံစည်တာတွေ ကြိုးစားတာတွေက တစ်ခုမှအ[illegible] ဝင်မှာ မဟုတ်ပါဘူး ကိုဖေသစ်"

"ဒီလိုတွေ ဖြစ်လာရတာကိုပဲ ခင်ဗျား အောင်မြင်ချင်လို့[illegible]





အကောင်းဘက်က ရှုမြင်ရတော့မှာပဲ"

ကိုဖေသစ်နှင့် စကားပြောလိုက်ခါမှ စိတ်ထဲမှာ ထင့်သွားမိသည်။

မောင်တစ်ယောက်တော့ မိဘတွေ၏ သွေးထိုးမှုကို နားယောင်ပြီလား မသိ။ ပြင်လို့မရသော ဆုံးဖြတ်ချက်တွေကို မောင်ချနေပြီလား။

မောင်နှင့်ပတ်သက်ပြီးတော့ နည်းဗျူဟာတွေကို သူမ စဉ်းစားဖို့ လိုအပ်လာပြီလေ။

ကိုဖေသစ်နှင့် စကားပြောပြီး သူမ အိမ်ပြန်ရောက်တော့ ဘကြီးကြည်စိုးက ဆီးပြော၏။

ဘကြီးကြည်စိုးကတော့ အတော်လေးကို တုန်လှုပ်နေပုံရသည်။

"သမီးလေး မောင်မြတ်မိုးရဲ့ အမေ ရောက်လာတယ်၊ သမီး[illegible] စကားပြောချင်လို့တဲ့၊ နောက်တစ်ခေါက် သူတို့ ထပ်လာမယ် [illegible]ပြောတာပဲ"

"လာတာပဲ ဘကြီးရယ်၊ သူတို့နဲ့လည်း သမီးက တွေ့ချင်



www.burmeseclassic.com

www.burmeseclassic.com



နေတာ၊ မောင်ရော ပါလာသေးလား ဘကြီး"

"ပါမလာဘူး သမီး"

ဘကြီးကြည်စိုးစကားက သူမမျက်နှာကို ပျက်ယွင်းသွားစေ၏။

ရန်သူနှင့် အနီးကပ်ရင်ဆိုင်ရမည်ဖြစ်သော အချိန်မှာတော့ သူမစိတ်တွေ ယိမ်းယိုင်လို့ မဖြစ်ပေ။

"သူတို့လာသွားတာ ကြာပြီလား"

"နှစ်နာရီလောက်တော့ ရှိမယ်"

"ဘယ်တော့ ပြန်လာမယ် ပြောလဲ"

"သုံးနာရီလောက်ခြားပြီး တစ်ခေါက်လာကြည့်မယ်လို့ ပြောသွားတာပဲ"

ဒါဆိုရင်တော့ တစ်နာရီ မရှိတတ် ရှိတတ်တော့ စောင့်ရဦးမည်ပဲ။

သူမအတွက် ပြင်ဆင်စရာ အချိန်ရသလို၊ စကားတွေကိုလည်း စုဆောင်းချိန် ရလိုက်သည်။

ဒေါ်မိုးမိုးကိုတော့ အထက်စီးကနေပြီး အပြတ်အနိုင်ယူလိုက်မည် . . . ဟု တွေးကာ ကျေနပ်နေမိပြန်သည်။

ည်။

"သမီး . . . မောင်မြတ်မိုးအမေတို့ ရောက်လာကြပြီ"

အခန်းထဲမှနေပြီ ကားရပ်သံသဲ့သဲ့ကိုတော့ ကြားမိလိုက်သည်။ အိပ်ရာထပြီး အခန်းပြင်သို့ ထွက်လာ၏။

ဒေါ်မိုးမိုးနှင့်အတူ ပွင့်ဦးခင်တို့ အိမ်ပေါ်တက်လာကြသည်။

"ဘကြီး ခဏရှောင်ပေးပါ၊ သူတို့ ပြန်သွားမှ ပြန်လာခဲ့ပေါ့"

ဒေါ်မိုးမိုးတို့နှင့် စကားပြောနေစဉ်မှာ ဘကြီးကြည်စိုးကိုနားမှာ ရှိမနေစေချင်။

**အင်းမဲယာထဲမ**

www.burmeseclassic.com

www.burmeseclassic.com



ဘကြီးကလည်း သဘောတူလက်ခံပြီး ဆုံးမနားသွင်းသွားသေး၏။

"စကားပြောတဲ့နေရာမှာတော့ အလိမ္မာနဲ့ ဆင်ဆင်ခြင်ခြင်ပြောပါ သမီးရယ်"

ဒေါ်မိုးမိုးတို့ကတော့ အကြောက်အလန့်မရှိစွာဖြင့် သူမပစ်ကွင်းထဲသို့ ရောက်လာကြသည်။

စားပွဲမှာ ဦးငင်အောင် ဝင်ထိုင်လိုက်၏။ အောင်မြင်သောလေသံဖြင့် သူမ ပြောလိုက်မိသည်။

"မေမေတို့ ထိုင်ကြပါ၊ ဘာများ သုံးဆောင်ချင်ပါသေးလဲ"

"မလိုပါဘူး၊ ငါတို့ ဒီကို ရောက်လာရတာက မင်းနဲ့ဆွေးနွေးချင်လို့ပဲ"

"ဆွေးနွေးပါ မေမေ၊ မောင့်ကို ဘာလို့များ ဖြားယောင်းထားကြတာလဲ၊ မောင်မရှိရင် ကျွန်မ မနေတတ်ဘူး၊ မောင်ပြန်လာချင်တာကို မေမေတို့က ဖြားယောင်းသိမ်းသွင်းထားကြတာ မဟုတ်လား"

"ငါ့သားက သူ့စိတ်နဲ့သူ မင်းအိမ်က ဆင်းလာခဲ့တာ၊ မင်းကိုလည်း ဆက်ပေါင်းချင်စိတ် သူ့မှာ မရှိတော့ဘူး၊ မင်းဘက်က လုပ်ပေးစရာ တစ်ခုပဲ ရှိတော့တယ်"

အဖြေကတော့ အတော်လေးရှင်းနေ၏။





ဒေါ်မိုးမိုး၏ မျက်ဝန်းတွေက မီးဟုန်းဟုန်းတောက်နေသလား ထင်ရသည်။

ပွင့်ဦးခင်ကတော့ သူမ၏ ခြေရိပ်လက်ရိပ်တွေကို မပြတ်အကဲခတ်ကြည့်နေ၏။

"ကျွန်မ ဘာလုပ်ပေးရမှာလဲ၊ မောင့်ကို ကျွန်မ ကိုယ်တိုင်လိုက်ခေါ်ရမှာလား"

"မင်း မြန်မာစကား နားမလည်ဘူးလား၊ တရားရုံးမှာ တရားဝင်ကွာရှင်းဖို့ မင်းနဲ့ လာညှိတာပဲ၊ အဲဒီအတွက် မင်း ဘယ်လောက်ယူမလဲ"

ဒါတွေကို မောင်သိသည်လား။ မောင်က လက်ခံကြည်ဖြူသည်လား၊ မေးချင်သော်လည်း မမေးရဲပြန်။

"ကွာရှင်းဖို့အထိတောင် ဖြစ်နေပြီပေါ့"

"ဟုတ်တယ်၊ မင်း ဘယ်လောက်ယူမလဲ"

"ကျွန်မ တကယ်တောင်းရမှာလား"

"တောင်းပါ၊ ငါ့သားလေး စိတ်ချမ်းသာဖို့ဆိုရင် ဘာမဆို ငါတို့ ဖြည့်ဆည်းပေးမယ်"

တစ်ချက်တော့ မဲ့ပြုံးပြုံးလိုက်မိသေး၏။

ဒေါ်မိုးမိုးစကားတွေကို နားထောင်နေရင်းကပင် မောင့်ကို ပြန်ရောက်လာအောင်ခေါ်ဖို့ နည်းလမ်းတစ်ခုကို သွားစဉ်းစားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ စဉ်းစားမိသောနည်းလမ်းကို အကောင်အထည်ဖော်လိုက်ရင်တော့ သူမဆီသို့ မောင်ပြန်ရောက်လာမှာ သေချာသည်။ သူမ စဉ်းစားမိသည့် အချက်ကိုတော့ ဒေါ်မိုးမိုးတို့အား ပြောပြလို့ မဖြစ်သေးပေ။

"ရှင့်အသည်းနှလုံးပဲ ဒေါ်မိုးမိုး"

သူမစကားကြောင့်ပင် ဒေါ်မိုးမိုး ဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်ထင်၏။ တစ်ချိန်လုံး ငြိမ်သက်နေသော ပွင့်ဦးခင်က အသိပေးသလိုလိုနှင့် ကြားဝင်စေ့စပ်ပေးပြန်သည်။

"ဒီလိုတော့ စကားလုံးတွေနဲ့ အနိုင်မယူချင်ပါနဲ့၊ ကိုကို့ကို ကွာရှင်းပေးဖို့အတွက် မမငြိမ်းဘက်က နစ်နာကြေးကို ထိုက်တန်အောင် ပြောဖို့ ပြောနေတာပါ"

"ပြောပြီးပြီပဲကွာ၊ ဒေါ်မိုးမိုးရဲ့ အသည်းနှလုံးကိုရဖို့ မောင့်ကို တို့ လုံးဝမကွာပေးနိုင်ဘူး၊ ဘာလဲ မင်းကပါ အသည်းနှလုံးအဆစ် ထည့်ပေးချင်လို့လား၊ တို့မယူရက်ပါဘူး မိန်းကလေးရယ်၊ အခုကိစ္စမှာ မင်းက မြေဇာပင် မဖြစ်ချင်စမ်းပါနဲ့၊ သူ့အလိုလို မောင်တို့ဆီ ပြန်ရောက်လာမှာပါ"

စေ့စပ်ညှိနှိုင်းလို့ မရမှန်းကို ဒေါ်မိုးမိုးတို့ သိသွားကြ၏။ မျက်လုံးချင်း စကားပြောကြပြီး ပြန်ဖို့ ပြင်ကြသည်။

"ကောင်းပြီလေ၊ ညှိလို့မရလည်း အကုန်သက်သာတာလို့ပဲ





အောက်မေ့ရတာပေါ့၊ သက်ဆိုင်ရာကနေပဲ မင်းနဲ့စကားပြောတော့မယ်"

"ပြန်ခါနီးမှတ်မိအောင် မှတ်သွားလိုက်ပါဦး ဒေါ်မိုးမိုး၊ မောင့်ကို ကျွန်မ လုံးဝမခွဲနိုင်ဘူး၊ ကျွန်မဘဝမှာ မောင်မရှိလို့ မဖြစ်ဘူး၊ မောင်ဟာ ကျွန်မ အသက်သေသည်အထိ တစ်ယောက်တည်းသော တရားဝင်လင်ယောကျာ်းပဲ"

သူမ၏စကားတွေကိုတော့ ဒေါ်မိုးမိုးတို့ မျက်နှာချင်းဆိုင်ပြီးမီးအောင် နားမထောင်သွားကြပေ။

ဒါပေမယ့် အားလုံးကိုတော့ ဒေါ်မိုးမိုးတို့ ကြားနာသွားကြမှာ သေချာသည်ပဲ။

✱ ✱ ✱

"သူတို့က ကွာရှင်းပေးဖို့ အပေးအယူလုပ်တာ ဘကြီး"

"သမီးက ဘာပြောလိုက်လဲ"

"ကျွန်မမှ မောင်နဲ့ မကွဲနိုင်ဘဲဥစ္စာ၊ သူတို့ပေးမယ့် ငွေတွေကို ဘာလို့ ယူရမှာလဲ၊ မောင်ပြန်ရောက်လာအောင် ကျွန်မ ကြိုးစားရမယ်"

"သမီးကိုယ်တိုင် လိုက်ခေါ်ပါလား သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒါတော့ လုံးဝမဖြစ်နိုင်။ ရန်သူ့ပစ်ကွင်းထဲကိုတော့ သတ္တိကောင်းပြီး ဝင်သွားလို့ မဖြစ်ပေ။

"ဘကြီး တစ်ခုကူညီပါ"

"ဘာလုပ်ပေးရမှာလဲ သမီး"

"အခုချိန်မှာ သမီးကိုယ်တိုင်သွားတွေ့ပြီး ပြောလို့ မရဘူးလေ၊ သမီး စာတစ်စောင် ရေးပေးလိုက်မယ်၊ မောင်နဲ့တွေ့ဖို့ ဘကြီး ကြိုးစားပါ၊ မောင့်လက်ထဲကို စာထည့်ဖြစ်ရုံ မဟုတ်ဘူး၊ ဖတ်ဖြစ်အောင်လည်း ဘကြီးတိုက်တွန်းပါ၊ ဘကြီးကိုတော့ မောင်က သံယောဇဉ် ရှိပါတယ်၊ အခုကိစ္စက ဘကြီး ကူညီမှ အဆင်ပြေမှာလေ"

"ဒါဆိုလည်း သမီးရေးစရာရှိတာ ရေးလိုက်၊ ဒီနေ့ချင်းပဲ မောင်မြတ်မိုးနဲ့ တွေ့ပြီး ဘကြီး ပေး,ပေးမယ်"

ဘကြီးကြည်စိုးကတော့ သူမ ဘာတွေရေးမည်ကို သိမည်မထင်။ အရိပ်အမြွက်သဘောအနေနှင့်တော့ ဘကြီး အားတက်သွားအောင် မက်လုံးပေးလိုက်မိသည်။

"သမီးရေးပေးလိုက်တဲ့စာကို မောင်ဖတ်ပြီး သမီးဆီကို မောင် ပြန်လာမှာ သေချာတယ် ဘကြီး"

"ကဲ . . . အခုပဲရေးတော့ သမီး"

မောင်ပြန်လာမည်ဆိုသော စကားကြောင့်ပင် ဘကြီး ပျော်





သွားပုံရသည်။ စာရေးဖို့ကိုလည်း ချက်ချင်းပင် တိုက်တွန်း၏။

သူမကိုယ်တိုင်ကလည်း မောင့်ဆီပေးမည့်စာကို ချက်ချင်းရေးချင်နေမိသည်ပဲ။

* * *

*မောင်...*

*မပြောမဆိုဘဲ ဘာလို့ ထွက်သွားရတာလဲ။*

*ဘကြီးက ပြန်ရောက်လာပြီး ရုပ်ဖြစ်ရမလား ဆိုပြီး မငြိမ်းကို*

*ဆူတယ်လေ။*

*မငြိမ်းကို မောင် သတိမရဘဲ နေနိုင်လို့လား ဟင်။*

စာကြောင်းတွေကတော့ မစဉ်းစားရဘဲ ဆက်တိုက်ထွက်လာ၏။ သူမဘဝမှာ ဒီလိုစာမျိုး ရေးဖူးခဲ့သည် မရှိ။

စာကိုလည်း ရှည်ရှည်ဝေးဝေးတွေ ရေးမနေချင်တော့ပေ။ အဓိကကျသောအချက်ကိုပင် တည့်တည့်ရေးလိုက်မိပြန်၏။

*မောင် ပြောဖူးပါတယ်နော်၊ မောင့်အတွက်... မငြိမ်း တို့အတွက်*

*သား သား ပေါ်ပေါ်ဖြစ်ဖြစ်၊ မီး မီး ပေါ်ပေါ်ဖြစ်ဖြစ် ချွေး လေး ရမယ်ဆို....*



www.burmeseclassic.com

www.burmeseclassic.com



မောင် ပြန်လာခဲ့ပါ။
မမငြိမ်းတော့ သားသားမီးမီး တစ်ယောက်ယောက်ကို ရင်မှာ လွယ်ထားချင်ပြီ
...မောင်။
မောင် အနားမှာ မရှိတော့ အားငယ်ရတယ်။
မောင် ပြန်လာခဲ့နော်။
သားသားပဲဖြစ်ဖြစ်၊ မီးမီးပဲဖြစ်ဖြစ် မောင်ချစ်မှာ မဟုတ်လား။ မောင်က
ကလေး အဖေလောင်း ဖြစ်နေပြီနော်။ ကလေး စိတ် ပျောက်တော့။

ချစ်နေမယ့်
မမငြိမ်း

စာကို အမြန်ဆုံး အဆုံးသတ်လိုက်ရ၏။

ဒီအကြောင်းအရာတွေက ဒီလောက်ဆို လုံလောက်သွားပြီ။

ပထမဆုံး သူမဘဝထဲသို့ မောင့်ကို ဆွဲခေါ်ခဲ့တုန်းကလည်း မုသား မာယာတွေ သုံးဖြစ်ခဲ့သည်။

အခုလည်း သူမဆီသို့ မောင်ပြန်ရောက်လာဖို့ မုသား မာယာတွေ သုံးရပြန်သည်ပဲလေ။

# အပိုင်း (သုံး)

www.burmeseclassic.com

www.burmeseclassic.com

## ၁။

ကိုကိုနှင့်မမငြိမ်းတို့ဇာတ်လမ်းကို နားထောင်နေသော သူသူအဖို့မှာတော့ သက်ပြင်းပင် မချရဲသလောက် ဖြစ်နေ၏။ သူမ အဖို့မှာလည်း ဇာတ်ကြောင်းပြန်ပြောနေရင်းမှာပင် အလိုလို ရင်မော နေရပြန်၏။

"မမငြိမ်းက ကိုယ်စန်ရှိတယ်လို့ စာရေးပေးလိုက်တော့ ကိုမြတ်မိုး ပြန်ပါသွားသေးတယ်ပေါ့ ဟုတ်လား ပွင့်ဦးခင်"

"ဟုတ်တယ် သူသူ၊ ကိုကို မမငြိမ်းဆီ ပြန်သွားခဲ့တယ်၊ ဒါပေမဲ့ သိပ်မကြာပါဘူး၊ ငါ့စိတ်ထင် တစ်လခွဲလောက်ပဲ ကြာမယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တာပဲ၊ ကိုကိုနဲ့ မမငြိမ်းတို့ ပြဿနာ ထပ်ဖြစ်ကြတယ်"

"ကိုယ်ဝန်ရှိတယ်လို့ ပြောခဲ့တဲ့စကားက မဟုတ်လို့လား ကိုဖေသစ်ဆိုတဲ့လူနဲ့ ဆက်ပြီး ပတ်သက်နေတာရော ပါသေးလား"

"တကယ်တော့ ကိုကို ပြန်လာဖြစ်အောင်ဆိုပြီး တကယ် ကိုယ်ဝန်မရှိဘဲနဲ့ ရှိတယ်လို့ မမငြိမ်း ညာခဲ့တာလေ၊ ဒုတိယအကြိမ် အညာခံရတော့ ကိုကိုလည်း တော်တော်လေး စိတ်နာသွားပုံရတယ် ကိုဖေသစ်နဲ့ကလည်း အခွေကိစ္စကို အကြောင်းပြုပြီး တွဲသွားတွဲလာ လုပ်တာလည်း ပါတာပေါ့ သူသူ".

မမငြိမ်းဆီမှ ပြန်ရောက်လာပြီး ကွာရှင်းခွင့်ကို မကြိုးစား တော့ဘဲ ကိုကို စက်ာပူ ထွက်သွားသည်။ စက်ာပူမှာ လေးနှစ်ကျော် လောက် ကိုကို နေခဲ့သည်။ မမငြိမ်းကတော့ သီချင်းခွေ သုံးချေ လောက် ထုတ်ဖြစ်ခဲ့၏။

"ကိုမြတ်မိုးက သူ့စိတ်သူ မနိုင်လို့လား၊ ဒါမှမဟုတ် မမငြိမ်း ကို အကြောက်လွန်ပြီး စက်ာပူမှာ သွားနေခဲ့တာလား ပွင့်ဦးခင် ငြိမ်းအေးမေနာမည်နဲ့ မြန်မာသံတွေဆိုတော့ အထိုက်အလို အောင်မြင်တာကို ငါတို့လည်း သတိထားမိလိုက်တယ်၊ သုံးချေ လောက်ထွက်ပြီးတော့ ကြက်ပျောက်ငှက်ပျောက် ဖြစ်သွားရောနော်"

"ကိုကိုက သူ့စိတ်ကိုသူ မနိုင်တာထက် မမငြိမ်းအပေ အရမ်းအကြောက်လွန်သွားခဲ့တာ ဒီနေ့အထိပဲဆိုပါတော့ သူသူရာ





မမငြိမ်း အထိုက်အလျောက် အောင်မြင်တဲ့ကာလတွေကိုပဲ ပြန်ကြည့်ဦးလေ၊ မဂ္ဂဇင်းတွေရဲ့ အင်တာဗျူး မှန်သမျှမှာ သူ အိမ်ထောင်ပျက်ဖူးတာတွေ၊ ကိုကို့အပေါ် ဘယ်လောက်အထိ စွဲလန်းချစ်မြတ်နိုးခဲ့တာတွေကို ဖတ်တဲ့သူတွေ သနားလောက်အောင် အထိ မမငြိမ်း ပြောခဲ့ဆိုခဲ့တာ သူသူ"

"အဲဒီအကြောင်းတွေကို၊ ကိုမြတ်မိုးလည်း တွေ့မိမှာပေါ့ နော် ပွင့်ဦးခင်"

"ဖတ်ဖြစ်မှာပါ သူသူ၊ ကိုကို့ရဲ့ စိတ်ထဲမှာ မမငြိမ်းက ကြီးစိုး လွန်းအားကြီးတယ်၊ ကိုကို့ မွေးနေ့တိုင်းမှာလည်း မမငြိမ်းက သတင်း စာထဲမှာ အမြဲဆုတောင်းစကား ထည့်ပေးလေ့ရှိတယ်၊ သူ့ဘက်က ကိုကို့အပေါ် မပြတ်စဲနိုင်ဘူးဆိုတဲ့ သဘောပေါ့ သူသူရာ"

"ဒါနဲ့ နှစ်နှစ်လောက် သတင်းအစအန မရဘဲ မမငြိမ်း ပျောက်နေခဲ့တာ မဟုတ်လား၊ မင်းတို့ စေ့စပ်ဖြစ်မှ သတင်းစာထဲမှာ ပြန်ပေါ်လာတာလေ၊ အဲဒီကိစ္စကြောင့်ပဲ မင်းတို့ မိသားစု နှစ်ခုစလုံး မှာ ခေါင်းမီးတောက်နေကြတာ မဟုတ်လား"

လူကြီးတွေကတော့ အများအလယ်တွင် အရှက်ရမည့် အရေးကို တွေးပူနေကြ၏။ ကိုကိုကတော့ မမငြိမ်းကို အတော်လေး တုန်လှုပ်နေဖြစ်ခဲ့၏။

သူမကတော့ အားလုံးထက်စာရင် တည်တည်ငြိမ်ငြိမ် ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်ပဲလေ။

* * *

သူသူ သိချင်လို့သာ ဒီအကြောင်းတွေကို ပြန်ပြောမိခြင်း ဖြစ်၏။ တကယ်တော့ သူမအတွက်ကတော့ ဒီအိပ်မက်ဆိုးတွေမှ လွတ်မြောက်ချင်နေမိသည်။ ကိုကိုနှင့်မမငြိမ်းတို့အကြောင်းကို ပြည့်ပြည့်စုံစုံ သိပြီးပြန်တော့ သူမနှင့်ကိုကိုတို့အကြောင်းကို သူသူ စပ်စုလာပြန်၏။

"ဒါနဲ့ မင်းနဲ့ကိုမြတ်မိုးက စက်ာပူက ပြန်လာမှ ချစ်သူတွေ ဖြစ်သွားကြတာလား၊ မင်းက ဟိုးငယ်ငယ်လေးထဲက ကိုမြတ်မိုးကို စွဲလမ်းခဲ့တာတော့ ထားလိုက်ပါ၊ ကိုမြတ်မိုးက မင်းအပေါ် တိမ်းညွတ်လာတာ ဘယ်အချိန်လောက်ကလဲ"

"ကိုကိုက စက်ာပူ ရောက်နေပေမယ့် ငါနဲ့ ဖုန်းအမြဲပြော ဖြစ်ကြတယ်၊ ငါတို့ချင်းက သံယောဇဉ် ရှိပြီးသားလေ၊ မမငြိမ်းသာ ငါတို့ဘဝထဲကို ဝင်မလာဘူးဆိုရင် ကိုကိုက အကြောင့်ကြကင်းကင်းနဲ့ ငါ့ကို ချစ်လာမှာ၊ စက်ာပူကနေ ကိုကိုပြန်ရောက်လာမယ့်နှစ်မှာပဲ ငါနဲ့ကိုကိုတို့ ချစ်သူတွေ ဖြစ်သွားကြတယ်၊ ကိုကို ပြန်မလာခင် ငါ တောင် စက်ာပူကို လိုက်လည်ဖြစ်သေးတယ် သူသူ"





"အေးဟယ်၊ ငါသာ နှင့်နေရာမှာဆိုရင် ဒီလောက်အထိတော့ စိတ်ရှည်ရှည် ကိုမြတ်မိုးကို မျှော်လင့်ဖြစ်မှာ မဟုတ်ဘူး၊ နှင့်မျှော်လင့်ချက် ပြည့်တယ်ဆိုပေမယ့် ဘာတွေဖြစ်လာဦးမလဲ မသိဘူးနော်၊ အားလုံးကတော့ နှင့်ကိုကြည့်ပြီး ရင်ထိတ်နေကြတာ၊ ငါ့အမြင်ပြောရရင်တော့ နှင်က အရမ်းငြိမ်နေသလိုပဲ၊ ဖြစ်လာမယ့် ပြဿနာတွေအပေါ်မှာ နှင် နည်းနည်းလေးတောင်မှ စိုးရိမ်စိတ် မရှိသလိုပဲ"

သူသူ ပြောတာ မှန်သင့်သလောက်တော့ မှန်နေပြန်၏။

သူသူ့ စကားကြောင့်ပင် မဲ့ပြုံးပြုံးလိုက်မိသည်။

"ငါ မမငြိမ်း နှောင့်ယှက်မှာထက် ကိုကိုတစ်ယောက် မမငြိမ်းအပေါ် စွဲစွဲလန်းလန်း ဖြစ်နေမှာကိုပဲ ကြောက်မိတာ၊ ပြီးတော့လည်း မမငြိမ်းနဲ့ ပတ်သက်ပြီး ကြုံရဖန်များလာတော့ ငါ အရေထူးနေတာလည်း ပါမှာပေါ့ဟာ"

"နှင့်သတ္တိကိုရော၊ ကိုမြတ်မိုးအပေါ် ချစ်နိုင်တဲ့ ခံစားမှုအားတွေကိုရော ငါတို့ ချီးကျူးရမှာ အမှန်ပဲ ပွင့်ဦးခင်၊ နှင့်နေရာမှာ ငါသာဆိုရင် ကိုမြတ်မိုးကို ယူဖြစ်မှာ မဟုတ်ဘူး"

"ငါက ကိုကို့အပေါ်မှာ တကယ်ချစ်တာကိုးဟ၊ ငါသစ္စာရဲ့ အင်အားကို ငါယုံတယ်၊ ကိုကိုနဲ့ငါ တစ်နေ့မှာတော့ အနှောင့်အယှက် ကင်းကင်းနဲ့ ပေါင်းရမှာပါဟာ"

သူမရင်ထဲမှာတော့ ဆူးငြောင့်ခလုတ်လေး ရှိနေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com



သူမနှလုံးသားကို ဒဏ်ရာရစေခဲ့သော ဆူးကလေး။ မမငြိမ်းအပေါ် ကိုကို မပြတ်မသား ဖြစ်နေမှာပင် အမြဲတွေးကြောက်နေခဲ့ရ၏။

၂။

ဓမ္မစဝ်ပွဲအပြီးမှာ သုံးလပြည့်သောနေ့၌ လက်ထပ်မည် . . . ဟု အားလုံးက သတ်မှတ်ထားခဲ့ကြသည်။ အခုဆိုရင် တစ်လခွဲ ကျော်ပြီး နှစ်လအတွင်းသို့ပင် ချင်းနင်းဝင်ရောက်လာပြီ ဖြစ်၏။

မေမေတို့ကလည်း မမငြိမ်း ရှိနေနိုင်သောနေရာကို လိုက်စုံစမ်းသည်။ ကိုကို့မိဘတွေကလည်း နေရာအနှံ့ မြေလှန်ပြီး မမငြိမ်းကို ရှာဖွေနေကြ၏။ လက်ထပ်ပွဲမဖြစ်မီ မမငြိမ်းနှင့် ကိစ္စပြတ်ဖို့ အားလုံး စိတ်စောနေကြ၏။

သူမကတော့ မဂ်လာဆောင်ဖိတ်စာများကို အပ်ထားရာမှ



www.burmeseclassic.com

www.burmeseclassic.com



ရွေးယူပြီး ဖြစ်၏။ ဖိတ်စာတွေကို ကားပေါ်မှာတင်ရင်း ကိုကို့အိမ်ကို ဦးဆုံး မောင်းလာဖြစ်သည်။

"ဖိတ်စာတွေတော့ အားလုံး ရွေးလာခဲ့ပြီ အန်တီမိုးမိုး၊ ရက်နှစ်ဆယ်လောက်အလိုကျမှာပဲ လူတွေကို လိုက်ဝေဖို့ စဉ်းစားထားတယ်"

အန်တီမိုးမိုးကတော့ သူမကိုငေးပြီး ကြည့်နေပြန်၏။

မိန်းမချင်း၊ သားသမီးချင်း ကိုယ်ချင်းစာသော စိတ်ဖြင့် ပြောပြန်သည်။

"သမီးလေးကိုကြည့်ပြီး အရမ်းသနားမိတာ အမှန်ပဲ၊ ငြိမ်းအေးမေကို အန်တီတို့ တွေ့အောင်ရှာပေးပါ့မယ်၊ ဘယ်လိုပဲ တောင်းပန်ရ တောင်းပန်ရ အန်တီတို့ မာန်တွေချပြီး တောင်းပန်ပေးဖို့ ဆုံးဖြတ်ပြီးသားပါ၊ ခက်နေတာက ရှာမတွေ့အောင်ကို ငြိမ်းအေးမေက ခြေရာ ပျောက်နေတယ်"

"သူ့ဘက်က ဘယ်လောက်ထိနှောင့်ယှက်နိုင်မှာလဲ အန်တီရယ်၊ မင်္ဂလာပွဲမှာ အရှက်လာခွဲရုံပဲ တတ်နိုင်မှာပေါ့၊ မဟုတ်ဘူးလား"

သူမနှင့်အန်တီမိုးမိုးတို့ စကားပြောနေစဉ်မှာပင် အပြင်မှ ကိုကို ပြန်ရောက်လာ၏။ ကိုကို့မျက်နှာလေးကတော့ မမငြိမ်း၏ သောကတရားကြောင့်ပင် နွမ်းဖတ်ဖတ်လေး ဖြစ်နေသည်။

"သားတို့ သမီးတို့ စကားအေးအေးဆေးဆေး ပြောနေကြ





ဦး"

အန်တီမိုးမိုးကတော့ အလိုက်သိစွာ ရှောင်ပေးသွား၏။

ကိုကိုကတော့ သူမလက်ထဲမှာ ကိုင်ထားသော ဖိတ်စာနမူနာလေးကို အမိအရ လိုက်ကြည့်နေသည်။

"မင်္ဂလာပွဲမှာ ဝတ်ဖို့ ပွင့်ဦးခင်ရဲ့ ဝတ်စုံကတော့ သူသူနဲ့ တိုင်ပင်ပြီး ချုပ်ပြီးသွားပြီ၊ ကိုကို့အတွက်လည်း တွေ့ထားတယ်၊ ဒီရက်ပိုင်းမှာ ကိုကိုနဲ့ အတူတူ သွားဝယ်မယ်နော်"

"ပွင့်ဦးခင်"

"ဘာလဲ ကိုကို"

"ပွင့်ဦးခင် လက်ထဲက . . ."

ကိုကိုက စကားကို ဆုံးအောင် မပြော။

ရယ်မောရွှင်လန်းစွာဖြင့် ဖိတ်စာလေးအား ကမ်းပေးလိုက်၏။

"ဖိတ်စာတွေကို ဒီနေ့ပဲ သွားရွေးခဲ့တာလေ၊ မင်္ဂလာအခမ်းအနားပြင်ဖို့ရော၊ တီးဝိုင်းကိစ္စရော၊ ဂုဏ်သရေရှိလူကြီးတွေ ပန်းကုံးစွပ်ဖို့ကိစ္စတွေရော၊ အစုံပဲ၊ အားလုံးအဆင်ပြေအောင် သူသူနဲ့ရက်ချိန်းတွေ ယူပြီးသွားပြီ ကိုကို"

ကိုကိုကတော့ သူမစကားကို နားထောင်ရင်းက ဖိတ်စာလေးကို အပြန်ပြန်အလှန်လှန် ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာမှ လှိုက်မောသောလေသံဖြင့် တစ်လုံးချင်း ကိုကို ပြောလာသည်။

"ကိုကိုကအစ လူကြီးတွေအဆုံး အားလုံးက မမငြိမ်းနဲ့ ပြေလည်ဖို့ နေရှိသရွေ့ ကြိုးစားနေကြတယ်၊ မင်္ဂလာပွဲကိစ္စကို ခေါင်းထဲ မထည့်နိုင်ကြဘူး၊ ပွင့်ဦးခင်ကတော့ ဒီကိစ္စကို တစ်ခုမကျန် လိုက်စီစဉ်နေတယ်နော်"

"ဟုတ်တယ်လေ ကိုကို၊ ကိုကိုတို့အားလုံးက မမငြိမ်းဆီမှာ အာရုံထားနေကြတာကိုး၊ တော်ကြာ အနားနီးမှ ဟိုဟာ မပြည့်စုံ ဟိုကိစ္စက ကျန်ခဲ့ဆိုရင် ဘယ်ကောင်းပါ့မလဲ၊ ပွင့်ဦးခင်အတွက်ထ တစ်သက်မှ တစ်မင်္ဂလာ ယူရတာလေ၊ ပွင့်ဦးခင်ကိစ္စကို ပွင့်ဦးခင်ပဲ ဦးဆောင်စီစဉ်ရမှာပေါ့"

"မမငြိမ်းကိစ္စက အဓိကမကျဘူးလား ပွင့်ဦးခင်၊ မမငြိမ်း နှောင့်ယှက်လာမှာကို ပွင့်ဦးခင် ထည့်မတွက်တော့ဘူးလား"

ကိုကို့စကားတွေက သူမနှလုံးသားကို အပ်ဖျားနှင့် ထိုးဆွ နေသလိုပင်။

မမငြိမ်းနှင့် ပတ်သက်လာရင် ကိုကို့နှလုံးသားက ဝေဝေဆာ ဝါးနိုင်လွန်းလှ၏။

ဒီကိစ္စကြောင့်ပင် သူမ အမြဲလိုလို ဝမ်းနည်းခဲ့ရ၏။





"ပွင့်ဦးခင်စိတ်ထဲမှာတော့ မမငြိမ်းကို ထည့်မတွက်တာ အမှန်ပဲ ကိုကို၊ ဘာကြောက်စရာရှိလဲ ကိုကိုရယ်၊ သူ့အနေနဲ့ အရှက်ခွဲရုံပဲ ရမယ်၊ တရားဥပဒေအရ သူသာ ကိုကို့ဇနီးဖြစ်ခဲ့တာပဲရှိတယ်၊ ဒီအတွက်လည်း တရားရုံးမှာ ရင်ဆိုင်ရုံပဲ၊ ရင်မဆိုင်ဘူးပဲထားဦး ကိုကို၊ အိမ်ထောင်ကျဖူးတဲ့ ယောကျ်ားတစ်ယောက်ဟာ နောက်အိမ် ထောင်တစ်ခုကို လွတ်လပ်စွာထူထောင်ခွင့်ကို ဥပဒေက ခွင့်ပြုထား တာပဲ၊ မိန်းမတစ်ယောက်ကသာ နောက်အိမ်ထောင်ထူထောင်ရင် ပြဿနာရှိနိုင်တာပဲ"

"ပွင့်ဦးခင်သတ္တိကိုတော့ ကိုကို တကယ်ချီးကျူးတယ်၊ ဘာမှစိုးရိမ်ကြောင့်ကြမှု မရှိတဲ့ သတ္တိမျိုးပဲ"

သူမရင်ထဲမှာ အမြဲကိန်းအောင်းနေသော စိုးရိမ်မှုကိုတော့ ကိုကို မေ့လျော့ထားပုံရသည်။ ဒီအတွက်လည်း စိတ်မကောင်း ဖြစ် ရပြန်သည်လေ။

"ကိုကို"

"ဘာလဲ ပွင့်ဦးခင်"

"ကျွန်မရင်ထဲမှာ စိုးရိမ်စိတ်လွန်နေတာ တစ်ခုတော့ ရှိတယ် ကိုကို၊ ကိုကို အမှတ်မဲ့ထားလို့ မသိတာ ဖြစ်ကောင်းဖြစ်မယ်၊ နေ့နေ့ညည စိုးရိမ်ကြောင့်ကြရတဲ့ အဲဒီသောကကိုတော့ ပွင့်ဦးခင် ဘာသာ အသိဆုံးပါ ကိုကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမအမူအရာနှင့် စကားသံတွေက ချက်ချင်းဆိုသလို ဝမ်းနည်းမှုဆီသို့ ကူးပြောင်းသွားသည်ကို ကိုကို ရိပ်မိမှာ သေချာသည်ပဲ။

"ကိုကို သိခွင့်ရမယ်ဆိုရင် သိချင်တာ အမှန်ပဲ ပွင့်ဦးခင်"

"ပြောပြမယ် ကိုကို၊ အဲဒီကြောင့်ကြမှုသောကတွေကတော့ မမငြိမ်းနောက်ကို, ကိုကို ပြန်ပါသွားမှာကိုပဲ၊ မမငြိမ်းအပေါ် သံယောဇဉ် မပြတ်နိုင်မှာကိုပဲ၊ ကျန်တာတွေအားလုံးကို ပွင့်ဦးခင် သတ္တိရှိရှိနဲ့ ရင်ဆိုင်ရဲပေမယ့် ဒီကိစ္စကိုတော့ ပွင့်ဦးခင် အသည်းမာနိုင်မှာ မဟုတ်ဘူး၊ ကိုကိုနဲ့ ပတ်သက်လာရင် ပွင့်ဦးခင်က ဒုစရိုက်လူပါ ကိုကိုရယ်"

"ကဲပါလေ . . . အဲဒီသောကကို ပွင့်ဦးခင် ဖျောက်လိုက်တော့၊ ကိုကိုကလည်း ရဲရဲအာမခံပါတယ်၊ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် မမငြိမ်းနောက်ကို ပြန်အပါမခံပါဘူး ပွင့်ဦးခင်ရယ်"

ဝေ့တက်လာသော မျက်ရည်စများကို ပုတ်ခတ်လိုက်ရသည်။ ကိုကို့ရင်ခွင်ထဲသို့ မျက်နှာအပ်ထားမိသည်။

ကိုကို့ရင်ခွင် ရှိနေသရွေ့ အရာရာကို သူမ ရင်ဆိုင်ရဲသည်ပဲ။ အတ္တကြီးသည် . . . ဟုပဲ ဆိုဆို ကိုကို့ရင်ထဲမှာ အတွေးထဲမှာ သူမတစ်ယောက်သာ ရှိနေချင်၏။

၃။

သူမတို့အိမ်မှာပင် နှစ်ဘက်မိဘတွေ မျက်နှာစုံညီ တွေ့ဖြစ်ကြသည်။ စကားဝိုင်းမှာ သူမနှင့် ကိုကိုတို့လည်း ရှိနေကြ၏။

သတ်မှတ်ထားသော မင်္ဂလာဆောင်ရက်ရောက်ဖို့ နှစ်ဆယ့်ခုနှစ်ရက်သာ လိုတော့၏။

"ကျွန်တော့်သဘောကတော့ ဦးနိုင်ဦးရာ၊ အခုရိုက်ထားတဲ့ ဖိတ်စာတွေကို ဝေဖို့ ခဏဆိုင်းထားစေချင်တယ်၊ မင်္ဂလာပွဲနောက်ရွှေ့လိုက်လို့ ကုန်ကျမှာထက် အရဲစွန့်ပြီး လုပ်လိုက်လို့ အရှက်ရတဲ့ဖြစ်ကြမှာက ပိုပြီး တန်ဖိုးကြီးနေတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ဖေဖေ ဦးကိုကိုမြတ်ကတော့ အားလုံးအတွက် ချင့်ချိန်ပြီး ဆုံးဖြတ်ချက်ချနိုင်ဖို့ စတင်အဆိုတင်သွင်းလိုက်၏။

ဦးကိုကိုမြတ်၏ စကားနောက်သို့ ဖေဖေကလည်း လိုက်ပါလာ၏။

"ဦးကိုကိုမြတ် ပြောတာ စဉ်းစားရမယ်၊ ငြိမ်းအေးမေကို ကျွန်တော်တို့ အခုထိ ခြေရာမခံမိကြသေးဘူး၊ ဒီဘူငယ်မနဲ့ ကိစ္စပြတ်မှ မင်္ဂလာပွဲကို လုပ်ကြတာ အကောင်းဆုံး ဖြစ်လိမ့်မယ်"

မေမေကတော့ မိန်းမပီပီ တွန့်ဆုတ်နေသေး၏။

"သမီးလေးက အားလုံးကို စနစ်တကျနဲ့ စီစဉ်ပြီးနေပြီ ဒီအတွက်လည်း စဉ်းစားကြပါဦး"

ဒေါ်မိုးမိုးကလည်း မမငြိမ်းအပေါ် အပြစ်ဖို့စကားများဆိုပြီး ဝင်ရောက်ဆွေးနွေးလာသည်။

"ဒီမိန်းကလေးက အကြံအတော်ကြီးတယ်၊ သူက မိန်းမပျက်နီးပါး ဖြစ်နေပြီ၊ ဒီအတွက် သူ့မှာ အရှက်ရှိမှာ မဟုတ်ဘူး ကျွန်မအထင်တော့ သူလုံခြုံအောင်နေမယ်၊ ဒီရက်ပိုင်းမှာ သူ ကျွန်မတို့နဲ့ ဆက်သွယ်လာနိုင်တယ်၊ ကျွန်မတို့တစ်တွေ ယောက်ယက်ခတ်နေတာကို သူသိနေမှာ သေချာသလောက် ရှိတယ်"

ကိုကိုကတော့ အကြံအိုက်သော မျက်နှာဖြင့် အားလုံးကို စေ့စေ့မကြည့်ရဲပေ။ အားလုံးအတွက် အပြစ်ရှိသူဟာ သူ့ကိုယ်သူ





ခံစားနားလည်နေသလား မပြောတတ်။

ဒီကိစ္စအားလုံးအတွက် သူမ အလိမ္မာသုံးမှ ဖြစ်ပေတော့မည်။ ဒီဇာတ်ကို သူမ ကိုယ်တိုင် သိမ်းမှ ပြတ်ပြတ်သားသား ဖြစ်တော့မည်ပဲ။

"သမီး တစ်ခုပြောချင်ပါတယ်"

စီးစီးပိုးပိုးနိုင်လှသော သူမ၏လေသံကြောင့်ပင် အားလုံး စိတ်ဝင်စားသွားကြသည် ထင်၏။

ဦးကိုကိုမြတ်က ခွင့်ပြုသည့်စကားမျိုး ပြောလိုက်သည်။

"ပြောလေ သမီး၊ သမီး ဘာပြောစရာ ရှိလို့လဲ"

"သမီး စဉ်းစားတာက အခုအစီအစဉ်ကို နောက်မဆုတ်ဘဲ ဆက်လုပ်သွားမယ်၊ သမီးတို့အနေနဲ့ ရပ်ထားတယ်ဆိုရင် ရန်သူကို အညံ့ခံသလို ဖြစ်နေလိမ့်မယ်၊ ဒီတော့ ပြဿနာက တော်တော်နဲ့ အဆုံးအဖြတ် ပေးနိုင်မှာ မဟုတ်ဘူး၊ မမငြိမ်းဘက်က တစ်ခုခုလုပ်လာမှ သမီးတို့ ရဲရဲရင်ဆိုင်လိုက်ရုံပဲရှိမယ်၊ အန်တီမိုးမိုး ပြောသလိုလည်း ဖြစ်လာနိုင်တာပဲ"

သူမစကားကြောင့်ပင် လူကြီးတွေ စဉ်းစားသွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်လုံး ငြိမ်သက်နေသော ကိုကိုကလည်း သူမနှင့် တစ်သဘောတည်း ဖြစ်နေ၏။ ကိုကို့မှာ သတ္တိတွေရှိလာပြီမို့ ဝမ်းမြောက်မိပြန်သည်။

"ပွင့်ဦးခင်ပြောတဲ့ သဘောထားကို သားလည်း လက်ခံတယ် ဖေဖေ၊ သူ့ကိုသာတွေ့ပြီး ကြောက်နေရင် သားတို့ ငုတ်တုတ်ထိုင်နေရုံပဲ ရှိတော့မယ်၊ သားတို့အနေနဲ့ လုပ်စရာ ရှိတာကို ပွင့်ဦးခင် ပြောသလို ဆက်လုပ်ရမှာပဲ"

မိဘတွေကတော့ အရာရာကို ထည့်စဉ်းစားနေကြ၏။ သူမတို့နှစ်ဦးကတော့ ဘာဆိုဘာမှ မစဉ်းစားကြပေ။

"သားတို့ သမီးတို့ ဆန္ဒကိုလည်း ဖေဖေတို့ လက်ခံစဉ်းစားပေးမှာပါ။ သားတို့ သမီးတို့ လွတ်လွတ်လပ်လပ် သွားစကားပြောကြဦး၊ ဖေဖေတို့ လူကြီးချင်း ဆက်ဆွေးနွေးလိုက်ကြဦးမယ်"

ကိုကိုက သူမလက်ဖျားလေးကို မသိမသာ ဆုပ်ကိုင်လာ၏။

နေရာမှထဖြစ်တော့ ကိုကို့လက်ကလေး လွတ်ထွက်သွားသည်။

နှစ်ဘက်မိဘတွေ ဆွေးနွေးကြသလို သူမတို့နှစ်ယောက်လည်း စကားတွေ ပြောရဦးမည် ဖြစ်၏။





"လူကြီးတွေကတော့ ကိုကိုတို့ဆန္ဒကို လိုက်လျောပါ့မလား မသိဘူးနော်"

"ပွင့်ဦးခင် စဉ်းစားတာ တစ်ခုရှိတယ်"

"ဘာများလဲ ပွင့်ဦးခင်"

"မင်္ဂလာအကြီးအကျယ် မဆောင်ဖြစ်ရင်တောင်မှ မင်္ဂလာဆွမ်းကျွေးလောက်နဲ့ လုပ်လိုက်ရင် ကောင်းမလားလို့၊ တရားရုံးမှာ လက်မှတ်ထိုးတာကတော့ အရင်အစီအစဉ်အတိုင်းပဲ လုပ်မယ်လေ"

"ပွင့်ဦးခင်အတွက်ရော ကိုကို့အတွက်ပါ မမငြိမ်းကို၊ ကိုကို အရမ်းတွေ့ချင်တယ်"

"ကိုကို တွေ့လို့ မဖြစ်ပါဘူး၊ မမငြိမ်းနဲ့ ပတ်သက်လာရင် ကိုကိုက စိတ်ပျော့လွန်းတယ်၊ ပွင့်ဦးခင်ပဲ မမငြိမ်းနဲ့ တွေ့လို့ရရင် တွေ့မယ်"

ကိုကိုကတော့ ဖြစ်ခဲ့ပျက်ခဲ့သည်များကို နောင်တစကားပြောနေပြန်၏။ ကိုကို့စကားတွေက အခါလွန်မြောက်ခဲ့ပြီပဲ။

"တကယ်တော့ ဒီပြဿနာတွေအားလုံးရဲ့ တရားခံဟာ ကိုကိုပါပဲ၊ မမငြိမ်းနဲ့ မပတ်သက်ဖြစ်ခဲ့ရင် ဒီလိုသောက ရောက်စရာ အဖြစ်ဆိုးတွေနဲ့ ကြုံရမှာ မဟုတ်ဘူး"

တကယ်ပဲ ကိုကို နောင်တရသည်လား။

မမငြိမ်း၏ ချစ်ခြင်းတွေကို မသိရ၊ မမြင်ရလို့ ကိုကို ပြော



www.burmeseclassic.com

www.burmeseclassic.com



နေသည်လား။ မမငြိမ်းနှင့် ပတ်သက်ပြီး စိတ်ဆင်းရဲစရာတွေသာ ကြုံခဲ့၏။ အငြိုးအာဃာတတွေကိုသာ ကိုကို ခံစားခဲ့ရ၏။

မမငြိမ်း၏ အေးချမ်းသော ချစ်ခြင်းတရားကို ကိုကို မခံစားခဲ့ရပေ။ တကယ်လို့များ မမငြိမ်း၏ချစ်ခြင်းတွေကြောင့် ကိုကို့စိတ်တွေ ပျော့ညံ့ခဲ့ရင် သူမ ရင်ကျိုးရမှာ သေချာနေ၏။

* * * * *

၅။

လူကြီးတွေက ဆွေးနွေးကြသည်ဆိုသော်လည်း ဆုံးဖြတ်ချက်တစ်ခုကို ရေရေရာရာ မချနိုင်ခဲ့ပေ။

လူကြီးတွေဆန္ဒနှင့် သူမတို့နှစ်ယောက်ဆန္ဒသည် ဆန့်ကျင်ပြီး စေ့စပ်လို့မရ ဖြစ်နေခဲ့၏။

လူကြီးတွေကတော့ ကွာရှင်းစာချုပ်အတွက် အပြင်းအထန် ငြင်းခုံ[illegible]ပြီးခါမှ . . . မမငြိမ်းကို ခြေရာခံလို့ မရသည့်အတွက် [illegible]တ်မှိုင်ချသွားကြ၏။

သူမတစ်ယောက်တည်း အတွေးများစွာဖြင့် ယောက်ယက်



www.burmeseclassic.com

www.burmeseclassic.com



ခတ်နေစဉ်မှာပင် တယ်လီဖုန်းမြည်သံ ကြားရ၏။

အိမ်မှာတစ်ယောက်တည်း ရှိနေသည်မို့ တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။

"အမိန့်ရှိပါရှင်"

"မိန်းမ . . . ငါပါ၊ နင့်အသံက ဘယ်လိုဖြစ်နေတာလဲ၊ စိတ်ပျက်ငြီးငွေ့တဲ့ လေသံကြီးနဲ့"

သူသူကတော့ သူမကို ကောင်းချီးပေးနေပြန်၏။

ဖုန်းပြောရမှာ စိတ်မပါသည်မို့ အလိုက်သင့်ပင် ပြောလိုက်သည်။

"ဘာလဲ သူသူ"

"ဘာလဲတွေ ဘာတွေ လုပ်မနေနဲ့၊ ငါ့ဆီရောက်နေတဲ့ ဖိတ်စာတွေကို ဝေလိုက်ရတော့မှာလား၊ ငါတော့ ဝေချင်အောင် လက်ယားနေပြီ၊ အခြေအနေကို သိချင်တာနဲ့ လှမ်းမေးကြည့်တာ ပွင့်ဦးခင်"

သူသူ့အမေးစကားကြောင့် အဖြေရကျပ်သွားရသည်။ မဖြေလို့ကလည်း မဖြစ်ပြန်။ အခြေအနေကို သူသူသိအောင် ပြောလိုက်၏။

"မဝေလိုက်နဲ့ဦး သူသူ၊ လူကြီးတွေက ဒီကိစ္စကို တိုင်ပင်တာ မပြတ်သေးဘူး၊ သူတို့က မင်္ဂလာပွဲကိုတောင် နောက်ဆုတ်





ငိုင်းစားနေကြတာ သူသူ"

"နင့်ကို ငါပြောသားပဲ၊ နင့်ဘာသာနင် အားလုံးကို စီစဉ်တာ နင်မှားတာပဲ၊ အားလုံးက စီစဉ်ပြီးသား ဖြစ်နေပြီ၊ ဘယ်လိုလုပ်ကြမလဲ ပွင့်ဦးခင်"

"ငါကတော့ ဒီမင်္ဂလာပွဲကို မဖြစ်ဖြစ်အောင် လုပ်ချင်တာပဲ ဆန္ဒရှိနေတယ်၊ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ပါဘူး သူသူရာ"

"မမငြိမ်းဆိုတဲ့ မိန်းမကတော့ နင့်ကို ကောင်းကောင်းကြီး အတွေ့ပေးနေပြီ"

"မဟုတ်ဘူး သူသူ"

ပြောဖို့လည်း မဖြစ်၊ မပြောပြန်ရင်လည်း တခုခု ဖြစ်နေရ၏။

သူသူကိုယ်တိုင်ကပင် အကြံဉာဏ်ပေးဖို့ ဆွံ့အသွားခဲ့၏။

တကယ်တော့ အားလုံးသော အဖြစ်အပျက်သည် ကိုယ့်အတတ်နှင့်ကိုယ် ပြန်စူးမိနေခြင်းပင် ဖြစ်၏။

* * *

သူသူနှင့် ဖုန်းပြောပြီး စိတ်ပျက်လက်ပျက်ဖြင့် သူမ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်သွားခဲ့သည်။ ဘယ်လောက်ကြာကြာ အိပ်ပျော်သွားသည်တော့ မပြောတတ်ပေ။

ဖုန်းမြည်သံကြောင့်ပင် အိပ်ရာမှလန့်နိုးဖြစ်ခဲ့၏။

ဘယ်သူကများ ဒီလောက်အရေးတကြီး ခေါ်ဆိုနေပါလိမ့် . . . ဟု စိတ်ထဲမှာ အပြစ်တင်မိပြန်သည်။

စိတ်မရှည်စွာဖြင့် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟဲလို . . . အမိန့်ရှိပါ"

"ပွင့်ဦးခင် မဟုတ်လား"

တည်ငြိမ်အေးဆေးလွန်းသော အသံကြောင့်ပင် သူမ ဘုရားတမိပြန်သည်။ ဝမ်းသာအားရဖြင့် ရုတ်တရက် ပြန်မေးဖြစ်လိုက်၏။

"မမငြိမ်း . . . မဟုတ်လား"

မေးလိုက်မိပြီးမှ မှားသွားမှန်း ချက်ချင်း သိလိုက်၏။

တစ်ဘက်မှလည်း အလိုက်သိစွာပင် စကားကို ဖာဖာထေးထေး ပြောလိုက်၏။

"ဘယ်လိုတွေ ဖြစ်ကြတာတုန်း ပွင့်ဦးခင်၊ သတင်းစာကြော်ငြာကို တွေ့လိုက်လို့ လိုက်လာခဲ့တာ၊ အကျိုးအကြောင်းသိရအောင် ပွင့်ဦးခင် လာတွေ့လို့ ဖြစ်တယ် မဟုတ်လား"

"ဖြစ်ပါတယ်၊ ပွင့်ဦးခင်လည်း အရမ်းတွေ့ချင်နေတာ"





"ဒါဆိုရင် မနက်ဖြန်မနက် ကိုးနာရီမှာ တွေ့ကြရအောင် ပွင့်ဦးခင်၊ ရွှေတိဂုံဘုရားပေါ်က စဥ့်ကူးမင်းခေါင်းလောင်းရှိတဲ့နေရာကို သိတယ် မဟုတ်လား၊ မနက်ကိုးနာရီအရောက် လာခဲ့ပေါ့၊ အပြင်က ဆက်နေရတာဆိုတော့ ဖုန်းချလိုက်တော့မယ်နော်"

တည်ငြိမ်အေးဆေးသော လေသံကြောင့်ပင် သူမရင်ထဲမှာ အင်အားတွေ ဖြစ်သွားရသည်။ သူမနှင့်တကွ အားလုံးက တွေ့ချင်နေသော သူက မထင်မှတ်ဘဲ လာဆက်သွယ်၏။

သူမ ရှုပ်ခဲ့သောဇာတ်လမ်းကို အဆုံးသတ်ပေးမယ့်သူက သူ့အလိုလို ပေါ်လာခဲ့သည်ပဲ . . . ။

သူမအကြောင်းနှင့် သူမမို့ လူသိမခံဘဲ မနက်ကိုးနာရီမှာ သွားရောက်တွေ့ဆုံရပေမည်။

ဖုန်းချလိုက်ပြီး မရှေးမနှောင်းမှာပင် မေမေနှင့်ဖေဖေတို့ ပြန်ရောက်လာကြ၏။ သူမ ဖုန်းပြောနေတာကိုတော့ မေမေတို့ မြင်လိုက်ကြပေမယ့် မည်သူမည်ဝါနှင့် ပြောဆိုသည်ကိုတော့ မေမေတို့ သိနိုင်မည် မထင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့ ဖုန်းပြောတာလဲ သမီး၊ မောင်မြတ်မိုးဆီက ဖုန်းလား"

မေမေ့စကားကြောင့်ပင် လိပ်ပြာမလုံချင် ဖြစ်သွားမိသည်။ မုသားမကင်းစွာဖြင့် ပြန်ဖြေရသည်။

"မဟုတ်ဘူး မေမေ၊ သူသူ့ဆီက ဖုန်းပါ"

"တဲ . . . အမေကြီးရေ ကျွန်မတို့ တိုင်ပင်ဆုံးဖြတ်တဲ့ကိစ္စကို သမီးလေး သိအောင် ပြောလိုက်ပါဦး"

ဖေဖေက တစ်ခုခု ပြောမည်ဟန်ပြင်၏။ ဖေဖေ မပြောခင် သူမ အမြန်ပြောလိုက်ရသည်။

"အရင်စီစဉ်ထားတဲ့အတိုင်းပဲ ဆက်လုပ်လို့ရပြီ မေမေ၊ ဖေဖေတို့ အသင့်လုပ်ထားတဲ့စာချုပ် ဘယ်သူ့ဆီမှာလဲဟင်"

"ဘာဖြစ်လို့ စာချုပ်ကို မေးရတာလဲ သမီး၊ ဒီကိစ္စက ဖြစ်မှ ဖြစ်မလာနိုင်တော့ပဲဥစ္စာ"

"မဟုတ်သေးဘူး ဖေဖေ၊ အဲဒီကွာရှင်းစာချုပ်ကိစ္စကို သမီး တာဝန်ယူလို့ရပြီ၊ သမီး အဆင်ပြေအောင် လုပ်ပေးနိုင်တယ်"

ဖေဖေရော မေမေပါ မျက်လုံးပြူးသွားကြ၏။ မေမေက သူမနားသို့ တိုးကပ်လာပြီး ကိုယ်တွေဘာတွေ စမ်းနေ၏။

"သမီးလေး နေကောင်းပါတယ်နော်"

"ကောင်းပါတယ် မေမေ၊ စာချုပ်က ဘယ်သူ့ဆီမှာလဲ၊





မေမေ့တို့ဆီမှာလား၊ ကိုကိုတို့ဆီမှာလား"

"ငါ့သမီးလေးက ဘာလုပ်ပေးနိုင်မှာမို့လဲ၊ စာချုပ်ကတော့ ဦးကိုကိုမြတ်တို့ဆီမှာ ရှိနေမှာပေါ့"

"နောက်ဆုံးအနေနဲ့ သမီး ကြိုးစားကြည့်ချင်တယ် မေမေ၊ နောက်ဖြစ်မှ သမီးရဲ့ ကြိုးစားမှု မအောင်မြင်ရင် မေမေတို့ ကြိုက်သလိုသာ စီစဉ်ပါတော့"

"သမီး အရမ်းစိတ်လှုပ်ရှားနေတယ် ထင်တယ်၊ သမီး ဆေးခန်းပြချင်လား၊ ဒါမှမဟုတ် ဆရာဝန် ခေါ်ပေးရမလားဟင်"

မေမေကတော့ စိုးရိမ်စိတ်လွန်ကဲပြီး သူမစိတ်ရောဂါ မှုမမှန်တော့ဘူး . . . ဟု ယူဆသွားပုံရ၏။ အခုအချိန်မှာတော့ မေမေတို့ အို ရှင်းပြလို့ ဖြစ်ဦးမည် မထင်ပေ။

မနက်ဖြန်မနက်စောစော ကိုကိုတို့အိမ်ကို အရင်ဝင်ရမည် . . . ဟု တွေးလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com

## ၅။

မနက်ရှစ်နာရီ မထိုးခင်မှာပင် ကိုကိုတို့အိမ်သို့ အရောက် သွားဖြစ်သည်။ ကိုကိုတစ်ယောက် စောစီးစွာ အိပ်ရာမှ နိုးနှင့်နေ၏။

"သမီးလေး ဒီမှာ ခဏစောင့်နေဦးနော်၊ သမီးရောက်နေတာကို အန်တီ သွားပြောလိုက်ဦးမယ်"

ဒီအိမ် ဒီနေရာမှာ တစ်ချိန်တုန်းက သူမ ကြာရှည်စွာ နေထိုင်ခဲ့ဖူး၏။ ကိုကို စက်ာပူသွားပြီးသည့် နောက်ပိုင်းမှာတော့ သူမတို့မိသားစုအားလုံး ရန်ကုန်ကို ပြောင်းရွှေ့နေဖြစ်ကြသည်။

ကိုကို ရောက်မလာခင်မှာပင် ဧည့်ခန်းမှာ ရှိနေသော



www.burmeseclassic.com

www.burmeseclassic.com



စာကြည့်စားပွဲကို မျက်စိက ရောက်သွား၏။

နေရာမှထပြီး စားပွဲရှိရာသို့ ချက်ချင်း ရောက်သွားမိသည်။ သူမ လိုချင်နေသော စာချုပ်နှစ်ခုကို ဖြီးစလွယ် တွေ့လိုက်ရ၏။ မမငြိမ်းနှင့်ကိုကိုတို့ ကွာရှင်းနိုင်ဖို့ အသင့်လုပ်ထားသော စာချုပ်နှစ်ခုကို ကမန်းကတန်း ဖွက်ယူလိုက်၏။

"ပွင့်ဦးခင်"

ကိုကို့ခေါ်သံကြောင့်ပင် လိပ်ပြာလန့်သွားမိသည်။ ကိုကိုကတော့ သူမ လုပ်ခဲ့သည့်အဖြစ်ကို သိမည့်ပုံ မပေါ်ပေ။

"ကိုကို စောစောနိုးနေသားပဲ"

"ဟုတ်တယ် ပွင့်ဦးခင်၊ တောင်တွေးမြောက်တွေးနဲ့ ကောင်းကောင်း အိပ်မပျော်ပါဘူး"

"ကိုကို အိပ်မက်မက်သေးလား"

"ဘာအိပ်မက်လဲ၊ ဘာအတွက် မက်ရမှာလဲ ပွင့်ဦးခင်"

"မမငြိမ်းကိုများ အိပ်မက်မက်သေးလားလို့ပါ"

"မက်လောက်စရာ မရှိတော့တဲ့ အဖြစ်ပါပဲ၊ ကိုကို့စိတ်ထဲမှာ သူနဲ့ပတ်သက်ပြီး ဘာဆိုဘာမှ မကျန်တော့ပါဘူး ပွင့်ဦးခင်ရယ်"

ဖြစ်ပျက်ခဲ့သော အခြေအနေတွေအရ ကိုကိုနှင့်တကွ အားလုံးသောသူများမှာ မမငြိမ်းကြောင့် စိတ်ပန်းကိုယ်နွမ်း ဖြစ်ခဲ့ရ





သည်ပဲ။

အတိတ်တုန်းကတော့ မမငြိမ်းခေါ် ငြိမ်းအေးမေသည် ရှုးသွပ်မိုက်မဲသော မိန်းမတစ်ယောက် ဖြစ်ခဲ့ဖူးသည်။

သူမ သွားရမည့် ခရီးမှာ ကိုကို ပါလာရင် ကောင်းပါမည်လား . . . ဟု တွေးမိပြန်၏။

"ကိုကို ပြောတာတွေကို ကြားတယ် မဟုတ်လား ပွင့်ဦးခင်၊ ဘာတွေ တွေးနေတာလဲ"

"ဘာရယ်တော့ မဟုတ်ပါဘူး ကိုကိုရယ်၊ ပွင့်ဦးခင်လည်း စိတ်ထဲမှာ တွေနေတာနဲ့ ကိုကို့ဆီ ထွက်လာခဲ့တာ"

"စိတ်ညစ်မနေနဲ့ ပွင့်ဦးခင်၊ ဖြစ်လာမှတော့ ကိုကိုတို့ ရင်ချင်းအပ်ပြီး ရင်ဆိုင်ကြရုံပဲ ရှိတော့တာပေါ့"

ကိုကိုနှင့်စကားကောင်းနေစဉ်မှာပင် နာရီကို သတိထားမိလိုက်၏။

မနက် ရှစ်နာရီနှစ်ဆယ် ရှိပြီမို့ ကိုကို့ကို နှုတ်ဆက်ပြီး ထွက်လာခဲ့ရသည်။

"သွားတော့မယ် ကိုကို၊ ဒီနေ့ ကိုကို ဘယ်မှမသွားနဲ့၊ ပွင့်ဦးခင် ပြန်လာခဲ့မယ်"

ကိုကိုကတော့ သူမကို ဘယ်လို နားလည်မည် မသိပေ။ အခုချက်ချင်း ရောက်လာပြီး အခုချက်ချင်း ပြန်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



သော သူမအဖြစ်ကို စဉ်းစားကောင်း စဉ်းစားနေပေလိမ့်မည်။

* * *

ဘုရားပေါ်သို့ ရောက်သွားတော့ မနက်ကိုးနာရီ မထိုးသေးပေ။ ကိုယ့်အပူနှင့်ကိုယ်မို့ ဘုရားရှိခိုးဖို့ကိုပင် မေ့မေ့လျော့လျော့ ဖြစ်ရပြန်သည်။

စဥ့်ကူးမင်းခေါင်းလောင်း ရှိရာသို့ သွားနေသော သူမ ခြေလှမ်းတို့မှာ မောပန်းမှုတွေ ကပ်ငြိနေသည်ပဲ။

"ဒကာမလေး ပွင့်ဦးခင်"

နောက်ဘက်ဆီမှ ခေါ်လိုက်သော အသံကြောင့်ပင် သူမ ခြေလှမ်းတို့ ချက်ချင်းတုံ့ဆိုင်းသွားရသည်။

လှည့်အကြည့်မှာပင် တည်ငြိမ်အေးဆေးသော မျက်နှာနှင့် မမငြိမ်းကို သီလရှင်ဝတ်နှင့် တွေ့လိုက်ရ၏။

ဒီတစ်ခါတော့ သူမနှုတ်မှ ယောင်မှားပြီး နာမည်မခေါ်ဖြစ်တော့ပေ။

"ဆံရာလေး"

"ဒကာမလေးမှာ ဇောတွေဘယ်လောက်များနေလဲ မသိဘူး။ ဆရာလေးကိုတောင် မမြင်နိုင်ဘဲ ကျော်တက်သွားလိုက်





တာ၊ ဘုရားဝတ်ပြုပြီးပြီလား ဒကာမလေး"

အပူသောက မကင်းသော ဟန်ပန်ဖြင့် ခေါင်းခါပြလိုက်မိ၏။

"ကဲပါ၊ ဘုရားအရင်ဝတ်ပြုရအောင်၊ ပြီးမှ ဘာတွေဖြစ်ခဲ့တယ်ဆိုတာကို ပြောကြဆိုကြတာပေါ့"

ဆရာလေးနှင့် အတူတူ ဘုရားဝတ်ပြုမိသည်။ ဆရာလေးတတော့ ဘုရားကို ကြည်ညိုစွာဖြင့် ဝတ်ပြုနေ၏။ သူမ၏ ဝတ်ပြုခြင်းကတော့ ယာယီမျှသာ ကြာလေသည်။ ဘာပဲပြောပြော ဆရာလေးကို ကြည့်ရတာ အတော်လေး စိတ်ချမ်းသာနေပုံရ၏။

သူမနှင့် နောက်ဆုံးဖြစ်စဉ်ကပင် မမငြိမ်းဘဝမှာကတည်းက မာန်မာနတွေ လျှော့ပါးစပြုနေခဲ့သည်ပဲ။

* * *

"ပထမပါလာတဲ့ ဒကာမလေးတို့ရဲ့ စေ့စပ်ကြောင်းလမ်းခြင်း သတင်းကိုတွေ့ရတော့ အဆင်ပြေပါစေလို့ ဆုတောင်းရသေးတယ်၊ နောက်ထပ်ပါလာတဲ့ ကြော်ငြာကြောင့် ဘာလုပ်လို့ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကုန်မှန်း မတွေးတတ်အောင် ဖြစ်ခဲ့ရတာ၊ လာမယ်လာမယ်နဲ့ စီစဉ်ပေးမယ့် ရက်တွေက ကြာသွားခဲ့တယ်လေ၊ မင်္ဂလာဆုတောင်းကို ဘယ်သူထည့်လိုက်တာလဲ ပွင့်ဦးခင်"

"ဆရာလေး အပြစ်တင်လည်း ခံရမှာပါ၊ ဆရာလေးနာမည်ကို အသုံးချပြီး တပည့်တော်မပဲ ထည့်လိုက်တာပါ၊ ဒီကြော်ငြာကို မြင်ပြီး ကိုကို ဘာဖြစ်မလဲဆိုတာကို သိချင်လို့ပါ၊ ဆရာလေးနဲ့ ပတ်သက်ပြီး သံယောဇဉ် ကျန်သေးလားလို့ စိတ်စမ်းကြည့်မိတာပါ"

သူမအပြစ်ကတော့ ငိုအားထက် ရယ်အားသန်နေသေးတော့၏။

ဆရာလေးကတော့ သူမစကားကို နားထောင်ပြီးမှ ယုံယုံပြုံးသည်။

"ဒါဆိုရင် သီလရှင်ဝတ်မယ်လို့ ဆုံးဖြတ်ပြီးမှ နောက်ဆုံးတွေ့ခဲ့တာတွေ၊ ပြောခဲ့တာတွေကို ဒကာမလေးကလွဲလို့ ကျန်တဲ့သူတွေ မသိကြသေးဘူးပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် ဆရာလေး၊ မမငြိမ်းဘဝနဲ့ နောက်ဆုံးတွေ့ခဲ့ကြတာတွေ၊ ပြောခဲ့ကြတာတွေကို တပည့်တော်မ စိတ်ထဲမှာသိမ်းထားဖြစ်ခဲ့ပါတယ်၊ ဒီအကြောင်းတွေကို ကိုကို သိသွားခဲ့ရင် စိတ်ပြန်လည်မှာစိုးလို့ပါ၊ တကယ်တော့ တပည့်တော်မ အတ္တကြီးတာပါ၊ အခုလည်း အဲဒီအတ္တကြောင့်ပဲ တပည့်တော်မ အပူမီးလောင်





ကျွမ်းနေရပါပြီ"

"အင်းလေ၊ ဒကာမလေးကိုလည်း အပြစ်ပြောမနေချင်တော့ပါဘူး၊ အကြောင်းကြောင့် အကျိုးဖြစ်ခဲ့ရတာ မဟုတ်လား၊ ဆရာလေး လူ့ဘဝတုန်းက ဒီထက်တောင် ဆိုးခဲ့ပါသေးတယ်၊ ကဲပါလေ . . . ဟိုတုန်းက ကိစ္စတွေကို နောက်ကြောင်းပြန်ပြောနေလို့လည်း အပိုပါပဲ၊ အခု ဘာတွေဖြစ်နေလဲ၊ ဆရာလေး ဘာတွေလုပ်ပေးရမလဲ၊ ဆရာလေး တွေးတာ မှန်နေတယ်၊ ဒကာမလေး ကိုယ့်ပြဿနာနဲ့ကိုယ် ရှင်းမရ လင်းမရတွေ ဖြစ်နေမယ်ဆိုတာကို တွေးမိလို့ လိုက်လာခဲ့ရတာပဲ"

"ရှင်းမရတော့တာ တကယ့်ကို သေချာပါတယ် ဆရာလေး၊ တပည့်တော်မ ထည့်လိုက်တဲ့ အဲဒီကြော်ငြာကြောင့်ပဲ နှစ်ဘက်မိဘတွေ အကျပ်ရိုက်သွားကြတယ်၊ ဆရာလေးကို တွေ့အောင် သူတို့တွေ ရှာကြတယ်၊ အချိန်တန်ရင် သူ့ဘာသာသူ ပြီးသွားလိမ့်မယ်လို့ ထင်ခဲ့တာ၊ အားလုံးက သူ့အလိုလို မပြီးဆုံးဘဲ ရှင်းမရ လင်းမရတွေ ဖြစ်တော့တာပဲ"

"ဘာလဲ ဒကာမလေး၊ တရားဝင် ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးနိုင်ဖို့ သူတို့တွေ ကြိုးစားကြတာ မဟုတ်လား၊ ဆရာလေး ကူညီရမယ့် ကိစ္စကလည်း အဲဒီစာချုပ်မှာ လက်မှတ်ထိုးပေးရမှာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါတော့ ဆရာလေးရယ်၊ ဆရာလေးကို ဒုက္ခအပို ပေးမိသလို ဖြစ်နေပါပြီ"

"အဲဒီစာချုပ် ဒကာမလေးနဲ့အတူ ပါလာခဲ့လား"

မထူးတော့ပြီမို့ လက်စနှင့် ကိစ္စဖြတ်လိုက်ရတော့သည်။

သူမ ဝှက်ယူလာခဲ့သော စာချုပ်နှစ်ခုကို အသင့်ဖြန့်ချပေးလိုက်သည်။ လက်မှတ်ထိုးနိုင်ရန်အတွက် ခရေဘောလ်ပင်လေးကိုပါ ချပေးလိုက်သည်။

ဆရာလေးကတော့ ပေါ့ပါးသွက်လက်စွာပင် စာချုပ်နှစ်ခုပေါ်မှာ လက်မှတ်ရေးထိုးပေးနေ၏။

"ဒီစာချုပ်နှစ်ခုစလုံးကို ဒကာမလေးပဲ ပြန်ယူသွားပြီး သူတို့ကို ပြလိုက်ပါ၊ ဒကာမလေးတို့ မင်္ဂလာပွဲကို မလာနိုင်တဲ့အတွက်တော့ နားလည်ပေးပါနော်၊ အဝေးကနေပဲ ဒကာမလေးတို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်စေဖို့ ဆုတောင်းမေတ္တာပို့ပေးတော့မယ်၊ ဆရာလေးတို့ လမ်းခွဲကြရအောင်၊ ဒီကပြန်တာနဲ့ ဆရာလေးလည်း စစ်ကိုင်းကို ပြန်ဖို့ စီစဉ်ရဦးမယ်"

ပြောပြောဆိုဆိုပင် ဘုရားဝတ်ပြုလိုက်ပြန်၏။ သူမပါ ရောယောင်ပြီး ဝတ်ပြုမိသည်။

ဆရာလေးက သံယောဇဉ်ကင်းစွာဖြင့် ထွက်ခွာသွားနိုင်ပေမယ့် သူမကတော့ နေရာမှာပင် အပူမီးတွေ တောက်လောင်ပြီး





ကျန်ရစ်ခဲ့ရသည်ပဲ . . .။

အတိတ်တစ်ချိန်တုန်းက ဆုံးဖြတ်ခဲ့တာတွေ၊ ပြောခြင်ခဲ့သော စကားတွေကို အလိုလို ကြားယောင် မြင်ယောင်မိပြန်သည်လေ။

www.burmeseclassic.com

www.burmeseclassic.com

၆။

ကိုကို့ထံမှ "ချစ်တယ်" ဆိုသော စကားကို ကြားရပြီး နှစ်လပြည့်သောနေ့မှာပင် ဖြစ်၏။ သူငယ်ချင်းတစ်ယောက် ဆေးရုံတက်ရသောကြောင့် ရန်ကုန်ဆေးရုံကြီးသို့ လူမမာမေး သွားဖြစ်ခဲ့သည်။

လူမမာမေးပြီး အခန်းထဲမှာပင် ယိုင်နဲ့နဲ့ဖြင့် လျှောက်လာသော အမျိုးသမီးတစ်ဦးက သူမကို နှုတ်ဆက်လိုက်၏။

"မင်း ပွင့်ဦးခင် မဟုတ်လားဟင်"

ပိန်ချုံးကျနေသောကြောင့်ပင် မြင်ရုံဖြင့် မမငြိမ်း . . . ဟု မှတ်မိနိုင်ခြင်း မရှိချေ။ သေသေချာချာကြည့်မှ မမငြိမ်းဆို အကဲဖမ်း



www.burmeseclassic.com

မိ၏။

"မမငြိမ်း"

ဆေးရုံပေါ်မှာ ဒီလိုအနေအထားမျိုးနှင့် ဆုံဖြစ်လိမ့်မည် . . . ဟု အိပ်မက်ပင် မမက်ခဲ့ပေ။ ရောဂါဖိစီးမှုဒဏ်ကြောင့်ပင် မမငြိမ်းတစ်ယောက် လူလုံးမလှ ဖြစ်နေရရှာ၏။

"ပွင့်ဦးခင်ကို ရုတ်တရက်တွေ့လိုက်ရတော့ ဆွေမျိုးရင်းချာ တစ်ယောက်ကို တွေ့လိုက်ရသလိုမျိုး မမငြိမ်း ခံစားလိုက်ရတယ်"

မမငြိမ်း၏ စကားတွေကြောင့်ပင် ကရုဏာဖြစ်သွားပြီးမှ . . . . ကိုကို့မျက်နှာကို မြင်လာမိ၍ တွန့်ဆုတ်သွားရပြန်သည်။ လူမမာသည်အဖြစ် ဆေးရုံတက်နေရသည့်အတွက်တော့ မကောင်းတတ်၍ သတင်းမေးလိုက်ရသည်။

"မမငြိမ်း ဆေးရုံတက်နေတာလား"

"ဆိုပါတော့ ပွင့်ဦးခင်ရာ၊ ပေခဲ့တေခဲ့တဲ့ ဒဏ်ရာဒဏ်ချက်တွေရယ်၊ ငှက်ဖျားရယ် ပေါင်းပြီး နှိပ်စက်တာလေ၊ ဒါနဲ့ မောင်ရော ပွင့်ဦးခင်"

ကိုကို့ကို မေးလာတော့ နေရာမှလှည့်ထွက်သွားချင်စိတ် ပေါက်သွားမိသည်။ ချက်ချင်းစကားမပြန်သည်ကို မမငြိမ်း ရိပ်မိသွားပုံရ၏။

"မောင့်ကို ရုတ်တရက်ကြီး မေးလိုက်လို့ မင်းစိတ်ထဲမှာ





တစ်မျိုးဖြစ်သွားသလား ပွင့်ဦးခင်၊ မောင်နဲ့တို့က ဘဝခြားသွားပြီ မောင့်ကို နှောင့်ယှက်ဖို့ တို့မှာ အင်အားတွေ မရှိတော့ပါဘူး"

မမငြိမ်းစကားကိုတော့ သိပ်ယုံကြည်လို့ မဖြစ်ပေ။ ကိုကိုနှင့် ပတ်သက်ပြီး သာသာထိုးထိုးလေးတော့ ပြောဖြစ်လိုက်သည်။

"ကိုကို စက်ဘူရောက်နေတာ လေးနှစ်ထဲ ရောက်နေပြီ၊ ဒီနှစ်ကုန်ရင်တော့ ကျွန်မတို့ လက်ထပ်ဖို့ကိစ္စအတွက် ကိုကို ပြန်လာဖြစ်မယ် ထင်တယ်၊ ကိုကို ပြန်မလာခင်မှာ ကျွန်မလည်း စက်ဘူကို အလည်လိုက်သွားဖို့ ရှိတယ်"

"မောင့်အကြောင်းကို မေးလိုက်တော့ တို့က အနှောင့်အယှက်ပေးမယ်လို့ မင်းထင်လိုက်တာ မဟုတ်လား၊ တို့ဘဝ မပျက်ခင်အထိတော့ တစ်နေ့မှာ မောင့်ကို ရအောင် ပြန်ယူမယ်လို့ အမြဲပဲ စိတ်ကူးရှိတယ်၊ အခုတော့ ဒါတွေအားလုံး ပြီးဆုံးခဲ့ပါပြီ၊ အခု လောက်ဆိုရင် မောင်လည်း တို့ကို နာကြည်းနေလောက်ပြီ ထင်တယ် . . . ဟုတ်တယ် မဟုတ်လား ပွင့်ဦးခင်"

"ဒါကတော့ မမငြိမ်း လုပ်ခဲ့တဲ့ကိစ္စတွေကြောင့် ကိုကိုက ဒီလိုစိတ်မျိုး ဖြစ်သွားရတာပဲ၊ တကယ်ဆို မမငြိမ်းက ကိုကို့ကို တကယ်မချစ်ဘဲ အသိုင်းအဝိုင်းကို လက်စားချေချင်တာနဲ့ တမင် နှိပ်စက်ခဲ့တာပဲ"

ကိုကိုနှင့် ပတ်သက်ပြီး မမငြိမ်းအပေါ် စွဲချက်တွေ တင်မိ

www.burmeseclassic.com



ပြန်သည်။ သူမစကားတွေကြောင့်ပင် မမငြိမ်း မျက်နှာလေး ပိုလို့ အိုစာသွား၏။

* * *

"မောင်နဲ့ပတ်သက်ပြီး ဒီထက်မက ပြောသင့်ပါတယ်၊ တို့ မနာပါဘူး၊ တကယ်လည်း ဒီလိုဖြစ်ခဲ့တာကိုး၊ တို့ မောင့်ကို ချစ်ခဲ့ တယ်၊ ဒါပေမယ့် တို့ရဲ့ ကလဲ့စားချေချင်တဲ့စိတ်က ရင်မှာ ကြီးလွှ အားကြီးခဲ့တယ်၊ မောင့်ကို သံယောဇဉ် မဖြစ်ဖို့ မောင့်ကို မချစ်မိ ဖို့ တို့ ကြိုးစားခဲ့တယ်၊ မောင်နဲ့ဝေးမှ မောင့်ကို လက်လွှတ်ဆုံးရှုံးမ မောင့်ကို သံယောဇဉ်ဖြတ်မရမှန်း ချစ်နေမိမှန်း တို့ သိခဲ့ရတာ ဒါပေမယ့် အများကြီး နောက်ကျသွားခဲ့ပြီလေ၊ မောင်နဲ့ ဝေး နောက်ပိုင်း တို့ဘဝက ဖြစ်သလိုဘဲ ကြုံတဲ့နေရာမှာ လေလွင့်ပျက် ခဲ့တယ်၊ တစ်ရက်ထက်တစ်ရက် ဒီကမ္ဘာအတွက် မောင်နဲ့ဝေးဖို့ ဖြ ဖြစ်လာခဲ့တယ်"

ကိုကိုသာ ဒီစကားတွေကို ကြားနာခဲ့ရင်တော့ မမငြိ နောက်ကို ပြန်ပါသွားမှာ သေချာ၏။ မမငြိမ်းအပေါ် ကိုကို ငြိတွ ခဲ့တာကို သူမ သိနေသည်ပဲ။

"ဘာလဲ မမငြိမ်း၊ ကိုကိုနဲ့ကျွန်မ လက်ထပ်ဖြစ်တော့မ





လို့ ပြောလိုက်မိလို့ ဒီစကားတွေကို တမင်ပြောပြနေတာလား"

"မဟုတ်ဘူး ပွင့်ဦးခင်၊ မောင့်အသိုင်းအဝိုင်းက တို့ မောင့်ကို နှောင့်ယှက်လိမ့်မယ်လို့ ဒီနေ့အထိ ယုံကြည်နေကြမှာပဲ၊ အဲဒီအထဲမှာ ပွင့်ဦးခင်လည်း ပါကောင်းပါမယ်၊ ပွင့်ဦးခင်ကို တို့ တစ်ခါတည်း ပြောလိုက်ချင်တယ်၊ ပွင့်ဦးခင်နဲ့မှ မဟုတ်ဘူး၊ ဘယ်မိန်းကလေးနဲ့ပဲဖြစ်ဖြစ် တို့ လုံးဝမနှောင့်ယှက်ဘူး၊ တို့နဲ့ လက်ထပ်စာချုပ်ထိုးခဲ့ဖူးတာကို ပယ်ဖျက်ပေးဆိုလည်း တို့ အသာ တကြည်ပဲ လက်မှတ်ထိုးပေးဖို့အထိ စိတ်ကူးပြီးသားပါ၊ တို့ရဲ့ ခန္ဓာကိုယ်ရော၊ စိတ်တွေပါ မသန့်ရှင်း မစင်ကြယ် ဖြစ်ခဲ့ပြီးပြီပဲ၊ တို့ဟာ မောင်နဲ့ထိုက်တန်တဲ့ မိန်းမတစ်ယောက် မဖြစ်နိုင်တော့ဘူး ပွင့်ဦးခင်၊ ဆေးရုံက ဆင်းတာနဲ့ ရန်ကုန်မှာ တို့မနေတော့ဘူး၊ ကျန်းမာပြီး သွားနိုင် လာနိုင်ပြီဆိုတာနဲ့ လူ့ဝတ်ကြောင်ဘဝကို စွန့်ပြီး သီလရှင်ဝတ်ဖို့ ဆုံးဖြတ်ပြီးသားပါ"

မမငြိမ်းကတော့ သူမ ထင်ထားသည်ထက်ပင် ကိုယ်ရော စိတ်ပါ အပြောင်းအလဲကြီး ပြောင်းလဲနေလေ၏။

မမငြိမ်းဘဝ ဖြစ်တည်မှုနှင့် သံယောဇဉ်တရားတို့နှင့် ကင်း ဝေးရမှုအပေါ် ကရုဏာစိတ် ဖြစ်သွားရသည်။

"မမငြိမ်းကို ကျွန်မ တောင်းပန်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအတွက်လဲ ပွင့်ဦးခင်"

"ကျွန်မဘဝမှာ ကိုကို့ကို စွဲစွဲလန်းလန်း ချစ်မြတ်နိုးခဲ့တယ်၊ မမငြိမ်း ရုတ်တရက် ဝင်လာပြီး ကိုကို့ကို ဆွဲထုတ်သွားလို့ အငြိုးထားခဲ့တာတော့ အမှန်ပဲ၊ ဒီနေ့တွေ့တွေ့ခြင်းမှာလည်း ကိုကို့ကို ပြန်ပြီးတော့ အရယူဖို့ ကြိုးစားမှာပဲလို့ ထင်မိတယ်၊ ကိုကိုနဲ့ ပတ်သက်ပြီး မမငြိမ်းအပေါ် သံသယစိတ်တွေနဲ့ ဆက်ဆံမိတဲ့အတွက် တောင်းပန်ချင်တာပါ"

"မလိုပါဘူး ပွင့်ဦးခင်ရယ်၊ ပွင့်ဦးခင် မတောင်းပန်ခင်ကတည်းက မမငြိမ်း ကျေနပ်ပြီးသားပါ၊ မမငြိမ်းကလည်း ပွင့်ဦးခင်ကို တောင်းပန်စရာ ရှိတယ်"

"ဘာအတွက်များလည်း မမငြိမ်း၊ ဒီနေ့ မမငြိမ်းတို့ ဆုံဖြစ်တာတွေ၊ မောင်နဲ့ ပတ်သက်ပြီး မမငြိမ်း ပြောခဲ့ဆိုခဲ့တာတွေကို မောင်နဲ့ တွေ့တဲ့အခါ ချက်ချင်းကြီး ပြန်မပြောမိစေဖို့ပဲ၊ ပွင့်ဦးခင်တို့ ဘဝတစ်ခု တည်ဆောက်ပြီးလို့ နှစ်တွေကြာသွားခဲ့ရင်တော့ ပြောချင်ပြောပါ၊ ဒီအတွက်နဲ့ ပွင့်ဦးခင်ကို မမငြိမ်း တောင်းပန်ချင်တာပါ"

မမငြိမ်း ဒီစကားမျိုး မပြောလည်း သူမအဖို့ ကိုကို့အပေါ် ထိန်ချန်ထားမှာက အသေအချာပင် ဖြစ်သည်။

မမငြိမ်းအတွက်ကိုတော့ သူမ တစ်ခုခုလုပ်ပေးချင်၏။ အသင့်ပါလာသောငွေနှင့် သူမလိပ်စာကတ်ကို မမငြိမ်းအား





ပေးလိုက်မိသည်။

"ဒီငွေတွေကို မမငြိမ်း လက်ခံပါ၊ လိပ်စာကတ်လည်း ပေးလိုက်မယ်၊ အခက်အခဲ တစ်ခုခုရှိရင် ဆက်သွယ်လို့ ရတာပေါ့ မမငြိမ်း မငြင်းပါနဲ့"

"မလိုချင်ပါဘူး ပွင့်ဦးခင်ရယ်၊ မင်းငွေတွေကို မင်းပြန်ယူထားလိုက်ပါ"

"ယူပါ မမငြိမ်း၊ မမငြိမ်း သီလရှင်ဝတ်တဲ့အခါ ကျွန်မနဲ့ ကိုကိုတို့ရဲ့ မင်္ဂလာဦးအထိမ်းအမှတ်အဖြစ် ကုသိုလ်ဖြစ်အောင် လှူတယ်လို့ပဲ သဘောထားပါ၊ ကျွန်မ ပြန်မယူပါရစေနဲ့ မမငြိမ်းရယ်"

မမငြိမ်းကတော့ မျက်ရည်တွေ လည်လို့လာ၏။

မမငြိမ်းကို နှုတ်ဆက်ပြီး နေရာမှ အမြန်ထွက်လာခဲ့သည်။ ဒီလိုမှ မလုပ်ရင် မမငြိမ်းက သူမပေးသော ငွေများကို အတင်းပြန်ပေးနေမှာ စိုးသောကြောင့်ပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

၅။

မမငြိမ်းနှင့် ပတ်သက်ကြုံတွေ့ခဲ့သော အတိတ်ပစ္စုပ္ပန် အကြောင်းများကို သူသူ့အား ပြန်ပြောဖြစ်သည်။ အဖြစ်အပျက် အားလုံးကို သူသူ့ရှေ့မှာပင် ရင်ဖွင့်ပြလိုက်မိသည်။

သူသူကတော့ သက်ပြင်းရှည်ချပြီး မှတ်ချက်ချ၏။

"နင်တစ်ယောက်တည်း စိတ်ကူးနဲ့ လုပ်ခဲ့တာတွေက အကာယ်ကို စိတ်လှုပ်ရှားဖို့ ကောင်းတယ် ပွင့်ဦးခင်၊ ဆရာလေးသာ ရောက်လာခဲ့ရင် နင့်ကို မဆက်သွယ်ခဲ့ရင်တော့ မင်္ဂလာပွဲကိစ္စက ဖြစ်မယ် မထင်ဘူး၊ လူကြီးတွေရော ပတ်သက်တဲ့ ပတ်ဝန်းကျင်က လူတွေအားလုံးရဲ့ စိတ်ထဲမှာ နင်ထည့်လိုက်တဲ့ မင်္ဂလာပွဲအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျိုးလန့်စာစားဖြစ်နေကြတာ၊ နင် အရမ်းစိတ်ကူးယဉ်ဆန်တာပဲ ပွင့်ဦးခင်ရယ်"

"အပြစ်ပြောလည်း ခံရမှာပဲ သူသူရယ်၊ ကိုကို့စိတ်ထဲမှာ မမငြိမ်းဆိုတဲ့ အရိပ်ကြီး လုံးဝကင်းသွားစေချင်တာ ငါ့အတွက်ပဲ၊ အဲဒီအတွက်ကြောင့် ငါ စိတ်ဆင်းရဲတဲ့အတွက် နောင်တရမှာ မဟုတ်ဘူး သူသူ၊ ဘာကြောင့်လဲဆိုတော့ ငါ ကိုကို့ကို အရမ်းချစ်မိလို့ပဲ"

"နောက်ထပ်မမှားအောင်တော့ နင်သင်ခန်းစာယူမှ ဖြစ်မယ် ပွင့်ဦးခင်၊ နင်ယူလာခဲ့တဲ့ လက်ထပ်စာချုပ်ကို မြင်ရင်တော့ နင့်မိဘတွေရော၊ ကိုမြတ်မိုးရော၊ သူ့မိဘတွေပါ အရမ်းအံ့ဩသွားကြမှာ၊ ငါ့ကို ပြောသလိုမျိုး နင် အမှန်အတိုင်း ပြောမှာလား"

သူသူကတော့ ချောင်းပိတ်ပြီး သူမကို မေးနေပြီ။

"ငါ အခုချက်ချင်းကြီးတော့ မပြောချင်သေးဘူးဟာ ဒါပေမဲ့ ဒီကိစ္စကြီးကိုလည်း ငါ ကြာရှည်သိမ်းမထားချင်ဘူး"

"အေးလေ ပြဿနာကတော့ ထပ်ဖြစ်လာစရာမှ မရှိတော့ဘဲ၊ နင် ငါ့ကို ဖွင့်ပြောပြတာကိုက နင့်လိပ်ပြာ နင်လုံမှာပါ၊ အားလုံး အေးအေးဆေးဆေး ဖြစ်သွားရင်တော့ ဒီအဖြစ်အပျက်တွေကို နင် ပြောပြသင့်တယ်"

"ငါ ပြောမှာပါ သူသူရာ"

ကွာရှင်းစာချုပ်နှစ်ခုကတော့ ဒီဘဝအတွက် သမိုင်းဝင်





အထောက်အထားတစ်ခု ဖြစ်နေမှာ သေချာ၏။

ကိုကိုရော လူကြီးတွေအားလုံးပါ ဒီစာချုပ်ကို မြင်လိုက်ရင် အထူးအဆန်းဖြစ်ပြီး သူမကို ချီးကျူးကြမှာ သေချာ၏။

"ဒါနဲ့ သူသူ၊ နင့်ဆီက ဖိတ်စာတွေကို ဒီနေ့ချင်းပဲ လိုက်ဝေလိုက်တော့ဟာ၊ ပထမဆုံး ငါ ကိုကို့ဆီကို ဝင်မယ်၊ ကွာရှင်းစာချုပ်ရလာပြီ ဆိုတာကို ပြမယ်၊ ဖိတ်စာတွေအားလုံးကို ဒီနေ့ချင်းပဲ ငါနဲ့ ကိုကို လိုက်ဝေလိုက်တော့မယ်ဟာ"

"နင်တို့ မင်္ဂလာဦးအလှူအဖြစ် ဆရာလေးနောက် လိုက်သွားပြီး တစ်ခုခု လုပ်ပေးသင့်တယ်၊ နင့်မိဘတွေရော ကိုမြတ်မိုး မိဘတွေပါ ဒီကွာရှင်းစာချုပ်ရဖို့ ဘယ်လောက်ကုန်ကုန် ဆိုပြီး ကြွေးကြော်နေခဲ့ကြတာ မဟုတ်လား"

သူသူ ပြောမှပင် သူမ ခေါင်းထဲမှာ အတွေးတစ်ခု ဝင်သွားဖြစ်၏။

ထိုအတွေးကိုလည်း ချက်ချင်းလင်ငင်းဆိုသလို သူသူ့အား ပြောပြလိုက်မိသည်။

"အခုချက်ချင်း ရက်ပိုင်းလပိုင်းနဲ့တော့ စစ်ကိုင်းကို ငါ လိုက်မသွားချင်ဘူး၊ ငါနဲ့ကိုကိုတို့ တစ်နှစ်ပြည့်မင်္ဂလာအထိမ်းအမှတ်အနေနဲ့ မိသားစုအားလုံး စစ်ကိုင်းကို လိုက်သွားကြမယ်၊ စစ်ကိုင်းသွားတဲ့ လမ်းခရီးမှာပဲ ငါလုပ်ခဲ့မိတာတွေရော၊ ဆရာလေးနဲ့ပတ်သက်တဲ့ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



တွေကိုပါ ငါဖွင့်ပြောပြမယ် သူသူ၊ အခု ငါတွေးတဲ့စိတ်ကူးက ကောင်းပါတယ်နော် သူသူ"

"ကောင်းပါတယ် ပွင့်ဦးခင်၊ နင် ကိုမြတ်မိုးဆီသွားရင် အမြန်သွားတော့၊ ကိုမြတ်မိုးတို့အိမ်မှာ နင့်အဖေတို့ အမေတို့ပါ ရောက်နေကြလိမ့်မယ် ထင်တယ်၊ မနက်စောစောစီးစီး နင်ပျောက်သွားလို့ အားလုံးစိတ်ပူနေကြတယ်၊ ငါ့ဆီ ဖုန်းဆက်တာတောင် သုံးခါရှိသွားပြီ ပွင့်ဦးခင်၊ ငါ မေ့နေလို့ ချက်ချင်း မပြောဖြစ်တာ"

သူသူပြောလိုက်မှပင် ကိုကို့ဆီ အရောက်သွားချင်စိတ်တို့ ကြီးစိုးသွားတော့သည်။

သူသူ့ကိုပင် နှုတ်ဆက်မနေတော့ဘဲ ကားပေါ် အပြေးတက်ဖြစ်သည်။

ကိုကို မျှော်နေသလို မေမေတို့အားလုံးသည်း သူမ ပြန်ရောက်လာမည့်အရေးကို စိတ်စောနေကြမှာ သေချာ၏။

မင်္ဂလာရှိသော သတင်းစကားကို သယ်ဆောင်လာရင်း ကိုကို့ရင်ခွင်ဆီမှာ ထာဝရ ခိုလှုံဖို့ အရောက်ပြန်ခဲ့မည်ပဲလေ။

မောင်ညိုအေး (ပန်းတော)
(၅-၅-၂၀၀၂)
၂၁:၃၀

www.burmeseclassic.com